http://www.dhammadownload.com

ရွှေပါရမီစာစဉ်(၁၅)



# အရှင်ဇောတိက

ရွှေပါရမီတောရ

## အချစ်ကိုခေပေမယ့်
## အနှစ်ကျန်စေရမယ်

၁၅နှစ်မြောက်အမှတ်တရ

ဒုတိယအကြိမ်

www.burmeseclassic.com

http://www.dhammadownload.com



ချစ်ရသူရဲ့စိမ်းကားရက်စက်မှု
မြတ်နိုးရသူရဲ့သစ္စာကင်းမဲ့မှုဟာ
စိတ်ထားတတ်သူအတွက်တော့
တန်ဖိုးမဖြတ်နိုင်တဲ့
ဘဝလွတ်မြောက်မှုဆုလာဘ်ကြီးပါပဲ။
အသုံးချတတ်သူတစ်ယောက်အတွက်
အချစ်ကံခေတာဟာအနှစ်ကျန်စေမှာပါပဲ။



GRAPHIC
NAY WINN AUNG

http://www.dhammadownload.com

ရွှေစကား
နေ့တိုင်းကြားသော
စိတ်ထားမွေ့လောက်
သိဉာဏ်ထက်စေ



http://www.dhammadownload.com

.................................................. သို့

.................................................. မှ

အမှတ်တရလှူဒါန်းပါ၏



http://www.dhammadownload.com

# အရှင်သဇ္ဈာဓိက

## အချစ်ကံခေပေမယ့်အနှစ်ကျန်စေရမယ်



ရွှေပါရမီစာစဉ်(၁၅)

www.burmeseclassic.com

http://www.dhammadownload.com

# ရွှေပါရမီ ၂၀၀၂ အမှတ်(၃)

စာမူခွင့်ပြုချက်

၃၈၄/၂၀၀၃ ( ၆ )

မျက်နှာဖုံးခွင့်ပြုချက်

၃၄၃/၂၀၀၃ ( ၆ )

၂၀၀၃ ခုနှစ် ● ဇွန်လ ● ဒုတိယအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ

နေဝင်းအောင်

အတွင်းသရုပ်ဖော်ပန်းချီ

မောင်မောင်သိုက်၊ဝင်းသိန်း၊ဝင်းကြည်၊နေဝင်းအောင်

မျက်နှာဖုံးပုံနှိပ်သူ

ဦးမိုးယုဝင်း(၀၅၆၇၃)၊ပရင့်ဂရပ်ဖစ်ပုံနှိပ်တိုက်

အမှတ်၂၂၈/၂၃၀၊အလုံလမ်း၊အလုံမြို့နယ်။

အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ(၀၃၁၀၅)၊မိသားစုပုံနှိပ်တိုက်

အမှတ်၉၀-အေ၊အောက်ကြည့်မြင်တိုင်လမ်း၊အလုံမြို့နယ်။

ထုတ်ဝေသူ

ဦးကျော်ဟင်း(၀၉၁၀)၊ယုံကြည်ချက်စာပေ

အမှတ်(၁၁၁)၊၃၃လမ်း၊ကျောက်တံတားမြို့နယ်။

ဖြန့်ချိရေး

**ရွှေပါရမီစမ္မပြန့်ပွားရေးအဖွဲ့**

အမှတ်(၁၉အေ/၂)၊ဗိုလ်ရာညွန့်လမ်း၊ဒဂုံမြို့နယ်။

(☎ ၂၄၉၅၇၃၊ ၂၈၁၆၆၃၊ (၀၉၉၉)၂၁၁၉၈)

---

တန်ဖိုး ၆၀၀ ကျပ်

http://www.dhammadownload.com

# အရှင်ဆန္ဒာဓိက ( ရွှေပါရမီတောရ )

- ၁၉၆၈ခုနှစ်၊ဇန်နဝါရီလ(၉)ရက်၊အင်္ဂါနေ့တွင်ရေနံချောင်းမြို့၊သူဌေးကုန်းရပ်ကွက်၌ ခမည်းတော်ဦးစိန်ဝင်း၊မယ်တော်ဒေါ် သိန်းသိန်းတို့မှဖွားမြင်သည်။
- ၁၉၈၄ခုနှစ်တွင်ဆယ်တန်းစာမေးပွဲကိုရေနံချောင်းမြို့၊အထက(၁)မှခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့်မြန်မာတစ်နိုင်ငံလုံးဒုတိယရလျက်အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ခုနှစ်ဆယ်တန်းအောင်မြင်ပြီးနောက်သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့ပြီးအမရပူရမြို့မဟာဂန္ဓာရုံကျောင်းတိုက်တွင်ပရိယတ္တိစာပေများလေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ခုနှစ်တွင်အသက်(၃၀)ပြည့်ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေတစ်စိတ်တည်းထားစာအုပ်ကိုစတင်ထုတ်ဝေခဲ့သည်။
- ယခုအခါသထုံမြို့ကေလာသတောင်၊ရွှေပါရမီတောရကျောင်း၌တစ်ပါးတည်း ဧကစာရီတောရဆောက်တည်လျက်ပရိယတ်၊ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်
ရွှေပါရမီစာစဉ်အားလုံးကို
ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ
တရားအလှူ၊ ပညာပါရမီအလှူ
တိုက်ရိုက်သာသနာပြုအလှူအဖြစ်
လှူဒါန်းထားသော
ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး
ထာဝရအလှူတော်ငွေဖြင့်
ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

http://www.dhammadownload.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ■ သဘောထားအမြင် (တွဲဖက်ရွှေကျင်သာသနာပိုင်) | ၉ |
| ၂။ | ■ ဖတ်ပြီးမှတ်ပါ (နန္ဒာသိန်းဇံ) | ၁၃ |
| ၃။ | ■ အမှာစာမဟုတ်သောကျေးဇူးတင်လွှာ (မာဂျေ) | ၁၇ |
| ၄။ | ■ အရှင်ဆန္ဒာဓိကနှင့်တွေ့ဆုံခြင်း (ကိုသက်) | ၁၉ |
| ၅။ | ■ အိပ်စောင့်နတ်နှင့်ပဋ္ဌာန်းရွတ်ခြင်း | ၃၂ |
| ၆။ | ■ ဝင်လေထွက်လေလား၊ ထွက်လေဝင်လေလား | ၄၀ |
| ၇။ | ■ ရည်စူးကုသိုလ် | ၄၆ |
| ၈။ | ■ သွေးအလှူနှင့်ကောင်းမှုစွမ်းရည် | ၅၆ |
| ၉။ | ■ တမလွန်ဘဝနှင့်ကျန်ရစ်သူ | ၆၆ |
| ၁၀။ | ■ အချစ်ကံခေပေမယ့်အနှစ်ကျန်စေရမယ် | ၇၄ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၁၁။ | ■ မြတ်ဗုဒ္ဓ၏ဘွဲ့အမည်မှန် | ၈၄ |
| ၁၂။ | ■ အားရှိသူအားထုတ်မှအားထွက်မည် | ၉၂ |
| ၁၃။ | ■ မာရ်နတ်နှင့်မာရ်စိတ် | ၁၀၀ |
| ၁၄။ | ■ ဝါပန်ခွင့် | ၁၁၀ |
| ၁၅။ | ■ ဝါတွင်းဒုလဘနှင့် အနုပညာရှင် | ၁၂၀ |
| ၁၆။ | ■ သက်သတ်လွတ်နှင့်ကုသိုလ်စိတ် | ၁၃၀ |
| ၁၇။ | ■ ဝက်ပျိုသားနှင့်ဝမ်းတော်လားခြင်း | ၁၄၆ |
| ၁၈။ | ■ အားထုတ်ဖြစ်ဖို့အဓိက | ၁၅၆ |
| ၁၉။ | ■ အရှင်ဆန္နာဓိကနှင့်တွေ့ဆုံခြင်း (ဒုတိယပိုင်း) | ၁၇၁ |

http://www.dhammadownload.com

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



http://www.dhammadownload.com

ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

**အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု**
**တွဲဖက်ရွှေကျင်သာသနာပိုင်**
**ရွှေဟသ်ာသိရီမန္တစ်ကျောင်းဆရာတော်ဘုရားကြီး၏**

# သဘောထားအမြင်

ရွှေပါရမီတောရ အရှင်ဆန္ဒာဓိက ထံမှ 'ဤစာမူများကို ကြည့်ရှု၍ ထင်မြင်ချက် ရေးသားပေးပါရန်' ဟု တောင်းဆိုလာသဖြင့် ပေးပို့လာသော စာမူများကို အဖန်ဖန် ကြည့်ရှုကာ မိမိမြင်သမျှ ရေးသားလိုက်ပါသည်။

စာမူများမှာ အမေးအဖြေများ ဖြစ်နေသည်ကို တွေ့ရပါသည်။ အမေးအဖြေပေါင်း (၁၃) ခု ရှိပါသည်။ အရှင်ဆန္ဒာဓိကနှင့် တွေ့ဆုံခြင်း ကဏ္ဍမှာ မေးခွန်းများကပင် နေရာများများ ယူထားသဖြင့် အမေးအဖြေသို့ပင် ထည့်သွင်းလိုက်ပါသည်။

အရှင်ဆန္ဒာဓိကက ထိုထိုမေးခွန်းကို ဖြေဆိုရာ၌ မေးခွန်း၏ ပဓာနအဖြေနှင့် နှီးနွှယ်ဆက်စပ်သည့် အကြောင်းအရာ၊ အချက်အလက်များကို အဖက်ဖက်မှ အပြည့်အစုံ ပါဝင်စေ၍ အာဂမ၊ သဘာဝ ယုတ္တိအဖုံဖုံ ကျမ်းဂန်အစုံတို့နှင့် ညှိ၍ အခိုင်အမာ ရေးသားဖြေဆို

http://www.dhammadownload.com

ထားသည်ကို တွေ့ရပါသည်။

နမူနာပြရပါလျှင် ယနေ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုး လူကြီး လူငယ် အရွယ်မရွေး ကလေးသူငယ်များပါမကျန် 'ဇိနံ - ငါးမာန် အောင်မြင် ဘုရားရှင်ကို' စသည်ဖြင့် ရွတ်ဆိုနေကြသော်လည်း မာန် ငါးပါးကို ရေတွက်ပြစမ်းပါဆိုလျှင် ရေတွက်ပြနိုင်သူ အတော်ရှားမည် ထင်ပါသည်။ သည့်ထက် တစ်ဆင့်တိုးပြီး မာန်တစ်ပါးစီ၏ အဓိပ္ပာယ် ကို မေးလိုက်လျှင်တော့ အမှန်အကန် ဖြေနိုင်သူ မရှိသလောက် ဖြစ် မည်ထင်ပါသည်။

ဤနေရာမှာ အရှင်ဆန္ဒာဓိကက မေးခွန်း၏ ပဓာနအဖြေ ဖြစ်သော မာရ်ငါးပါးကို ရေတွက်ပြပြီးနောက် ဆက်စပ်နှီးနွှယ်နေ သည့် အဓိပ္ပာယ်များကို 'ဘာ့ကြောင့် ဒါကို မာရ် ဟုခေါ်ရသည်၊ သူ က ဘယ်လို နှိပ်စက်တတ်သည်၊ ဘယ်သူတွေကို နှိပ်စက်တတ်သည်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုသော်မှ အလွတ်မပေး ပရိနိဗ္ဗာန်ဝင်စံ ခါနီးအထိ နှိပ်စက်တတ်သည်' စသည်ဖြင့် မာရ်ငါးပါးနှင့် စပ်၍ သိစရာမှန်သမျှ တစ်စွန်းတစ်စမျှ မကျန်ရအောင် ထုတ်ဖော်ဖြေဆို ထားသည်ကို တွေ့ရပါသည်။

ရည်စူးကုသိုလ် မေးခွန်းမှာ လူတိုင်းနှင့် မကင်းနိုင်၊ ကင်း၍ မရ၊ နေ့စဉ်နေ့တိုင်း ပြုလုပ်နေရသော ကုသိုလ်မျိုး ဖြစ်သဖြင့် ထို ကုသိုလ်ကို စနစ်တကျ မှန်မှန်ကန်ကန် လုပ်တတ်ဖို့ လိုပါသည်။ တချို့ ပုံမကျပန်းမကျ ဖြစ်ကတတ်ဆန်း လုပ်သည်၊ တချို့ အကုသိုလ် အလုပ်တွေကို ကုသိုလ်ထင်၍လုပ်သည်၊ ထိုအလုပ်တွေသည် တစ်စုံ တစ်ရာအကျိုးမရ၊ ငွေကုန်လူပန်းမျှ ဖြစ်ရုံမက အပါယ်သို့ ကျရောက်

တတ်ပုံကို နိပါတ်တော်လာ သက်သေအထောက်အထား စုံလင်စွာဖြင့် အကျယ်တဝင့် ဖြေဆိုထားသည်မှာ လွန်စွာ မှတ်ဖွယ်ကောင်းလှ သဖြင့် ဖတ်ပါ၊ မှတ်ပါ၊ လိုက်နာကျင့်သုံးပါဟု တိုက်တွန်းလိုပါသည်။

သက်သတ်လွတ်နှင့် ကုသိုလ်စိတ် ပြဿနာမှာလည်း ယနေ့ ခေတ်စား လူအတော်များများ စိတ်ဝင်စား ကျင့်သုံးနေသော ပြဿနာ ဖြစ်နေပါသည်။ ငြင်း၍မဆုံးနိုင်သော ပြဿနာလည်း ဖြစ်နေပါသည်။ ဒါကို အရှင်ဆန္ဒာဓိကက ဘုရားရှင်၏ အဆုံးအဖြတ်ကို စုံလင်စွာ ဖော်ပြရှင်းလင်း၍ အငြင်းကို ရပ်စေထားပါသည်။

သို့သော် သက်သတ်လွတ်ကို ခုတုံးလုပ်၍ ဘာသာရေးစည်း ရုံးသိမ်းသွင်းမှုများကိုပင် တက်ကြွစွာ လှုပ်ရှားပြုလုပ်နေသည်ကို တွေ့ ရသဖြင့် ဒီအဖြေများကို သေချာစွာ ဖတ်မှတ်လိုက်နာ ကျင့်သုံး၍ ထိုစည်းရုံးမှုလွတ်ကင်းအောင် ရှောင်ကွင်းရန် ဖြစ်ပါသည်။

ကျန်မေးခွန်းတို့၏ အဖြေများမှာလည်း ဤနည်းတူပင် ဖြစ် သဖြင့် ၎င်းတို့ကို အကျယ်မရေးတော့ဘဲ ဖတ်ဖြစ်အောင် ဖတ်ပြီး လိုက်နာကျင့်သုံးပါဟု တိုက်တွန်းပါသည်။

အရှင်ဆန္ဒာဓိကနှင့် တွေ့ဆုံခြင်း ကဏ္ဍနှင့်တကွ စာအုပ်ပါ အမေးအဖြေအားလုံးကို စုရုံး၍ အတိုချုံး ပြောလိုသည်မှာ ယခု အရှင် ဆန္ဒာဓိက၏ စာအုပ်မျိုးမှာ တွေ့ရ၊ မြင်ရ၊ ဖတ်ရခဲသော စာအုပ်မျိုး ဖြစ်သဖြင့် ယခုလက်ရှိဘဝ၏ အေးချမ်းသာယာမှု၊ ဘဝ၏ကုန်ဆုံးရာ နိဗ္ဗာန်ရသည့် ဘဝအထိ သံသရာတစ်လျှောက်လုံး အေးချမ်းသာယာ မှုကို လိုလားသူတိုင်း ဤစာအုပ် လက်ဝယ်ပိုင်ဆိုင် ရရှိထားစေကာ အမြဲမပြတ် ဖတ်ရှုလေ့လာ ကျင့်သုံးပါဟု တိုက်တွန်းလိုက်ပါသည်။

ယနေ့ ခေတ်ပေါ် အင်တာဗျူးဂျာနယ် စသည်များမှာ ကမ္ဘာ့ အကြောင်းအရာ၊ ခေတ်အကြောင်းအရာ အစုံအလင်၊ စာရေးဆရာ အကြီးအငယ် ပညာသည်အစုံအလင်တို့ စုဝေးပေါင်းဆုံရာဖြစ်သဖြင့် လူကြီးလူငယ် လူရွယ်လူလတ်အစုံ၊ လူတန်းစားအစုံအလင်တို့ ဝိုင်းအုံ ကြည့်ရှုရာ ဖြစ်နေပေသည်။

ထိုဂျာနယ်များက အရှင်ဆန္ဒာဓိက၏ ဓမ္မစာပေများနှင့် တကွ အခြားပညာရှင်များ၏ ဓမ္မစာပေများကိုပါ တလေးတစား အရေးထားကာ နေရာအများကြီး ပေးထား၊ ရေးသားဖော်ပြခွင့် ပေးထား၍ ထိုဂျာနယ်စာစောင်များအား အများကြီး သာဓုခေါ်ကာ ကောင်းချီးမင်္ဂလာ ပြုလိုက်ပါသည်။

ယနေ့ ခေတ်လူငယ်များမှာ အများအားဖြင့် အမျိုးဘာသာ သာသနာနှင့် ဆန့်ကျင်သော ယဉ်ကျေးမှု၊ ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်သော အယူအဆ၊ ဝါဒများ လွှမ်းမိုးမှုကို ခံနေရကြရသဖြင့် ဓမ္မစာပေများနှင့် တွေ့ထိမှုကို များစွာ လိုအပ်နေချိန်တွင် အရှင်ဆန္ဒာ ဓိက စသူတို့က ထိုဂျာနယ်စာစောင်များ၌ ပါဝင်ရေးသားလာမှုတို့ အတွက်လည်း အရှင်ဆန္ဒာဓိက စသူတို့အား အားရဝမ်းသာ များစွာ ချီးကျူးရပါကြောင်း၊ အရှင်ဆန္ဒာဓိက အနေနှင့်လည်း ရှေ့ဆက်၍ ဂျာနယ်များတွင် ဤသို့သော ဘာသာရေး အမေးအဖြေ ဆောင်းပါး များ အဆက်မပြတ် ရေးသားစေလိုကြောင်း ရေးသားဖော်ပြလိုက်ရ ပါသည်။

■

**အရှင်ရာဇိန္ဒာဘိဝံသ**

ဇူလိုင်၊ ၁၉၊ ၂၀၀၂။

# ဖတ်ပြီးမှတ်ပါ

တစ်နေ့ အင်တာဗျူးဂျာနယ် တာဝန်ခံအယ်ဒီတာက ကျွန်တော့်ကို 'အရှင်ဆန္ဒာဓိကက ဒီစာမူအတွက် အမှာ ရေးပေးပါလို့ ဆရာ့ကို အမိန့်ရှိလိုက်ပါတယ်' လို့ပြောပြီး စာမူဖိုင်တစ်ခုကို ပေးပါတယ်။ အမှာစာကို အမြန်ဆုံးလိုချင်ပါတယ်လို့လည်း သူက ထပ်တလဲလဲ ပြောပါတယ်။ စာမူကို ဖတ်ဖို့အချိန်တောင် သူက ပေးချင်ပုံမပေါ်ပါဘူး။

အရှင်ဆန္ဒာဓိကကို မတွေ့ဆုံ၊ မဖူးမျှော်ရတာကြာလှပြီ၊ ဖူးတွေ့ချင်နေတုန်း နောက်ထုတ်မည့် စာအုပ်အတွက် အမှာရေးခိုင်းလိုက်တယ်ဆိုတော့ အရှင်ဆန္ဒာဓိကကို ဖူးတွေ့လိုက်ရသလိုပဲ ဝမ်းသာမိပါတယ်။

အရှင်ဆန္ဒာဓိကကို ဖူးတွေ့ချင်သူတွေ အများကြီး၊ အရှင်ဆန္ဒာဓိကနဲ့ ဆွေးနွေးချင်သူတွေလည်း အများကြီး၊ အရှင်ဆန္ဒာဓိကရဲ့

တရားကို နာချင်ကြသူတွေလည်း အများကြီး၊ အရှင်ဆန္ဒာဓိကရဲ့ စာအုပ်များကို ဖတ်ရှုနေကြသူတွေလည်း အများကြီး၊ ဒီ အကြောင်းတွေကို တွေးရင်း စိမ်းလဲ့လဲ့ကန်ရေပြင်ကို ဖြန့်မိုးပြီး ပွင့်နေတဲ့ ဖြူလွလွ ကြာပွင့် တစ်ပွင့်ကို မြင်ယောင်နေပါတယ်။

'ကြာသည် ရေကို တန်ဆာဆင်ခြင်းငှာ ဖြစ်၏' တဲ့၊ အလွန် နှစ်လိုဖွယ် ကောင်းတဲ့စကား။ ရေပြင်ကို ကြာက လှပသွားစေတယ်၊ သင်းပျံ့ပျံ့ရနံ့နဲ့ ရေပေါ် ဖြန့်မိုးရင်း ပွင့်နေတဲ့ ကြာက ရေကန်ကို တင့်တယ်အောင် ဖန်တီးတယ်၊ ကြာရဲ့ အရောင်အသွေးကြောင့်လည်း ကန်က ချမ်းမြေ့ကြည်နူးဖွယ်ဖြစ်စေတယ်။

လူ့လောက လူ့အသိုင်းအဝိုင်းမှာ ဉာဏ်ပညာရှိတဲ့၊ အကျင့်သီလကောင်းရှိတဲ့ သူဟာ သူ့ပတ်ဝန်းကျင်က လူတွေကို ငြိမ်းအေး ချမ်းမြေ့စေနိုင်တယ်။ အကျည်းတန် အရုပ်ဆိုးတဲ့ လူမှုအနိဋ္ဌာရုံတွေကို ဖယ်ရှားပြီး၊ ဣဋ္ဌာရုံတွေနဲ့ လှပတင့်တယ်စေနိုင်တယ်၊ မိမိဝန်းကျင် ကို ချမ်းမြေ့အောင်၊ တင့်တယ်အောင် ဖန်တီးတတ်တဲ့ အဲဒီပညာရှိသူ တော်ကောင်းကို 'ကြာ' နဲ့ ခိုင်းနှိုင်းတတ်ကြတယ်။

ကြားဖူးတယ်၊ 'ဘေးရန်ဟူသမျှဟာ ပညာမရှိတဲ့ မိုက်တဲ့သူကြောင့် ဖြစ်လာတာတဲ့၊ ပညာရှိကြောင့် မဖြစ်ဘူး၊ ဖြစ်ပေါ်လာတဲ့ မငြိမ်းအေးခြင်း မှန်သမျှဟာ လူမိုက်ကြောင့် ဖြစ်ရတယ်၊ ပညာရှိ ကြောင့် မဖြစ်ဘူး။'

'ဥပမာပြောရရင် . . . . တဲ့၊ ကျူရိုးတွေနဲ့ မိုးထားတဲ့အိမ်၊ မြက်သစ်ရွက်တွေနဲ့မိုးထားတဲ့အိမ်တွေက လောင်တဲ့မီးဟာ အင်မတန် ကောင်းကောင်းမွန်မွန် ဆောက်ထားတဲ့ အိမ်ကြီးအိမ်ကောင်းတွေကို

ကူးစက်လောင်ကျွမ်းသလိုပဲ၊ ဘေးရန်ဟူသမျှဟာ လူမိုက်ကြောင့်ဖြစ်တယ်၊ ပညာရှိကြောင့် မဖြစ်ဘူး . . . . တဲ့။ မငြိမ်းအေး မငြိမ်းသက်မှုတွေ၊ ပူဆွေးရ၊ စိတ်ဆင်းရဲရတာတွေဟာလည်း လူမိုက်ကြောင့်ဖြစ်ရတယ်၊ ပညာရှိကြောင့် မဖြစ်ဘူး . . . . တဲ့။ (ဗဟုဓာတုကသုတ်၊ ဥပရိပဏ္ဏာသ။)

'ကြာ' ဟာ ရေကန်မှာရှိနေတဲ့အတွက် ကန်မှာ ဘာမှထိခိုက်မှုမရှိဘူး၊ ဝန်းကျင်ဟာ 'ကြာ' ကြောင့် ဘာမှ မနှစ်လိုဖွယ်ရာတွေ၊ မနှစ်သက်ဖွယ်ရာတွေ မဖြစ်ဘူး။ ပညာရှိတဲ့၊ အကျင့်သီလရှိတဲ့သူဟာလည်း သူ့ဝန်းကျင်ကို မနှစ်သက်ဖွယ်ရာတွေနဲ့ ထိခိုက်စေမှု ဘာမှမရှိဘူး။

အရှင်ဆန္ဒာဓိက ရှိနေမှု၊ အရှင်ဆန္ဒာဓိကရဲ့ အကျင့်စရဏ၊ အရှင်ဆန္ဒာဓိကရဲ့ အဟောအပြောတွေက ဝန်းကျင်ကို တင့်တယ်စေပါလိမ့်မယ်။ ငြိမ်းအေးပြေလွင်ချမ်းမြေ့စေပါလိမ့်မယ်။ အရှင်ဆန္ဒာဓိကရဲ့ စာပေတွေဟာလည်း မသိမိုက်မဲခြင်းတွေကို ဖယ်ပြီး အသိပညာလင်းရောင်ကို ဖြစ်စေပါလိမ့်မယ်။

အခုစာအုပ်ဟာ လူတွေမှာဖြစ်တတ်တဲ့ အယူလွဲ၊ အထင်အမြင်လွဲ၊ မဟုတ်တာတွေကို စွဲနေခြင်းတွေကို ဖယ်ရှားပြီး၊ ပေါ့ပါးလွတ်လပ်ရဲရင့်တဲ့ စိတ်ထားတွေဖြစ်အောင် ဖန်တီးနိုင်တဲ့ အယူအဆ အမြင်အတွေးတွေကို ဖော်ပြထားတာဖြစ်တဲ့အတွက် ဖတ်ဖြစ်အောင် ဖတ်ပြီး၊ မှတ်ဖြစ်အောင် မှတ်ပါလို့ မှာချင်ပါတယ်။

■

**နန္ဒာသိန်းဇံ**

http://www.dhammadownload.com

# အမှာစာမဟုတ်သောကျေးဇူးတင်လွှာ

ဆရာတော် အရှင်ဆန္ဒာဓိကနှင့် စတင် သိကျွမ်းရသည်မှာ အင်တာဗျူးဂျာနယ်မှ အတိုင်ပင်ခံအယ်ဒီတာ ကိုသက်၏ ကျေးဇူးကြောင့်ဖြစ်ပါသည်။ တစ်နေ့တွင် ကိုသက်မှ ဆရာတော်နှင့် တွေ့ဆုံမေးမြန်းထားသော စာမူလာပို့ရင်း ဂျာနယ်တွင် ဓမ္မရေးရာ အမေးအဖြေကဏ္ဍတစ်ရပ်ထည့်သွင်းရန် ကျွန်တော်နှင့်တိုင်ပင်ခဲ့ကြပါသည်။

ဂျာနယ်တွင် ဓမ္မရေးရာ အမေးအဖြေများ ထည့်သွင်းခြင်းဖြင့် ဘာသာရေးကို သီးသန့်လေ့လာရန် အချိန်မပေးနိုင်သော လူတန်းစားပေါင်းစုံအတွက် ဂျာနယ်ဖတ်ရင်း မြတ်ဗုဒ္ဓ၏ ဒေသနာတော်များနှင့် အကျွမ်းတဝင်ဖြစ်ရာမှ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးလိုစိတ်၊ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ၊ ထိုမှတစ်ဆင့် ရှင်တော်မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ နေထိုင်ကျင့်ကြံလိုစိတ်များ ရရှိလာမည်ဟု ယုံကြည်ခဲ့ကြပါသည်။ ထို့ကြောင့် ဆရာတော်ကို လျှောက်ထား

ရာ ဆရာတော်မှ လက်ခံခဲ့သဖြင့် အင်တာဗျူးဂျာနယ်သို့ အနယ်နယ် အရပ်ရပ်မှ မေးမြန်းလာသော ဓမ္မရေးရာပြဿနာများကို ဆရာတော်မှ ဖြေကြားပေးခဲ့သည်မှာ ယခုဆိုလျှင် စာအုပ်တစ်အုပ်ပင် ထုတ်ဝေနိုင်သည်အထိ ခရီးရောက်ခဲ့ပါသည်။ ထောက်ခံသူများ၊ ကန့်ကွက်သူများဖြင့် လှုပ်လှုပ်ရှရှဖြစ်သွားသော အမေးအဖြေများလည်းရှိပါသည်။

မည်သို့ပင်ဆိုစေ အင်တာဗျူးဂျာနယ်မှ ဆရာတော်၏ စာမူများကို စောင့်ဆိုင်းဖတ်ရှုသော ပရိသတ်ကား အခိုင်အမာပင် ရှိနေပြီဖြစ်သည့်အတွက် ကျွန်တော်တို့အနေဖြင့် စီစဉ်တင်ဆက်ရကျိုး နပ်သည်ဟု ပီတိဖြစ်ခဲ့ရပါသည်။

ဤကဲ့သို့ ဖြစ်မြောက်ခဲ့ရာတွင် ကူညီပံ့ပိုးပေးသူများ၏ ကျေးဇူးကိုလည်း မေ့ထား၍မရပါ။ သထုံ၊ ရွှေပါရမီတောရတွင် တစ်ပါးတည်း ဧကစာရီ တောရဆောက်တည်နေသော ဆရာတော်ထံ မေးခွန်းများ ပေးပို့ပေးရန်နှင့် အဖြေများပြန်လည်ရယူရန် ကူညီပေးသော ဗိုလ်မှူးမျိုးဦးနှင့် ထုတ်ဝေသူ ဦးစံရွှေတို့အား အထူးကျေးဇူးတင်ရှိကြောင်း ဤနေရာမှ ရေးသားအပ်ပါသည်။

အမှန်စင်စစ် ဤစာသည် အမှာစာမဟုတ်ဘဲ အင်တာဗျူးဂျာနယ်တွင် စာမူများ ရေးသားချီးမြှင့်ပေးသော ဆရာတော်အရှင်ဆန္ဒာဓိကအား ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း လျှောက်ထားသည့် စာလွှာသာ ဖြစ်ပါကြောင်း . . . . ။

**မာဂျေ**

အယ်ဒီတာချုပ်

အင်တာဗျူးဂျာနယ်

http://www.dhammadownload.com



အကျိုးကောင်းကောင်း
လိုချင်တဲ့စိတ်နဲ့
ကြိုးစားခဲ့တာမဟုတ်ပါဘူး။
အကြောင်းကောင်းကောင်း
လုပ်ချင်တဲ့စိတ်နဲ့
ကြိုးစားခဲ့တာပါ။

# အရှင်ဆန္ဒာဓိကနှင့် တွေ့ဆုံခြင်း

ယနေ့ခေတ် ရေးသားထုတ်ဝေလျက်ရှိသော စာပေများတွင် ဘာသာရေးဆိုင်ရာ ဓမ္မစာပေများကို စာဖတ်သူများ ပိုမိုစိတ်ဝင်တစား လေ့လာဖတ်ရှုလာသည်ကို တွေ့ရှိရသည်။ ဓမ္မစာပေများကို ယင်းသို့ လူအများ စိတ်ဝင်တစား လေ့လာဖတ်ရှုလာကြခြင်းမှာ မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်များကို ပြန်လည်ရေးသားသူ ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်များက တရားတော်လာ ပါဠိစာပေများကို အများနားလည်အောင် မြန်မာစကားပြေဖြင့် ရေးသားလာကြခြင်းသည်လည်း အကြောင်းတစ်ရပ်အဖြစ်ပါဝင်သည်။

ဘုရားရှင်၏ အဆုံးအမများကို ဘာသာရေးဆိုင်ရာ ဓမ္မစာပေ လေ့လာသူများ နားလည်လွယ်အောင် ရှင်းလင်းဟောပြော ရေးသားလျက်ရှိသည့် ဆရာတော်များအနက် ရွှေပါရမီတောရဆရာတော်

http://www.dhammadownload.com

အရှင်ဆန္ဒာဓိကသည် ထင်ရှားသော ဆရာတော်တစ်ပါးဖြစ်သည်။

ဆရာတော်ကို ၁၉၆၈ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့၊ သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်ခဲ့သည်။ ဆရာတော်၏ လူအမည်မှာ မောင်ဇော်သိန်းဖြစ်ပြီး ၁၉၈၄ ခုနှစ်၊ ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့၊ အထက(၁)မှ ခြောက်ဘာသာ ဂုဏ်ထူး၊ မြန်မာတစ်နိုင်ငံလုံး ဒုတိယဖြင့် အောင်မြင်ခဲ့သည်။ ကျောင်းသားဘဝ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းများတွင် သုံးနှစ်ဆက်တိုက် သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

ဆယ်တန်းအောင်မြင်ပြီးနောက် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၌ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဆန္ဒာဓိကဖြစ်သည်။ ထိုကျောင်းတိုက်၌ ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့ ရရှိခဲ့သည်။

ယခုအခါ သထုံမြို့၊ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ဧကစာရီ တောရဆောက်တည်၍ ပရိယတ်၊ ပဋိပတ်အလုပ် ကြိုးစားအားထုတ်လျက်ရှိသည်။ ယင်းသို့ စိတ်ဝင်စားဖွယ်ကောင်းသော ထူးခြားသော ပါရမီရှင် ဆရာတော် အရှင်ဆန္ဒာဓိက၏ ဘဝဖြစ်စဉ်များကို ဆရာတော်ထံ မေးမြန်း လျှောက်ထားခဲ့ပါသည်။

**'အရှင်ဘုရား သာသနာ့ဘောင် ဝင်ရောက်ရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ မဝင်ရောက်မီ၊ ဝင်ရောက်ပြီး စိတ်အခြေအနေတွေကို**

http://www.dhammadownload.com

**အမိန့်ရှိပါဘုရား'**

'ဒီမေးခွန်းတွေကို မြတ်မင်္ဂလာစာစောင်က မေးလို့ ဦးဇင်း ဖြေခဲ့ဖူးပါတယ်။ ဦးဇင်းရဲ့ "ကိုယ့်စိတ်ကိုယ်စစ်" စာအုပ်နဲ့ "မသေခင် ဘာလုပ်ကြမလဲ" စာအုပ်တွေမှာလည်း ပြန်ထည့်ပေးထားပါတယ်။ အဲဒီ စာအုပ်တွေမှာပဲ ပြန်ရှာဖတ်ကြည့်ပါတော့နော်'

**'သာသနာ့ဘောင်ကို အပြီးဝင်ရောက်ဖို့ ဆုံးဖြတ်ထားပါရက်နဲ့ ဆယ်တန်းမှာ ခြောက်ဘာသာဂုဏ်ထူးရအောင် ဖြေဆိုဖြစ်ခဲ့ပုံလေး ကျောင်းသားလူငယ်တွေ အတုယူနိုင်အောင် မိန့်ကြားစေချင်ပါတယ်ဘုရား'**

'ဘယ်အလုပ်ကိုပဲ လုပ်လုပ်၊ ကိုယ်လက်ရှိလုပ်နေတဲ့ အလုပ်ကို အကောင်းဆုံးအရည်အသွေး ဖြစ်အောင် လုပ်ချင်တာ ဦးဇင်းရဲ့ ပင်ကိုစိတ်ခါတ်ပါ။ ဒီစိတ်ခါတ်ကို ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့ရမှာ မဟုတ်ပါဘူး။

ကိုးတန်း နှစ်စပိုင်းကတည်းက ရာသက်ပန် သင်္ကန်းဝတ်ဖို့ အခိုင်အမာ ဆုံးဖြတ်ထားပြီးသားပါ။ မိဘစိတ်ချမ်းသာအောင်၊ မိဘဆန္ဒဖြည့်တဲ့အနေနဲ့ ဆယ်တန်းဖြေပေးခဲ့တာပါ။ ကိုယ့်အတွက် ဆယ်တန်းဖြေတာ မဟုတ်ပါဘူး။ မိဘအတွက် ဆယ်တန်းဖြေတာပါ။ ဆယ်တန်းအောင်ပြီးမှ သင်္ကန်းဝတ်ခွင့်ပြုမယ်လို့ ဆိုထားတာကိုး။

သင်္ကန်းအပြီးဝတ်ဖို့ ဆုံးဖြတ်ထားပြီးသားဆိုတော့ ဆရာဝန်ဖြစ်အောင်၊ အင်ဂျင်နီယာဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက် လုံးဝ မရှိပါဘူး။ ကိုယ်ဖြေတဲ့စာမေးပွဲကို အကောင်းဆုံးဖြစ်အောင် ဖြေမယ်ဆိုတဲ့ ရည်ရွယ်ချက် သန့်သန့်လေးပဲ ရှိပါတယ်။ မိဘကို လူဝတ်ကြောင်ဘဝနဲ့

http://www.dhammadownload.com

နောက်ဆုံးကျေးဇူးဆပ်တာ အကောင်းဆုံးအောင်မြင်မှုနဲ့ ကျေးဇူးဆပ်မယ်ဆိုတဲ့ စိတ်ထားပဲ ရှိပါတယ်။

ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးထွက်ပြီး အမှတ်တွေ အများကြီးရလို့လည်း ကိုယ့်ဘ၀အတွက် ဘာမှ အသုံးမ၀င်တော့ဘူး ဆိုတာ ကြိုသိထားပြီးသားပါပဲ။ ဒါပေမယ့် အသုံး၀င်တာ၊ အသုံးမ၀င်တာက ကိုယ်နဲ့ မဆိုင်ဘူး၊ ကိုယ် မလွဲမသွေလုပ်ရမယ့် အလုပ်တစ်ခုကို အကောင်းဆုံးဖြစ်အောင် လုပ်ဖို့သာ ကိုယ်နဲ့ဆိုင်တယ်လို့ ခံယူထားတော့ စာမေးပွဲမှာ ထိပ်ဆုံးကနေ ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားချင်တဲ့စိတ်က တစ်ပြားသားမှ လျှော့မသွားခဲ့ပါဘူး။

အကျိုးကောင်းကောင်းလိုချင်တဲ့စိတ်နဲ့ ကြိုးစားခဲ့တာမဟုတ်ပါဘူး။ အကြောင်းကောင်းကောင်း လုပ်ချင်တဲ့စိတ်နဲ့ ကြိုးစားခဲ့တာပါ။

အောင်စာရင်းထွက်ပြီးလို့ သင်္ကန်း၀တ်တော့မယ်လုပ်တော့ ရင်းနှီးသူတွေက ပြောကြတယ်။ 'သင်္ကန်း၀တ်မယ့်အတူတူ ဘာဖြစ်လို့ ခြောက်ဘာသာဂုဏ်ထူးထွက်အောင် ဖြေနေသေးလဲ၊ နှမြောစရာကြီး' တဲ့။ 'တို့သာ ဘုန်းကြီး၀တ်ဖို့ ဆုံးဖြတ်ထားရင် အေးအေးဆေးဆေး နေပြီး အောင်ရုံလောက်ပဲ ဖြေမယ်' တဲ့။

သူတို့ နှမြောတာက ခြောက်ဘာသာဂုဏ်ထူးကို နှမြောတာပါ။ ခြောက်ဘာသာဂုဏ်ထူး ထွက်အောင်သာ မကြိုးစားခဲ့ရင် ဦးဇင်း နှမြောတာက ခြောက်ဘာသာဂုဏ်ထူး ထွက်နိုင်လောက်တဲ့ ဉာဏ်ပညာနဲ့ ၀ီရိယဓာတ်ကို နှမြောတာပါ။ ကိုယ့်ဉာဏ်၊ ကိုယ့်၀ီရိယကို အစွမ်းကုန် ထုတ်သုံးခဲ့ပြီးပြီမို့ ဦးဇင်းကတော့ ခြောက်ဘာသာဂုဏ်ထူး

http://www.dhammadownload.com

ကို မနှမြောပါဘူး။ နဂိုကတည်းက ခြောက်ဘာသာဂုဏ်ထူးကို ကိုယ့်ဘဝအတွက် အသုံးချဖို့ 'လိုချင်စိတ်' နဲ့ ရယူခဲ့တာမှ မဟုတ်ဘဲ။

အသုံးချဖို့ လုံးဝ မရည်ရွယ်ခဲ့ပေမယ့် တကယ့်လက်တွေ့ဘဝမှာတော့ အတိုင်းအတာတစ်ခုအထိ အသုံးကျခဲ့ပါတယ်။

'ရရှိပြီး ခြောက်ဘာသာဂုဏ်ထူးနဲ့ ရရှိလာမယ့် ဆရာဝန်ဘဝကို စွန့်လွှတ်နိုင်ခြင်း' ဆိုတဲ့ (လူအများသတ်မှတ်တဲ့) ဂုဏ်ပုဒ်ကြောင့် ဦးဇင်းရဲ့ တရားဓမ္မ ဖြန့်ဖြူးတဲ့အလုပ်၊ ဘာသာရေး အသိဉာဏ် ဝေငှတဲ့အလုပ် ထိရောက်အောင်မြင်လာခဲ့ပါတယ်။ ကြီးကြီးကျယ်ကျယ် ပြောရရင်တော့ ဦးဇင်းရဲ့ သာသနာပြုလုပ်ငန်းမှာ သွယ်ဝိုက်သောအားဖြင့် အထောက်အကူ ကောင်းကောင်းရခဲ့ပါတယ်။

ဘုရားအလောင်း မဟာဇနကမင်းသားဟာ မဏိမေခလာနတ်သမီး လာကယ်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သမုဒ္ဒရာထဲမှာ လက်ပစ်ကူးနေတာမဟုတ်ပေမယ့် နောက်ဆုံးတော့ မဏိမေခလာရဲ့ ရင်ခွင်မှာ နွေးထွေးစွာ မှေးစက်ခွင့် ရခဲ့တယ်မဟုတ်လား။ ကြိုးစားအားထုတ်မှုရဲ့ ရလဒ်ဟာ ဘယ်တော့မှ အချည်းနှီးမဖြစ်ပါဘူး။

ဒါကြောင့် လူငယ်တွေကို ပြောချင်တာက 'ဘာအကြောင်းကြောင့်ပဲလုပ်ရလုပ်ရ၊ လက်ရှိကိုယ်လုပ်နေတဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ပါ။ မလွှဲမသွေ မဖြစ်မနေ လုပ်ရတော့မယ့် အလုပ်တစ်ခုကို လုပ်ချင်ချင်၊ မလုပ်ချင်ချင်၊ အရည်အသွေး အမြင့်ဆုံးဖြစ်အောင်လုပ်ပါ' လို့။ ဆရာကြီးလုပ်ပြီးပြောတာတော့ မဟုတ်ပါဘူးနော်'

**'အရှင်ဘုရား တစ်ပါးတည်း တောရဆောက်တည်နေရခြင်းရဲ့ ရည်ရွယ်ချက်ကလေး သိပါရစေဘုရား'**

http://www.dhammadownload.com

'ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် လွတ်လပ်စွာ နေနိုင်ဖို့ ကိုယ့်အလုပ်နဲ့ ကိုယ့်အချိန် တိကျစွာ ဝေနိုင်ဖို့ တစ်ပါးတည်း တောရဆောက်တည် နေတာပါ။

အများနဲ့ ရောနှောပြီးနေရင် ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် ဖြစ်ဖို့ သိပ်မလွယ်ဘူး။ အများအားဖြင့် သူများစိတ်နဲ့ ကိုယ့်ကိုယ် ဖြစ်နေရတာများတယ်။

အားနာမှုတွေ၊ ငဲ့ညှာထောက်ထားရမှုတွေနဲ့ ဘဝဟာ လွတ်လပ်မှု မရှိတော့ဘူး။ သူများခိုင်းတိုင်း လုပ်နေရတာမျိုး မဟုတ်ပေမယ့် သူများဆန္ဒကို ဖြည့်ဖြည့်ပေးနေရတာနဲ့ ကိုယ့်ရဲ့ တကယ့်ကိုယ်ပိုင်ဆန္ဒတွေဟာ တဖြည်းဖြည်းနဲ့ နောက်ကို ရောက်ရောက်သွားရတယ်။

ရဟန်းတစ်ပါးဆီကို ချဉ်းကပ်လာကြတဲ့ လူတွေ ဆိုတာကလည်း အရေအတွက်များစွာ၊ ဆန္ဒများစွာဆိုတော့ လူအမျိုးမျိုးရဲ့ဆန္ဒအမျိုးမျိုးကို အမြဲတမ်း ခေါင်းညိတ်ပြီးသာ ပြုံးပြုံးကြီး ဖြည့်ဆည်းပေးနေရမယ်ဆိုရင် ကိုယ့်ရဲ့ ကိုယ်ပိုင်ဆန္ဒတွေ၊ ကိုယ်ပိုင်မျှော်လင့်ချက်တွေဟာ အားလုံး ပြောင်းထဲရောက်သွားမှာပေါ့။

ဒီလို ပြောလိုက်လို့ တစ်ကိုယ်ကောင်းဆန်တယ်လို့ မယူဆစေချင်ဘူး။ ကိုယ်ပိုင်ဆန္ဒ၊ ကိုယ်ပိုင်မျှော်လင့်ချက်ဆိုတဲ့အထဲမှာ ကိုယ့်အကျိုးရော၊ အများအကျိုးရော ပါပါတယ်။ ကိုယ့်အတွက်ရော၊ အများအတွက်ရော တကယ်ထိရောက်မယ့်အလုပ်မျိုး၊ အရှည်သဖြင့် အရာထင်ကျန်ရစ်မယ့် အလုပ်မျိုး များများလုပ်ချင်တယ်လို့ ဆိုလိုပါတယ်'

**'အရှင်ဘုရား ခုနမိန့်တဲ့အထဲမှာ "ကိုယ့်အလုပ်နဲ့ ကိုယ့်အချိန် တိကျစွာဝေနိုင်ဖို့" ဆိုတဲ့ စကားလေးက နည်းနည်းဆန်းနေသလိုပဲ။**

http://www.dhammadownload.com

## ရှင်းရှင်းလင်းလင်း သိပါရစေဘုရား'

'လူတစ်ယောက်နဲ့တစ်ယောက် အလုပ်သဘာဝချင်းရော၊ အချိန်သုံးစွဲပုံချင်းရော မတူညီကြဘူးလေ။ အလုပ်သဘာဝချင်း တူတယ်ထားဦး၊ အချိန်သုံးစွဲပုံ၊ အချိန်ခွဲဝေပုံချင်းတော့ မတူညီနိုင်ပါဘူး။ ကျန်းမာရေးအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေစတဲ့ အခြေအနေအရပ်ရပ်ပေါ် မူတည်ပြီး ကွဲပြားနိုင်ပါတယ်။

ဦးဇင်းရဲ့ သူများနဲ့မတူတဲ့ အားနည်းချက်တစ်ခုက ညဘက်မီးအလင်းရောင်နဲ့ စာကြည့်လို့ လုံးဝမရတာပါပဲ။ နေ့ဘက်လည်း အတူတူပေါ့နော်။ မီးအလင်းရောင်နဲ့ဆို ဦးဇင်းရဲ့မျက်စိက စာလုံးဝကြည့်လို့မရဘူး။ မျက်စိကျန်းမာရေး မကောင်းဘူးပေါ့။ ဒီနေ့ မီးအလင်းရောင်နဲ့စာကြည့်လိုက်ရင် တစ်ညလုံးလည်း အိပ်လို့ မရတော့ဘူး။ နောက်တစ်နေ့လည်း တစ်နေ့လုံး ဘာစာမှ ကြည့်လို့ မရတော့ဘူး။

သဘာဝအလင်းရောင် အားကောင်းတဲ့အချိန်မှာပဲ စာနဲ့ပတ်သက်တဲ့ အလုပ် လုပ်လို့ရတယ်။ စာသင်သားဘဝတုန်းက တချို့ဘာသာရပ်တွေကို တိပ်ခွေနဲ့ပဲ နားထောင်ပြီး ကျက်ခဲ့ရတယ်။ ပထမကျော်ဘွဲ့ရခဲ့တဲ့ ပထမကြီးတန်းတုန်းကဆို သုံးဘာသာပဲ နေ့အလင်းရောင်နဲ့ စာကြည့်ခဲ့ရတယ်။ လေးဘာသာကို ပြဋ္ဌာန်းချက်အစအဆုံး ကိုယ့်ဘာသာကိုယ် အသံသွင်းထားပြီး ညဘက်မှာ တိပ်ခွေနားထောင်ရင်း လေ့လာမှတ်သားခဲ့ရတယ်။

ဒကာ၊ ဒကာမ ပရိသတ်တွေက သဘာဝအလင်းရောင်ရှိတဲ့ အချိန်မှာပဲ လာတာများတယ်။ ကိုယ့်ရဲ့အလုပ်ချိန်ကလည်း သဘာဝ

http://www.dhammadownload.com

အလင်းရောင်ရှိတဲ့အချိန်ပဲဆိုတော့ လာသမျှဧည့်သည်နဲ့ စကားပြော ဆိုနေရမယ်ဆိုရင် ကိုယ့်မှာ စာလုပ်ချိန် လုံးဝမရှိတော့ဘူး။ ညဘက် ဧည့်သည်ရှင်းတဲ့အချိန်ကျတော့လည်း ကိုယ်က စာလုပ်လို့ လုံးဝ မရ တော့ဘူးလေ။

တရားအားထုတ်တာကတော့ သွားရင်း လာရင်း၊ လုပ်ရင်း ကိုင်ရင်းနဲ့လည်း အားထုတ်လို့ ရတယ်၊ ညဘက်မှာလည်း သီးသန့် အချိန်ယူပြီးအားထုတ်လို့ရတယ်ဆိုတော့ ဒကာ၊ ဒကာမ ဧည့်သည် ပရိသတ်ကြောင့် တရားအားထုတ်ချိန်တော့ အနှောင့်အယှက် မဖြစ် ပါဘူး။ ဒါပေမဲ့ စာလုပ်ချိန်ကတော့ ဒကာဒကာမ ဧည့်သည်ပရိသတ် ကြောင့် အကြီးအကျယ် အနှောင့်အယှက်ဖြစ်ပါတယ်။ ရန်ကုန်ရိပ်သာ မှာနေတုန်းက တချို့နေ့တွေဆို တစ်နေ့လုံးနေလို့ စာတစ်လုံးမှ မဖတ် လိုက်ရဘူး။

ဒကာဒကာမဘက်က ကြည့်ရင်တော့ တစ်ယောက်ဆယ့်ငါး မိနစ်၊ နာရီဝက်၊ တစ်နာရီပဲ၊ အနှောင့်အယှက်မဖြစ်ပါဘူးလို့ ထင်ရမှာ ပေါ့။ ဒါပေမယ့် လာတဲ့ဒကာဒကာမက တစ်ယောက်တည်း တစ်ဖွဲ့တည်း မှ မဟုတ်တာ၊ ဆက်နေတာဆိုတော့ ဦးဇင်းဘက်ကကြည့်ရင် တစ်နေ့ လုံး အလုပ်ပျက်ပါတယ်။

ဦးဇင်းက သဗ္ဗညုတဉာဏ်တော်ကြီးရထားတဲ့ ပုဂ္ဂိုလ်မှ မ ဟုတ်တာ၊ သိသင့်သိထိုက်တာတွေ လေ့လာရဦးမှာပေါ့၊ ပရိယတ္တိကျမ်း ဂန်တွေ၊ အထွေထွေစာပေတွေ ဖတ်ရှုရဦးမှာပေါ့။ ဦးဇင်းအတွက် တော့ စာဖတ်ချိန်ဟာ နေ့စဉ် မရှိမဖြစ် လိုအပ်ပါတယ်။

အနှစ်ချုပ်ပြောရရင် ပရိယတ္တိအလုပ်ရော၊ ပဋိပတ္တိအလုပ်

http://www.dhammadownload.com

ရော အချိန်ပြည့်လုပ်နိုင်ဖို့အတွက် တစ်ပါးတည်းတောရဆောက်တည် နေတာပါ။ 'အချိန်အခက်အခဲကြောင့် တောထွက်ရတာပါ' လို့ဆိုရင် မမှားပါဘူး။

အချိန်၊ အချိန်။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ တွေ့ကြုံ နေရတဲ့အခိုက် အချိန်တိုင်းဟာ သိပ်တန်ဖိုးရှိတယ်၊ တစ်စက္ကန့်လေး တောင် အလေအလွင့်ခံလို့မရဘူး။ ဒကာ၊ ဒကာမတွေကို အပြစ်ဖွဲ့တာ မဟုတ်ဘူးနော်၊ ကိုယ့်ဘက်က အချိန်ပြဿနာကိုသာ ရိုးရိုးသားသား တင်ပြတာပါ'

**'တောထဲမှာ ဒကာဒကာမတွေနဲ့ လုံးဝ အတွေ့မခံဘူးလား ဘုရား'**

'မွန်းတည့် ဆယ့်နှစ်နာရီကနေ ဆယ့်နှစ်နာရီခွဲအထိ၊ နာရီ ဝက်တော့ အတွေ့ခံပါတယ်။ ဒီအချိန်ပဲအတွေ့ခံတဲ့အကြောင်း တောရ ကျောင်းမှာ ဆိုင်းဘုတ်လည်း ဆွဲထားပါတယ်။

ခွင့်ပြုချိန်မဟုတ်ဘဲ ရောက်လာလို့ တံခါးဖွင့်မပေးတဲ့အတွက် ပြန်ဆင်းသွားကြရတဲ့ ဒကာဒကာမတွေကို အားတော့ နာပါတယ်။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ အားနာရင် ခါးပါသွားလိမ့်မယ်။ အားနာ ခြင်းဟာ ဆုံးရှုံးခြင်းရဲ့ အကြောင်းပဲ မဟုတ်လား။

အချိန်ကို တန်ဖိုးထားလို့ လူမုန်းရင်လည်း မုန်းကြပါစေ တော့။ အချိန်ကို ဖက်တွယ်ကိုးကွယ်မိလို့ ခံရတဲ့အမုန်းကို အပြုံးနဲ့ ကျေနပ်စွာ ခံယူလိုက်ပါမယ်'

**'တစ်ပါးတည်း တောရဆောက်တည်ခြင်းကြောင့် ရရှိလာတဲ့ အကျိုးကျေးဇူးနဲ့ အတွေ့အကြုံတွေကို မိန့်တော်မူပါဦး ဘုရား'**

http://www.dhammadownload.com

'ဘာလဲ၊ ဒကာကြီးက အားကျပြီး တောထွက်မလို့လား။ တောထဲတောင်ထဲမှာ တစ်ပါးတည်းနေရခြင်းရဲ့ အကျိုးကျေးဇူးတွေကတော့ ပြောပြလို့တောင် မကုန်နိုင်ပါဘူး ဒကာကြီးရယ်။ များများ ပြောရင် ကြွားရာရောက်နေမှာစိုးလို့ နမူနာလောက်ပဲ ပြောပြပါ့မယ်။

အဓိကကတော့ စိတ်အေးချမ်းမှု အပြည့်အဝ ရတာပါပဲ။ ပတ်ဝန်းကျင်သဘာဝရှုခင်းတွေကြောင့်ရော၊ တိတ်ဆိတ်ငြိမ်သက်မှု ကို အခြေခံတဲ့ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုတွေကြောင့်ရော အချိန် တိုင်း စိတ်အေးချမ်းမှု ရနေပါတယ်။

ဦးဇင်းရဲ့ ကျောင်းသင်္ခမ်းနံဘေးမှာ စမ်းချောင်းလေးတစ်ခု က ဆယ့်နှစ်ရာသီ စီးဆင်းနေတယ်။ ရေတံခွန် အကြီးအသေး အနိမ့် အမြင့်မျိုးစုံပဲ။ ခုလို မိုးတွင်းဆိုရင် ရေပိုများလို့ သိပ်သာယာတယ်။

တောထဲတောင်ထဲမှာရှိတဲ့ ကျေးငှက်တွေကလည်း အားလုံး နီးပါး သီချင်းဆိုတတ်တဲ့ တေးသီငှက်တွေချည်းပဲ။ တချို့ငှက်တွေက ကိုယ့်သံစဉ်နဲ့ကိုယ် သံစဉ်တစ်မျိုးပဲ ဆိုတတ်သလို တချို့ငှက်တွေက တော့ တစ်ကောင်တည်းနဲ့ သံစဉ်အမျိုးမျိုးကို အသံအမျိုးမျိုး လုပ်ပြီး ဆိုတတ်ကြပါတယ်။

ကျောင်းသင်္ခမ်းရဲ့ နောက်ကျောဘက်က တောအုပ်နက်နက်၊ သစ်ပင်မြင့်မြင့်တွေရှိတဲ့ တောင်နံရံမတ်မတ်ကြီး။ ကျောင်းသင်္ခမ်းရဲ့ မျက်နှာစာဘက်က ကိုယ့်ကျောင်းထက် နိမ့်တဲ့ တောင်တွေ၊ ရာဘာခြံ၊ သစ်သီးခြံတွေ၊ မြို့ရွာလူနေအိမ်က သစ်ပင်တွေ၊ လယ်ကွင်းပြင်တွေ၊ မြစ်ချောင်း၊ အင်းအိုင်ရေပြင်တွေ၊ အဆုံးမရှိ တစ်မျှော်တစ်ခေါ်ကြီး။ ပြီးတော့ သစ်ပင်တွေကြားက ထိုးထွက်နေတဲ့ ရွှေရောင်တဝင်းဝင်းနဲ့

http://www.dhammadownload.com

စေတီတော်တွေ၊ ပုထိုးတော်တွေ။ ဘေးဝဲယာမှာလည်း တောင်ကြော ဆက်စပ်နေတဲ့ တခြားတောင်တွေ၊ ထောင်ထိပ်က စေတီပုထိုးတွေ။ ဦးဇင်းကျောင်းသခ်မ်းကနေ ရှေ့ နောက်ဝဲယာ ဘယ်ကိုပဲ ကြည့်ကြည့်၊ သဘာဝရှုခင်းတွေက အလွန့်အလွန် သာယာကြည်နူးဖွယ် ကောင်း လှပါတယ်။

အထူးသဖြင့် စမ်းချောင်းထဲကရေတွေ တငြိမ့်ငြိမ့်တသွင်သွင် စီးဆင်းသွားတာကိုကြည့်ရင်း မတည်မြဲတဲ့အနိစ္စသဘောကို အပြင် ဗဟိဒ္ဓတစ်လှည့်၊ အတွင်းအဇ္ဈတ္တတစ်လှည့် ဆင်ခြင်ရတာ သိပ်ထိမိပါ တယ်။ စီးဆင်းပျောက်ကွယ်သွားတဲ့ စမ်းရေတွေနဲ့အတူ ရုပ်တင်းမာမှု၊ စိတ်တင်းကျပ်မှုတွေ စီးဝင်မျောပါသွားသလို ခံစားရပြီး ရုပ်ကြွက်သား ရော၊ စိတ်ကြွက်သားပါ ပြေလျော့လန်းဆန်းသွားပါတယ်။

လတ်ဆတ်သန့်ရှင်းတဲ့လေကို တစ်လောကလုံးက လေတွေ တစ်ယောက်တည်း ကန်ထရိုက်ဆွဲ အပိုင်စီးထားပြီး ရှူနေရသလို တဝကြီး ရှူရှိုက်ရတဲ့အတွက်လည်း သွေးသားသန့်စင် စိတ်ကြည်လင်ပါ တယ်။

ကိုယ့်နေရာထက် နိမ့်တဲ့ တောင်တွေ အပါအဝင် မြို့ရွာနယ် ပယ် လွင်ပြင်ကျယ်ကြီးတစ်ခုလုံးကို အပေါ်စီးကနေ လွှမ်းပြီး မြင်နေ ရတဲ့အတွက် မေတ္တာပို့လို့ သိပ်ကောင်းပါတယ်။ တစ်လောကလုံးကို အထက်စီးကနေ ခြုံပြီး မေတ္တာဓာတ်ပို့လွှတ်နေရတာမို့ ကိုယ့်ရဲ့မေတ္တာ ရင်ငွေ့လှိုင်းအောက်မှာ သတ္တဝါအားလုံး နွေးထွေး ပျော်မွေ့နေကြသ လို ခံစားရပါတယ်။ တောင်ပေါ်အထက်စီးကနေ တစ်လောကလုံးကို လွှမ်းခြုံကြည့်ပြီး မေတ္တာပို့ရတဲ့အရသာကို တောင်ပေါ်မှာနေတဲ့ သူ

http://www.dhammadownload.com

တွေမှာပဲ ခံစားလို့ ရမှာပါ။

ကိလေသာဖြစ်စရာအာရုံတွေ ဘာမှမရှိဘဲ ပကတိ တိတ်ဆိတ်ငြိမ်သက်နေတဲ့အတွက် တရားအားထုတ်လို့လည်း သိပ်ကောင်းပါတယ်။ တစ်စက္ကန့်ဆိုတစ်စက္ကန့် အရမ်းသိသာပါတယ်။ သမာဓိအရမ်းဖြစ်လွယ်ပြီး ဉာဏ်လည်း အရမ်းတက်လွယ်ပါတယ်။

လူသူလေးပါး သွားလာ ဝင်ထွက်ဖို့ ဝေးလွန်းတဲ့အတွက်ကြောင့်လည်း သတ်မှတ်ခွင့်ပြုချိန်ကလွဲရင် ဒကာဒကာမ အရောက်အပေါက် မရှိသလောက် နည်းပါးတာမို့ စာရေးချိန်လည်း ရပါတယ်။ ဒီနေ့အထိ တရားစာအုပ်တွေ အထိုက်အလျောက် ထွက်လာနိုင်တာဟာ တောထဲမှာ တစ်ယောက်တည်း နေလို့ပါ။ မြို့မှာသာ နေရင်စာရေးဖြစ်မှာ မဟုတ်ပါဘူး။

အနှစ်ချုပ် ပြောရရင်တော့ တောထဲတောင်ထဲမှာ တစ်ပါးတည်း ဧကစာရီ သီတင်းသုံးတဲ့အတွက် ကိုယ့်အကျိုးကိုရော၊ အများအကျိုးကိုရော၊ သို့မဟုတ် ကိုယ့်အကျိုးကိုရော၊ သာသနာ့အကျိုးကိုရော စိတ်အေးချမ်းလွတ်လပ်စွာ၊ သိပ်ထိရောက်တွင်ကျယ်စွာ သယ်ပိုးရွက်ဆောင်နိုင်ပါတယ်။ ဦးဇင်းရဲ့ ပုဂ္ဂလိကဘာဝအနေနဲ့ ပြောတာပါနော်။

**‘ဒါဆို အရှင်ဘုရားက တောထဲမှာပဲ တစ်သက်လုံး နေတော့ မှာလား ဘုရား’**

‘တောထဲမှာပဲ တစ်သက်လုံး နေနိုင်ရင်တော့ အကောင်းဆုံးပေါ့ ဒကာကြီးရယ်။ နေချင်စိတ်လည်း ရှိပါတယ်။ ဒါပေမဲ့ နေဖြစ်မယ်၊ မနေဖြစ်ဘူးဆိုတာကတော့ မမြင်ရတဲ့ ကံတရားကလည်း ရှိသေးတာမို့

http://www.dhammadownload.com

ယတိပြတ်တော့ ပြောလို့ မဖြစ်ဘူး။

ဦးဇင်းက လမင်းကြီးရဲ့ ဘဝကို သိပ်အားကျတယ်။ လမင်းကြီးဟာ လောကလူသားတွေကို အအေးဓာတ်နဲ့ အလင်းဓာတ် ပေးပြီး ကျေးဇူးပြုတယ်။ ဒါပေမဲ့ လောကလူသားတွေနဲ့ လိမ်းကျံ ကပ်ငြိခြင်း မရှိဘူး။ ဝေးဝေးမှာပဲ သီးသန့်နေတယ်။

ဦးဇင်းလည်း လမင်းကြီးလိုပဲ လောကလူသားတွေနဲ့ ဝေးဝေးမှာ သီးသန့်နေရင်း လောကလူသားတွေကို အအေးဓာတ်နဲ့ အလင်းဓာတ်ပေးပြီး ကျေးဇူးပြုချင်တယ်။ မေတ္တာပို့နေတာ၊ မေတ္တာပွားနေတာဟာ အအေးဓာတ်နဲ့ ကျေးဇူးပြုနေတာပေါ့။ အခါအားလျော်စွာ တရားဟောနေတာ၊ စာပေရေးနေတာဟာ အလင်းဓာတ်နဲ့ ကျေးဇူးပြုနေတာပေါ့။ မေတ္တာအအေးဓာတ်နဲ့ အသိဉာဏ်အလင်းဓာတ် ပေးပြီး ဝေးဝေးကနေ ကျေးဇူးပြုနေရတဲ့ လူသားလမင်းဘဝမျိုးကို ပိုပြီး လိုလားပါတယ်။

ကလေးတွေဆိုနေတဲ့ သီချင်းစာသားကို နည်းမှီးပြီး ပြောရရင် 'လမင်းလေးလို ကျင့်နေမှာ' ပေါ့။

စကားမစပ် ကုန်တင်ကားကြီးတွေရဲ့ နောက်ပိုင်းတွေမှာ ရေးထားတတ်လေ့ရှိတဲ့ စာသားလေးတစ်ခုကို သတိရမိတယ်။

'ဝေးလေကောင်းလေ' တဲ့။

**[ဒုတိယပိုင်းကို စာမျက်နှာ (၁၇၁) တွင် ဆက်လက်ဖတ်ရှုပါရန်။]**

■

ကိုသက်

http://www.dhammadownload.com



http://www.dhammadownload.com

| |
|---|
| အကောင်းဆုံးကတော့ |
| ပဋ္ဌာန်းတရားပဲဖြစ်ဖြစ် |
| တခြားတရားပဲဖြစ်ဖြစ် |
| တရားတော်တစ်ခုခု |
| ရွတ်ဖတ်ပူဇော်မှုပြုတော့မယ်ဆိုရင် |
| ပထမဦးဆုံးမေတ္တာဘာဝနာပွားများ |
| မေတ္တာသုတ်ရွတ်ဆိုပြီးမှ |
| ပြုတာအကောင်းဆုံးပါပဲ။ |
| □ □ □ □ □ |

**အရှင်ဘုရား . . . .**

တပည့်တော်က ပဋ္ဌာန်းတရားတော်ကြီးကို သိပ်ကြည်ညိုတဲ့အတွက် အိမ်မှာ နေ့စဉ် ရွတ်ဖတ်ပါတယ်ဘုရား။ ဒါပေမဲ့ လူကြီးတချို့က 'အိမ်မှာ ပဋ္ဌာန်းမရွတ်ကောင်းဘူး၊ ရွတ်ရင် အိမ်စောင့်နတ် မနေနိုင်ဘဲ ထွက်ပြေးတတ်တယ်။ ရွတ်တဲ့သူ ဒုက္ခရောက်တတ်တယ်' လို့ ပြောကြပါတယ်ဘုရား။ အိမ်မှာ ပဋ္ဌာန်းရွတ်သင့်၊ မရွတ်သင့်၊ ရွတ်ရင် ဒုက္ခရောက်၊ မရောက် ဖြေကြားပေးတော်မူပါဘုရား။

**မောင်ဇော်မျိုးအောင်၊ စမ်းချောင်းမြို့နယ်။**

ဒကာဇော်မျိုးအောင်ရဲ့ မေးခွန်းကို ဖတ်ရတော့ ဦးပဥ္စင်းနဲ့ ခင်မင်ရင်းနှီးတဲ့ ဒကာတစ်ယောက်ကို ချက်ချင်း သတိရလိုက်မိပါတယ်။

http://www.dhammadownload.com

လူငယ်တစ်ယောက်ပါပဲ။ အိမ်မှာ ပဋ္ဌာန်းရွတ်ရင် ခိုက်တတ်တယ်ဆို လို့ သူက ရွှေတိဂုံဘုရားပေါ် တက်ပြီး ပဋ္ဌာန်းရွတ်တယ်တဲ့။ နေ့တိုင်း လည်း ဘုရားမတက်နိုင်တော့ တစ်ပတ်တစ်ခါ မွေးနေ့တိုင်းလောက်ပဲ တက်ပြီး ရွတ်ဖြစ်တယ်တဲ့။

တစ်ပတ်မှာ တစ်ရက်ပဲ ဘုရားပေါ် တက်ဖြစ်တော့ တစ်ပတ် မှာ တစ်ကြိမ်ပဲ ပဋ္ဌာန်းရွတ်တဲ့ ကုသိုလ် ရတော့တာပေ့ါ။ ကျန်တဲ့ ခြောက်ရက်မှာတော့ ဘုရားပေါ် မတက်ဖြစ်တဲ့အတွက် ပဋ္ဌာန်းရွတ်တဲ့ ကုသိုလ် ခြောက်ရက်လုံး လက်လွတ်ဆုံးရှုံးရတော့တာပေ့ါ။ ဘုရားပေါ် မှာမှ မဟုတ်ဘဲ အိမ်မှာလည်း ပဋ္ဌာန်းရွတ်မယ်ဆိုရင် နေ့စဉ်နဲ့အမျှ ပဋ္ဌာန်းရွတ်တဲ့ကုသိုလ် တိုးပွားနေမှာ အမှန်ပါပဲ။ အခုတော့ အယူအဆ အမှားကို လက်ခံယုံကြည်ပြီး လိုက်နာကျင့်သုံးမိတဲ့အတွက် ရသင့်ရထိုက် တဲ့ ကုသိုလ်တရားတွေ အများကြီး လက်လွတ်ဆုံးရှုံးခဲ့ရပါတယ်။

တကယ်တော့ ပဋ္ဌာန်းတရားဟာ နတ်ပရိသတ်တွေအတွက် အဓိကထားပြီး မြတ်စွာဘုရား ဟောကြားခဲ့တာပါ။ ဟောတာကိုက နတ်ပြည်မှာလေ။ နတ်ပြည်မှာ နတ်ပရိသတ်အတွက် ဟောထားတဲ့ တရားကို နတ်တွေက မနှစ်သက်ဘဲ ရှိပါ့မလား။ သူတော်ကောင်းနတ် မှန်ရင် ပဋ္ဌာန်းတရားကို ဘယ်သူ ဘယ်နေရာမှာရွတ်ရွတ် နှစ်သက်မြတ် နိုးစွာ လာရောက်နာယူမှာ သေချာပါတယ်။

ပဋ္ဌာန်းရွတ်လို့ အိမ်စောင့်နတ် မနေနိုင်ဘဲ ထွက်ပြေးရတယ်ဆို တာ သဘာဝမကျပါဘူး။ တကယ်ဆို ကိုယ်ရွတ်ပေးလို့ သူနာရပေ တယ်ဆိုပြီး ကိုယ့်အိမ်ကတောင် မခွာနိုင်အောင် ဖြစ်နေမှာပါ။ သူနာချင်

http://www.dhammadownload.com

တဲ့ ပဋ္ဌာန်းရွတ်ပေးတဲ့အတွက် ကိုယ့်ကို ကျေးဇူးတွေတင်ပြီး ခါတိုင်းထက် တောင် ကူညီစောင့်ရှောက်ဦးမှာပါ။

တကယ်လို့ ပဋ္ဌာန်းသံကြားတာနဲ့ ထွက်ပြေးတဲ့ အိမ်စောင့်နတ် ရှိခဲ့တယ်ဆိုရင်လည်း အဲဒီ အိမ်စောင့်နတ်ဟာ ဘုန်းကံမရှိတဲ့နတ်၊ သူတော်ကောင်းစိတ်မရှိတဲ့နတ်၊ သူယုတ်မာနတ်ပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီလိုနတ်မျိုး ကိုယ့်အိမ်မှာ လာစောင့်နေလို့လည်း ကိုယ့်အတွက် ဘာ အကျိုးမှ ရှိမှာမဟုတ်ပါဘူး။ မနေနိုင်လို့ ထွက်ပြေးသွားလည်း ဘာမှ လွမ်းနေစရာ မလိုပါဘူး။ အဲဒီလိုနတ်မျိုး 'အိမ်ပြင်' မှာ နေလည်း အလ ကား၊ 'အိမ်တွင်း' မှာ နေလည်း အလကားပါပဲ။

ပဋ္ဌာန်းတရားအပါအဝင် အဘိဓမ္မာတရားတော်တွေကို တာဝ တိံသာနတ်ပြည်မှာ မြတ်စွာဘုရား ဟောကြားတော်မူစဉ်တုန်းက တရား နာပရိသတ်ထဲမှာ 'အင်္ကုရ' ဆိုတဲ့ နတ်သားတစ်ယောက်လည်း ပါဝင်ခဲ့ ပါတယ်။

အင်္ကုရနတ်သားဟာ တရားပွဲကို အစောဆုံး ရောက်လာပြီး ရှေ့ဆုံးက နေရာဦးထားတာပါ။ မြတ်စွာဘုရားရှင်ရဲ့ လက်ဝဲဘက်နေရာ မှာ အနားကပ်ပြီး နေရာဦးထားပါတယ်။ ဒါပေမယ့် သူ့ထက် ဘုန်းတန်ခိုး ကြီးတဲ့ နတ်တွေ၊ ဗြဟ္မာတွေ ရောက်လာတိုင်း ရောက်လာတိုင်း နောက် ဆုတ်နောက်ဆုတ်ပြီး နေရာဖယ်ဖယ်ပေးနေရတဲ့အတွက် နောက်ဆုံး မြတ်စွာဘုရားရှင်နဲ့ ဆယ့်နှစ်ယူဇနာကွာဝေးတဲ့ နေရာကပဲ တရားနာခွင့် ရပါတော့တယ်။ နတ်ကြီးလာတော့ နတ်ငယ်နေရာဖယ်ပေးရတာပေါ့။

လူ့လောကမှာလည်း ဒီလိုပါပဲ။ ပွဲလမ်းသဘင်တစ်ခု၊ အခမ်း

အနားတစ်ခု ကျင်းပပြီဆိုရင် ဂုဏ်ကြီးတဲ့လူ၊ မျက်နှာကြီးတဲ့လူတွေက ရှေ့ဆုံးက နေရာယူရပြီး ဂုဏ်ငယ်တဲ့လူ၊ မျက်နှာငယ်တဲ့လူတွေက နောက်ကနေ နေရာယူရပါတယ်။ ဂုဏ်ငယ်လေ နောက်ရောက်လေ ပါပဲ။

အိမ်မှာပဲဖြစ်ဖြစ်၊ ဘုရားမှာပဲဖြစ်ဖြစ်၊ နေရာဌာနတစ်ခုခုမှာ ပုဂ္ဂိုလ်တစ်ယောက်ယောက်က ပဋ္ဌာန်းတရား ရွတ်ပွားပြီဆိုရင် ဘုန်းတန်ခိုးကြီးမားတဲ့ နတ်တွေ၊ ဗြဟ္မာအတွေ တရားနာကြွရောက်လာကြပါတယ်။ အိမ်စောင့်နတ်အပါအဝင် နဂိုက ရှိနေနှင့်ပြီးသားနတ်တွေက ဘုန်းတန်ခိုးနည်းပါးတယ်ဆိုရင် ဘုန်းတန်ခိုးကြီးမားတဲ့ နတ်ဗြဟ္မာတွေအတွက် (အကံ့ရနတ်သားလိုပဲ) နေရာဖယ် နောက်ဆုတ်ပေးရတဲ့အတွက် အဝေးရောက်သွားနိုင်ပါတယ်။

အကံ့ရနတ်သားဟာ အဝေးရောက်သွားပေမယ့် မြတ်စွာဘုရားရှင်ကို စိတ်မဆိုးဘဲ အဝေးကနေ တရားနာယူသလို အဝေးရောက်သွားတဲ့ အိမ်စောင့်နတ်ဟာလည်း ပဋ္ဌာန်းရွတ်ပွားသူကို စိတ်မဆိုးဘဲ ကိုယ့်ကံကိုယ် နားလည်စွာနဲ့ အဝေးတစ်နေရာကနေ ပဋ္ဌာန်းတရားနာကြားနေမှာပါ။ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ် ကိုယ်နဲ့ ထိုက်တန်တဲ့နေရာကို ကိုယ်ရစမြဲ မဟုတ်လား။ ကိုယ့်ကံက ပေးတဲ့နေရာမှာ ကိုယ်ကျေနပ်စွာ နေရမှာပဲလေ။

ပဋ္ဌာန်းတရား နာကြားပြီး ကိုယ့်ထက်ဘုန်းတန်ခိုးကြီးတဲ့ နတ်တွေ၊ ဗြဟ္မာတွေ ကိုယ့်နေရာကိုယ် ပြန်သွားတဲ့အခါ အိမ်စောင့်နတ်လည်း အိမ်မှာ နေမြဲတိုင်း ပြန်နေခွင့်ရသွားပြီပေါ့။ ပဋ္ဌာန်းတန်ခိုးကြောင့်

http://www.dhammadownload.com

သူ့ရဲ့ ဘုံဗိမာန် စည်းစိမ်ချမ်းသာတွေတောင် နဂိုကထက် ကြီးကျယ်ခမ်း နားလာမှာ သေချာပါတယ်။ ဒါဆိုရင် ပဋ္ဌာန်းရွတ်လို့ အိမ်စောင့်နတ်မှာ အကျိုးမယုတ်တဲ့အတွက် ပဋ္ဌာန်းရွတ်သူကိုလည်း အိမ်စောင့်နတ်က ဘာမှ ဒုက္ခပေးမှာ မဟုတ်ပါဘူး။ ဒုက္ခမပေးတဲ့အပြင် ကောင်းကျိုးချမ်း သာ အဖြာဖြာနဲ့ ပြည့်စုံအောင်တောင် အကူအညီပေးပါလိမ့်ဦးမယ်။

တကယ်လို့ ကိုယ့်အိမ်မှာရှိတဲ့ အိမ်တွင်းနတ်တွေ၊ အိမ်ပြင်နတ် တွေက နတ်လို့ နာမည်ခံထားတဲ့ မကောင်းဆိုးဝါးတွေ၊ အစိမ်းသရဲတွေ၊ ဖုတ်ပြိတ္တာတွေ၊ နတ်မိစ္ဆာတွေဖြစ်နေခဲ့မယ်ဆိုရင်တော့ ပဋ္ဌာန်းတရားကို နားခါးပြီး ထွက်ပြေးချင် ပြေးပါလိမ့်မယ်။ သူယုတ်မာနဲ့ သူတော်ကောင်း တရား မအပ်စပ်လို့ ကြောက်ရွံ့ထိတ်လန့်စွာ ထွက်ပြေးသွားကြတဲ့ ‘တရားမကြိုက် နတ်ငမိုက်’ တွေ ကိုယ့်အိမ်မှာ မရှိတော့တာ ပိုတောင် ကောင်းပါသေးတယ်။ ဝမ်းနည်းစရာမဟုတ်ပါဘူး၊ ဝမ်းသာစရာပါ။

ဝေသာလီပြည်မှာ ကပ်ဘေးကြီးတွေ ဆိုက်ရောက်ခဲ့စဉ်တုန်း က မြတ်စွာဘုရားရှင်နဲ့ ရဟန်းသံဃာတော်တွေ ရတနသုတ် လှည့် လည်ရွတ်ဆိုကြတော့ ဘုန်းတန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတွေ တရားလာ နာကြတဲ့အတွက် မကောင်းဆိုးဝါးတွေ၊ နတ်မိစ္ဆာတွေ မြို့တွင်းမှာ မနေ နိုင်တော့ဘဲ အိုးနင်းခွက်နင်း ထွက်ပြေးသွားကြပါတယ်။ ဝေသာလီပြည် လည်း ကပ်ဘေးကြီးတွေက လွတ်မြောက်ပြီး ချမ်းသာရာ ရခဲ့ပါတယ်။

ပဋ္ဌာန်းတရားပဲရွတ်ရွတ်၊ တခြားတရားပဲရွတ်ရွတ်၊ ကိုယ့်ဘက် ကတော့ မကောင်းဆိုးဝါးတွေ၊ နတ်မိစ္ဆာတွေ၊ တန်ခိုးနည်းတဲ့ နတ်တွေ ကိုယ့်ပတ်ဝန်းကျင်မှာ မနေနိုင်ဘဲ ထွက်ပြေးသွားစေချင်တဲ့ ရည်ရွယ်ချက်

http://www.dhammadownload.com

ဆိုးမျိုး မထားနဲ့ပေါ့။ အယုတ်အလတ်အမြတ်မရွေး ဘယ်သတ္တဝါမဆို တရားနာယူပြီး ကောင်းကျိုးရစေချင်တဲ့ ရည်ရွယ်ချက်ကောင်းပဲ ထားပြီး ရွတ်ပါ။

ကိုယ့်ဘက်က ရည်ရွယ်ချက်ဆိုးပြီး မေတ္တာတရား ခေါင်းပါး နေရင်တော့ အဝေး ထွက်ပြေးရတဲ့ နတ်တွေက 'နေနှင့်ဦးပေါ့ကွာ၊ အလှည့်ကျရင် မနွဲ့စတမ်းပေါ့' ဆိုပြီး ကိုယ့်ကံနိမ့်တဲ့အခါ၊ ရွတ်ဖတ်မှု ပြတ်သွားတဲ့အခါမျိုးတွေမှာ တုံ့ပြန်ကလဲ့စားချေတတ်ပါတယ်။ ကိုယ့် စေတနာ ကိုယ့်အကျိုးပေးတာပါပဲ။

အကောင်းဆုံးကတော့ ပဋ္ဌာန်းတရားပဲဖြစ်ဖြစ်၊ တခြားတရား ပဲဖြစ်ဖြစ်၊ တရားတော် တစ်ခုခု ရွတ်ဖတ်ပူဇော်မှု ပြုတော့မယ်ဆိုရင် ပထမဦးဆုံး မေတ္တာဘာဝနာ ပွားများ၊ မေတ္တသုတ် ရွတ်ဆိုပြီးမှ ပြုတာ အကောင်းဆုံးပါပဲ။ မေတ္တာတရားပေးဝေမှုကို သတ္တဝါတိုင်း နှစ်သက်လို လားကြတာမို့ ဘာတရားတော်ပဲရွတ်ရွတ်၊ မေတ္တသုတ်ကို အရင်ရွတ်ပါ၊ မေတ္တာဘာဝနာ အရင်ပွားပါလို့ ဒကာဇော်မျိုးအောင်ကို မေတ္တာနဲ့ အကြံ ပေးလိုက်ပါတယ်။

ပဋ္ဌာန်းတရားကို အိမ်မှာလည်း ရွတ်သင့်ပါတယ်၊ ရွတ်ခြင်း ကြောင့် ဒုက္ခမရောက်တဲ့အပြင် ကောင်းကျိုးချမ်းသာ ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံနိုင်ပါတယ်လို့ ....။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊ နိုဝင်ဘာ၊ ၁၅၊ ၂၀၀၀]

http://www.dhammadownload.com

■ တကယ်တော့ပဋ္ဌာန်းတရားဟာ
နတ်ပရိသတ်တွေအတွက်
အဓိကထားပြီးမြတ်စွာဘုရား
ဟောကြားခဲ့တာပါ။
ဟောတာကိုကနတ်ပြည်မှာလေ။
နတ်ပြည်မှာနတ်ပရိသတ်အတွက်
ဟောထားတဲ့တရားကိုနတ်တွေက
မနှစ်သက်ဘဲရှိပါ့မလား။
သူတော်ကောင်းနတ်မှန်ရင်
ပဋ္ဌာန်းတရားကိုဘယ်သူဘယ်နေရာမှာ
ရွတ်ရွတ်၊နှစ်သက်မြတ်နိုးစွာ
လာရောက်နာယူမှာသေချာပါတယ်။

■ ပဋ္ဌာန်းတန်ခိုးကြောင့်သူ့ရဲ့ဘုံဗိမာန်
စည်းစိမ်ချမ်းသာတွေတောင်နဂိုကထက်
ကြီးကျယ်ခမ်းနားလာမှာသေချာပါတယ်။
ဒါဆိုရင်ပဋ္ဌာန်းရွတ်လို့အိမ်စောင့်နတ်မှာ
အကျိုးမယုတ်တဲ့အတွက်
ပဋ္ဌာန်းရွတ်သူကိုလည်းအိမ်စောင့်နတ်က
ဘာမှဒုက္ခပေးမှာမဟုတ်ပါဘူး။

■ ဝင်လေထွက်လေလို့ပဲသုံးသုံး
ထွက်လေဝင်လေလို့ပဲသုံးသုံး
လက်တွေ့ဘာဝနာအလုပ်ခွင်မှာတော့
နှာသီးဝလေထိရာအရပ်မှာ
စိတ်ကို၊သတိကိုစွဲမြဲစွာကပ်ထားပြီး
တစ်ထိတည်းထိနေတာကို
တစ်သိတည်းသိနေအောင်
အဆက်မပြတ်ရှုမှတ်ပွားများနေဖို့လိုရင်းပါပဲ။

http://www.dhammadownload.com



http://www.dhammadownload.com

ဝင်လေထွက်လေကို

မေ့နေတဲ့သူဟာ

ဘဝမေ့နေတဲ့သူဖြစ်ပြီး

ဝင်လေထွက်လေကို

မမေ့တဲ့သူဟာ

ဘဝမမေ့တဲ့သူပါ။

ဘဝမမေ့တဲ့သူဖြစ်ချင်ရင်

ဝင်လေထွက်လေမှာ

အမြဲမပြတ်၊ သို့မဟုတ်

မကြာခဏသတိကပ်ထားပြီး

သိနေပါ . . . . . .။

**အရှင်ဘုရား . . .**

'အာနာပါန' ကို တချို့က 'ဝင်လေ ထွက်လေ' လို့ ပြောကြပြီး တချို့က 'ထွက်လေ ဝင်လေ' လို့ ပြောကြပါတယ်ဘုရား။ ဝင်လေထွက်လေက အမှန်လား၊ ထွက်လေ ဝင်လေက အမှန်လား ကွဲပြားစွာ သိအောင် ဖြေကြားပေးတော်မူပါဘုရား။

**မောင်ငြိမ်းအေး၊ မြစ်ခြေမြို့။**

ဒကာမောင်ငြိမ်းအေးရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ

http://www.dhammadownload.com

ဦးပဥ္စင်း ဖားအောက်တောရမှာ တရားအားထုတ်ခဲ့စဉ်တုန်းက ယောဂီ တချို့ကို ဆရာတော်ဘုရားကြီး အခွင့်ကြုံတိုင်း မိန့်ကြားတော်မူလေ့ရှိ တဲ့ စကားတစ်ခွန်းကို ချက်ချင်း သတိရလိုက်မိပါတယ်။

ယောဂီတချို့က တရားလျှောက်တဲ့အခါ 'တပည့်တော်တို့ ဒီနေ့ ထွက်လေဝင်လေ ရှုမှတ်ပါတယ်ဘုရား' လို့ စကားချီလိုက်တာနဲ့ တစ် ပြိုင်နက် ဆရာတော်ဘုရားကြီးက "ဒီကျောင်းမှာ (ဖားအောက်တောရ မှာ) ထွက်လေ ဝင်လေ မရှိဘူး၊ ဝင်လေ ထွက်လေပဲ ရှိတယ်' လို့ မိန့် ကြားတော်မူလေ့ရှိပါတယ်။

'အာနာပါန' ဆိုတာ 'အာန' နဲ့ 'အပါန' ပုဒ်နှစ်ပုဒ်ကို ပေါင်းစပ် ထားတာပါ။ (အာန+ အပါန = အာနာပါန) အာနကို ဝင်လေ၊ အ ပါနကို ထွက်လေလို့ ဘာသာပြန်ရင် အာနာပါနဆိုတာ 'ဝင်လေ ထွက် လေ' ပေါ့။ အာနကို ထွက်လေ၊ အပါနကို ဝင်လေလို့ ဘာသာပြန်ရင် တော့ အာနာပါနဆိုတာ 'ထွက်လေဝင်လေ' ပေါ့။

အာနဆိုတာ အစဆုံးဖြစ်တဲ့လေ၊ အပါနဆိုတာ နောက်မှဖြစ် တဲ့လေလို့ အဓိပ္ပာယ်ရပါတယ်။ လူသားတစ်ဦးရဲ့ ဘဝအစဦးဖြစ်စဉ် (ဥပ္ပတ္တိက္ကမ) အနေနဲ့ ကြည့်မယ်ဆိုရင်တော့ အစဆုံးဖြစ်တဲ့ လေဟာ ထွက်လေပါ။ နောက်မှဖြစ်တဲ့ လေဟာ ဝင်လေပါ။ လက်တွေ့ဘဝဖြစ် စဉ် (ပဝတ္တိက္ကမ) အနေနဲ့ကြည့်မယ်ဆိုရင်တော့ အစဆုံးဖြစ်တဲ့ လေဟာ ဝင်လေဖြစ်ပြီး နောက်မှဖြစ်တဲ့လေဟာ ထွက်လေဖြစ်ပါတယ်။

လူသားတစ်ဦးဟာ သန္ဓေသားဘဝ အမိဝမ်းထဲမှာ နေစဉ် အသက်မရှူရတဲ့အတွက် အမိဝမ်းမှကျွတ်လွတ်ဖွားမြင်တာနဲ့ တစ်ပြိုင်

http://www.dhammadownload.com

နက် သူ့ရဲ့ဝမ်းတွင်းက လေတွေ အပြင်ဘက်ကို အရင်ဆုံးထွက်လာပါတယ်။ နောက်မှ အပြင်ဘက်က လေကို ရှူသွင်းလိုက်တဲ့အတွက် အပြင်လေတွေ ဝမ်းတွင်းကို ဝင်လာတာပါ။ ဒါကြောင့် လူသားတစ်ဦးရဲ့ မွေးဖွားခါစ ဘဝအစဦးဖြစ်စဉ်ကို ကြည့်ပြီး ပြောရင် အာနာပါနဆိုတာ ထွက်လေဝင်လေပါလို့ ပြောရမှာပါ။

မွေးဖွားပြီးတဲ့နောက် လက်တွေ့ဘဝထဲမှာ လူသားတစ်ဦးအဖြစ်နဲ့ ဆက်လက်ရှင်သန်နေထိုင်နိုင်ဖို့အတွက်တော့ ဝင်လေကို အရင်ဆုံး 'ရှူ' သွင်းရပြီး၊ ထွက်လေကို နောက်မှ 'ရှိုက်' ထုတ်ရပါတယ်။ 'ရှူ' ပြီးမှ 'ရှိုက်' ရလို့လည်း 'ရှူရှိုက်' လို့ ခေါ်ကြတာပေါ့။ 'ရှိုက်ရှူ' လို့ ဘယ်သူမှ မသုံးနှုန်းကြတာကို ကြည့်ရင် လက်တွေ့ဘဝမှာ ထွက်လေရှိုက်တာက အရင်မဟုတ်ဘူး။ ဝင်လေရှူတာက အရင်ဆိုတာ သိသာထင်ရှားပါတယ်။

ပုံမှန်နေတဲ့အခါမှာလည်း ဝင်လေကို စရှူကြသလို အသက်ရှူလေ့ကျင့်ခန်း လုပ်ကြတဲ့အခါ၊ တရားဘာဝနာအလုပ် အားထုတ်ကြတဲ့အခါတွေမှာလည်း ဝင်လေကို စရှူကြပါတယ်။ နောက်ဆုံး စိတ်လှုပ်ရှားလို့ အသက်ပြင်းပြင်းရှူကြတဲ့ အခါမျိုးမှာတောင် ဝင်လေကိုပဲ စရှူကြရပါတယ်။ ဒါကြောင့် လက်တွေ့ဘဝ ဖြစ်စဉ်ကို ကြည့်ပြီး ပြောရင် အာနာပါနဆိုတာ ဝင်လေထွက်လေပါလို့ ပြောရမှာပါ။

အာနာပါနကို ကမ္မဋ္ဌာန်းတစ်ခုအဖြစ် ကျင့်ကြံအားထုတ်ဖို့ မြတ်စွာဘုရားဟောတာဟာ မွေးဖွားခါစလူသားတွေအတွက် ဟောတာ မဟုတ်ပါဘူး။ လက်တွေ့ဘဝထဲမှာ ရှင်သန်လှုပ်ရှားနေတဲ့ လူသားတွေ

http://www.dhammadownload.com

အတွက် ဟောတာပါ။ ဒါကြောင့် အာနာပါနကို 'ဝင်လေထွက်လေ' လို့ သုံးနှုန်းတာဟာ လက်တွေ့ဘဝနဲ့ တစ်ထပ်တည်းကျတဲ့အတွက် အသင့်လျော်ဆုံးပါပဲ။

ဒါပေမဲ့ 'ပညတ်' ဆိုတာ အမြဲထာဝရ မှန်တဲ့အရာမဟုတ်ဘဲ သူ့နေရာ၊ သူ့အချိန်အခါနဲ့သူ၊ သူ့ဒေသ၊ သူ့ပုဂ္ဂိုလ်နဲ့သူ အခြေအနေအား လျော်စွာ မှန်ကန်ကြတာမို့ 'ထွက်လေဝင်လေ' လို့ သုံးနှုန်းမယ်ဆိုရင် လည်း မမှားပါဘူး။ ကိုယ်ဆန္ဒရှိသလို သုံးနှုန်းတာမို့ ကိုယ့်ဘဝ၊ ကိုယ့် စိတ်ထဲမှာတော့ မှန်နေမှာပါပဲ။

အာနဆိုတာ ထွက်လေ၊ အပါနဆိုတာ ဝင်လေ ဟုတ်တယ်ပဲ ထားဦး၊ 'ထွက်လေဝင်လေ' ကို 'ဝင်လေထွက်လေ' လို့ ပြောင်းပြန်ပြန် လှည့် သုံးမယ်ဆိုရင်လည်း ရပါတယ်။ 'Eyes and Ears' ကို မျက်စိနဲ့နား လို့ တိုက်ရိုက်ဘာသာမပြန်ဘဲ 'နားနဲ့မျက်စိ' လို့ ပြောင်းပြန်ဘာသာပြန် ပြီး 'သတင်းစာတွေဟာ တိုင်းပြည်ရဲ့ နားနဲ့မျက်စိဖြစ်တယ်' လို့တောင်ဆို ကြသေးတာပဲမဟုတ်လား။ ပါဠိစာပေမှာတော့ အဲဒီနည်းကို ဝဏ္ဏဝိပရိ ယာယနည်း = အက္ခရာရှေ့နောက်ပြန်တဲ့နည်းလို့ ခေါ်ပါတယ်။

ဝင်လေထွက်လေလို့ပဲသုံးသုံး၊ ထွက်လေဝင်လေလို့ပဲသုံးသုံး၊ လက်တွေ့ဘာဝနာအလုပ်ခွင်မှာတော့ နှာသီးဝလေထိရာအရပ်မှာ စိတ် ကို၊ သတိကို စွဲမြဲစွာ ကပ်ထားပြီး တစ်ထိတည်း ထိနေတာကို တစ်သိ တည်း သိနေအောင် အဆက်မပြတ် ရှုမှတ်ပွားများနေဖို့ လိုရင်းပါပဲ။ 'ထိမှု ၊ သိမှု၊ ထိုနှစ်ခု၊ သတိ ကြပ်ကြပ်ပြု' ဆိုတဲ့အတိုင်း ဝင်လေ ထွက်လေနဲ့ ဆက်စပ်နေတဲ့ ထိမှု ရုပ်တရား၊ သိမှု နာမ်တရားတွေရဲ့

http://www.dhammadownload.com

သဘောသဘာဝကို တစ်ဆင့်ထက်တစ်ဆင့် ပိုမိုပြီး သိလာအောင် ကျင့်ကြံအားထုတ်နေမယ်ဆိုရင် အာနာပါနကမ္မဋ္ဌာန်း ပြည့်စုံအောင် မြင်သွားနိုင်ပါတယ်။

အားထုတ်ခါစ ပထမပိုင်းမှာသာ ဒါက ဝင်လေ၊ ဒါက ထွက်လေလို့ ကွဲပြားနေပေမယ့် အားထုတ်မှု ရင့်ကျက်သွားတဲ့အခါမှာတော့ ဒါက ဝင်လေ၊ ဒါက ထွက်လေဆိုတဲ့ အသိမရှိတော့ဘဲ ထိမှုသဘောသက်သက်၊ လှုပ်ရှားမှုသဘောသက်သက်ကိုပဲ တစ်ဆက်တည်း တွေ့မြင်သွားပါလိမ့်မယ်။


လူတစ်ယောက်ဟာ ဝင်လေပြန်မထွက်ရင် ၊ သို့မဟုတ် ထွက်လေ ပြန်မဝင်ရင် သေဆုံးတာမို့ ဝင်လေထွက်လေကို 'ဝင်သက်ထွက်သက်' လို့လည်း သုံးနှုန်းကြပါတယ်။ လူ့အသက်တစ်ချောင်းဟာ ဝင်လေနဲ့ ထွက်လေကြား ၊ သို့မဟုတ် ထွက်လေနဲ့ဝင်လေကြားမှာပဲရှိတာမို့ ဝင်လေထွက်လေသည်ပင်လျှင် လူတစ်ယောက်ရဲ့ ဘဝပါပဲ။ ဝင်လေထွက်လေကို မေ့နေတဲ့သူဟာ ဘဝမေ့နေတဲ့သူဖြစ်ပြီး ဝင်လေထွက်လေကို မမေ့တဲ့သူဟာ ဘဝမမေ့တဲ့သူပါ။ ဘဝမမေ့တဲ့သူဖြစ်ချင်ရင် ဝင်လေထွက်လေမှာ အမြဲမပြတ်၊ သို့မဟုတ် မကြာခဏ သတိကပ်ထားပြီး သိနေပါ .... လို့။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊ ဒီဇင်ဘာ၊ ၆၊ ၂၀၀၀]

■

http://www.dhammadownload.com



http://www.dhammadownload.com

| |
|---|
| သေလွန်ပြီးတဲ့နောက် |
| ကုသိုလ်အကျိုးပေးကြောင့် |
| လူဖြစ်သွားတယ်၊ နတ်ဖြစ်သွားတယ်ဆိုရင် |
| ဒါမှမဟုတ် အကုသိုလ်အကျိုးပေးကြောင့် |
| ငရဲကျသွားတယ်၊ တိရစ္ဆာန် |
| ဖြစ်သွားတယ်ဆိုရင်ကျန်ရစ်သူတွေက |
| သူ့အတွက်ရည်စူးပြီးပြုတဲ့ |
| ကုသိုလ်ရဲ့အကျိုးကို |
| သူလုံးဝခံစားခွင့်မရှိတော့ပါဘူး။ |
| □ □ □ □ □ □ □ |

**အရှင်ဘုရား . . .**

သေဆုံးသူကိုရည်စူး၍ အလှူဒါနပြုလုပ်လျှင် ရည်စူးခံရသူ၌ မည့်သို့သော အကျိုးကျေးဇူးများ ရနိုင်သည်ကို သိလိုပါသည်ဘုရား။

**ဦးမောင်လှ၊ အလုံမြို့နယ်။**

ဒကာကြီးဦးမောင်လှရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ လအတော်ကြာလောက်က ဖတ်လိုက်ရတဲ့သတင်းတစ်ပုဒ်ကို ချက်ချင်း သတိရလိုက်မိပါတယ်။ မတော်တဆမှုတစ်ခုနဲ့ ရုတ်တရက်သေဆုံးသွား ခဲ့ရတဲ့ နာမည်ကျော်အနုပညာရှင်တစ်ဦးအကြောင်းပါ။ သေပြီးနောက် သူ့အစ်မရင်းတစ်ယောက်ရဲ့ဝမ်းမှာ ယောကျ်ားလေးတစ်ယောက်အဖြစ်

နဲ့ပဲ ပြန်ဝင်စားလို့ အရွယ်တောင် အတော်လေးရောက်နေပါပြီ။

သူ့မိခင်က သေသွားတဲ့သူ့သား သူ့မြေးအဖြစ် သူ့တို့ဘဝထဲ ပြန်ဝင်ရောက်လာတာကို အထောက်အထားခိုင်လုံစွာ သိပါလျက် ခုချိန်ထိ သူ့သားအတွက် ရည်စူးပြီး ကုသိုလ်ပြု၊ အမျှပေးဝေနေတုန်းပါပဲတဲ့။ တကယ်တော့ သေသွားသူက လူသားတစ်ဦး ပြန်ဖြစ်နေပြီဆိုတာ အတိအကျသိနေမှတော့ သူ့အတွက်ရည်စူးပြီး ကုသိုလ်ပြုအမျှပေးဝေနေစရာ မလိုတော့ပါဘူး။ ပြုပေးလည်း သူ့အတွက် ဘာမှ အကျိုးမပြီး အချည်းနှီးပါပဲ။

ကုသိုလ်မပြုရဘူးလို့ မဆိုလိုပါဘူး။ ကုသိုလ်ဆိုတာကတော့ ဘာအကြောင်းကြောင့်မဆို ပြုရမှာပေါ့။ သေသူကိုပဲရည်စူးရည်စူး၊ ရှင်သူကိုပဲ ရည်စူးရည်စူး၊ ကုသိုလ်ဆိုတာပြုသင့်ပါတယ်။ ဒါပေမယ့် သေသွားတဲ့သူက လူပြန်ဖြစ်နေပြီဆိုရင် သူ့အတွက် ရည်စူးပြီးပြုတဲ့ ကုသိုလ်ရဲ့ အကျိုးကို သူခံစားခွင့် မရှိတော့ဘူးလို့ဆိုလိုပါတယ်။ လူဝင်စားက သူ့အတွက် ကုသိုလ်ပြုပေးမှန်းသိပြီး သာဓုခေါ်ရင် ကုသိုလ်တော့ရမှာပေါ့။ ကုသိုလ်အကျိုးတော့ ချက်ချင်းလက်ငင်း ခံစားခွင့်မရှိပါဘူး။

ရဟန္တာပုဂ္ဂိုလ်များမှတစ်ပါး သတ္တဝါတစ်ဦးတစ်ယောက် သေဆုံးသွားရင် လားရောက်ရမယ့်ဘဝ ငါးမျိုးရှိပါတယ်။ ဂတိငါးပါးပေါ့။ လူ့ဘဝ၊ နတ်ဘဝ၊ ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝဆိုပြီးတော့ ဘဝငါးမျိုး တစ်မျိုးမျိုးကို လားရောက်ရပါတယ်။ ဗြဟ္မာဘဝက နတ်ဘဝထဲမှာ၊ အသုရကာယ်ဘဝကပြိတ္တာဘဝထဲမှာ အကျုံးဝင်ပါတယ်။

ကုသိုလ်နဲ့သေတဲ့သူက ကုသိုလ်သတ္တိအားလျော်စွာ လူ့ဘဝ၊

http://www.dhammadownload.com

နတ်ဘဝဆိုတဲ့ ကောင်းရာသုဂတိဘဝတွေကို လားရောက်ရပြီး အကုသိုလ်နဲ့ သေတဲ့သူက အကုသိုလ်သတ္တိအားလျော်စွာ ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝဆိုတဲ့ မကောင်းရာဒုဂ္ဂတိဘဝတွေကို လားရောက်ရပါတယ်။

သေလွန်ပြီးတဲ့နောက် ကုသိုလ်အကျိုးပေးကြောင့် လူဖြစ်သွားတယ်၊ နတ်ဖြစ်သွားတယ်ဆိုရင်၊ ဒါမှမဟုတ် အကုသိုလ် အကျိုးပေးကြောင့် ငရဲကျသွားတယ်၊ တိရစ္ဆာန်ဖြစ်သွားတယ်ဆိုရင် ကျန်ရစ်သူတွေက သူ့အတွက်ရည်စူးပြီးပြုတဲ့ ကုသိုလ်ရဲ့ အကျိုးကို သူ လုံးဝခံစားခွင့်မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက် ရည်စူးပြီး ကုသိုလ်ပြုနေတာကို သူ လုံးဝ မသိနိုင်တော့လို့ပါပဲ။

တကယ်လို့ အကုသိုလ်အကျိုးပေးတစ်ခုခုကြောင့် ပြိတ္တာဘုံဘဝ ရောက်သွားမယ်ဆိုရင်တော့ ကျန်ရစ်သူတွေက သူ့အတွက် ရည်စူးပြီးပြုတဲ့ ကုသိုလ်ရဲ့အကျိုးကို အကြောင်းညီညွတ်မယ်ဆိုရင် သူ အပြည့်အဝ ခံစားခွင့်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက် ရည်စူးပြီး ကုသိုလ်ပြုနေတာကို အကြောင်းညီညွတ်ရင် သူ သိနိုင်လို့ပါပဲ။

ပြိတ္တာဘုံဘဝရောက်တိုင်းလည်း ရည်စူးကုသိုလ်ရဲ့အကျိုးကို ခံစားခွင့်ရှိတာ မဟုတ်ပါဘူး။

ထမင်းဆာလောင်ခြင်း၊ ရေမွတ်သိပ်ခြင်းတို့ရဲ့ နှိပ်စက်မှုဒဏ်ကို အမြဲမပြတ် ခံနေရတဲ့ 'အငတ်ခံပြိတ္တာ' (ခုပ္ပိပါသိကပြိတ္တာ)၊

ပူပြင်းတဲ့ မီးတောက်မီးလျှံတွေရဲ့ လောင်ကျွမ်းဝါးမြိုက်မှုဒဏ်ကို အကြားမလပ် ခံနေရတဲ့ 'အလောင်ခံပြိတ္တာ'(နိဇ္ဈာမတဏှိကပြိတ္တာ)၊

http://www.dhammadownload.com

အသူရကာယ်လို့ သီးခြားခေါ်တဲ့ 'အကြီးစားပြိတ္တာ' (ကာလကဉ္စိကပြိတ္တာ) တွေဟာ ပြိတ္တာဖြစ်ပေမယ့် ရည်စူးကုသိုလ်ကို သာဓုခေါ်နိုင်စွမ်း မရှိကြတဲ့အတွက် ရည်စူးကုသိုလ်ရဲ့အကျိုးကို ဘာမှခံစားခွင့်မရှိပါဘူး။

သူတစ်ပါးတို့ပေးတဲ့ အစားအစာကို အမှီပြုပြီး အသက်ရှင်နေရတဲ့ 'အပေးခံပြိတ္တာ' (ပရဒတ္တူပဇီဝိကပြိတ္တာ) တစ်မျိုးတည်းသာ ရည်စူးကုသိုလ်ကို သာဓုခေါ်နိုင်စွမ်းရှိတဲ့အတွက် ရည်စူးကုသိုလ်ရဲ့ အကျိုးကို ခံစားခွင့်ရှိပါတယ်။ ဒီအပေးခံပြိတ္တာမျိုးကို 'ဝေမာနိကပြိတ္တာ' (ဗိမာန်ရှင်ပြိတ္တာ) လို့ အများက သိကြပါတယ်။

ရည်စူးကုသိုလ်တစ်ခုက အရည်စူးခံပုဂ္ဂိုလ်ကို ကောင်းကျိုးပြုနိုင်ဖို့အတွက် အင်္ဂါရပ်ငါးချက်နဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။

(၁) အလှူခံပုဂ္ဂိုလ်ဟာ ကိုယ်ကျင့်သီလစတဲ့ သူတော်ကောင်းဂုဏ်နဲ့ ပြည့်စုံသူဖြစ်ရမယ်၊

(၂) အလှူပေးပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ 'ဒီကုသိုလ်ဟာ တမလွန်ဘဝ ပြောင်းသွားတဲ့ ဘယ်သူ့အတွက် ရည်စူးပါတယ်' လို့ ရည်စူးစိတ်ထား အတိအကျရှိရမယ်၊

(၃) လှူဖွယ်ပစ္စည်း အမျိုးအစား စုံလင်ရမယ်၊

(၄) အလှူပေးပုဂ္ဂိုလ်က မိမိရည်စူးတဲ့ပုဂ္ဂိုလ်ကို ကုသိုလ်အမျှအတန်း ပေးဝေရမယ်၊

(၅) တမလွန်ဘဝမှ အရည်စူးခံပုဂ္ဂိုလ်က ရည်စူးကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရမယ်။

http://www.dhammadownload.com

ဒီအင်္ဂါရပ်ငါးချက်နဲ့ ပြည့်စုံပြီဆိုရင်တော့ သာဓုခေါ်လိုက်တာနဲ့ တစ်ပြိုင်နက် အလှူပွဲမှာ ပါဝင်လှူဒါန်းထားတဲ့ပစ္စည်းတွေနဲ့ နာမည်သာတူပြီး အမျိုးအစား အလွန်ကောင်းမွန်၊ အရေအတွက် အဆများစွာသာလွန်တဲ့ ပစ္စည်းပေါင်းများစွာကို တမလွန်ဘဝက အရည်စူးခံပုဂ္ဂိုလ်သေချာပေါက် ရရှိခံစားရပါတော့တယ်။ 'အမည်တူ' 'အမျိုးကောင်း' ပစ္စည်းတွေကို 'အဆတိုး' ခံစားရတယ်ဆိုပါတော့။

'အမည်တူ' လို့ဆိုထားတဲ့အတွက် ဒီက အစားအစာပေးလှူပြီး အမျှဝေရင် ဟိုမှာ အစားအစာ ပြည့်စုံသွားပါတယ်။ ဒီက အဝတ်အထည်ပေးလှူပြီး အမျှဝေရင် ဟိုမှာ အဝတ်အထည် ပြည့်စုံသွားပါတယ်။ အစားအစာပေးလှူရုံနဲ့ အဝတ်အထည်ပါ မပြည့်စုံနိုင်သလို အဝတ်အထည်ပေးလှူရုံနဲ့လည်း အစားအစာပါ မပြည့်စုံနိုင်ပါဘူး။ ဆွမ်းသာလှူပြီး ရေမလှူရင်တောင် အစားသာ ရှိပြီး ရေငတ်နေတတ်ပါတယ်။ ဒါလှူပေးမှ ဒါရသွားတဲ့သဘောရှိတာမို့ လှူဖွယ်ပစ္စည်းအမျိုးအစားစုံလင်ဖို့ သိပ်အရေးကြီးပါတယ်။

သေလွန်သူကို ရည်စူးတဲ့ အလှူပွဲတစ်ခုမှာ အောက်ထစ်ဆုံးအားဖြင့် စားစရာအတွက် ဆွမ်းတစ်ပန်းကန်၊ သို့မဟုတ် မုန့်တစ်ခု၊ သောက်စရာအတွက် ရေတစ်ဖန်ခွက်၊ ဝတ်ရုံစရာ အဝတ်အထည်အတွက် လက်သုတ်ပဝါတစ်ထည်၊ သို့မဟုတ် လက်ကိုင်ပဝါတစ်ထည်၊ ခိုစရာဆောင်းစရာ အဆောက်အအုံအတွက် ထီးတစ်လက်၊ သို့မဟုတ် ယပ်တောင်တစ်ချောင်း၊ စီးနင်းသွားစရာ ယာဉ်အတွက် ဖိနပ်တစ်ရံ၊ အနည်းဆုံး လှူဖွယ်ပစ္စည်းငါးမျိုး ပါဝင်ရပါမယ်။ ဒါမှ စားရေး၊ သောက်

http://www.dhammadownload.com

ရေး၊ ဝတ်ရေး၊ နေရေး၊ သွားလာရေး အဆင်ပြေသွားမှာပါ။ ကျန်းမာရေးပါ ပြည့်စုံသွားအောင် လျက်ဆားတစ်ထုပ်လောက် ထည့်ချင်ထည့်လိုက်ပါဦး။

မိမိကိုရည်စူးပြီးပြုတဲ့ အလှူဒါနအမှုအတန်းကို သာဓုခေါ်တဲ့ ပြိတ္တာတစ်ဦးဟာ ပြိတ္တာဘဝက ကျွတ်လွတ်ထိုက်တဲ့ ကံပါရင် သာဓုခေါ်ပြီးတာနဲ့တစ်ပြိုက်နက် ပြိတ္တာဘဝက ကျွတ်လွတ်ပြီး ကံအားလျော်စွာ နတ်ပြည်၊ လူ့ပြည် ရောက်သွားနိုင်ပါတယ်။ ကျွတ်လွတ်ထိုက်တဲ့ကံမပါသေးဘူးဆိုရင်တော့ ပြိတ္တာဘဝမှာပဲ ကျန်ရစ်သူလူတွေ လှူဒါန်းပေးတဲ့ ပစ္စည်းတွေနဲ့ အလားတူ အမည်တူ၊ အမျိုးကောင်း၊ အဆတိုးပစ္စည်းတွေကို သုံးဆောင်ခံစားခွင့် ရသွားပါတယ်။

မြတ်စွာဘုရားလက်ထက်တုန်းက သုဝဏ္ဏဘူမိဘက်ကို ရေကြောင်းခရီးကနေ အရောင်းအဝယ်ထွက်လာတဲ့ သာဝတ္ထိမြို့သား ကုန်သည်တစ်စု သမုဒ္ဒရာအလယ်မှာ လေမုန်တိုင်းဒဏ်မိပြီး ကျွန်းငယ်တစ်ကျွန်းပေါ် ဆိုက်ရောက်သွားပါတယ်။ ကျွန်းအလယ်က ဆန်းကြယ်လှပတဲ့ ဗိမာန်တစ်လုံးထဲမှာ ဆံပင်ဖားလျားချထားတဲ့ အမျိုးသမီးတစ်ယောက်ခိုအောင်းနေတာတွေ့တဲ့အတွက် အပြင်ဘက် ထွက်လာဖို့ ကုန်သည်တစ်ယောက်က လှမ်းခေါ်လိုက်ပါတယ်။

'နားနဲ့မနာ , ဖဝါးနဲ့နာပါ ဦးရယ်၊ ကျွန်မမှာ ဝတ်စရာအဝတ်လုံးဝမရှိလို့ ကိုယ်တုံးလုံးဖြစ်နေပါတယ်၊ ကျွန်မတစ်ကိုယ်လုံးကို ဆံပင်တွေနဲ့ပဲ ဖုံးထားရပါတယ်ရှင်၊ ရှက်လွန်းလို့ ကျွန်မ အပြင်မထွက်ဝံ့တာခွင့်လွှတ်ပါနော်'

http://www.dhammadownload.com

'ဒါဆို ကျွန်တော့်ပုခုံးပေါ်က ဟောဒီအပေါ်ရုံအဝတ် အရှင်မ ကို ပေးပါတယ်၊ ရော့ .... ယူပါ၊ ဒီအဝတ်ကို ဝတ်ပြီး ခဏလောက် အပြင်ထွက်ခဲ့ပါ ခင်ဗျာ'

'ဦးရဲ့ ကြင်နာမှု၊ ကူညီမှုအတွက် ကျေးဇူးအများကြီးတင်ပါ တယ် ဦးရယ်၊ ဒါပေမယ့် ကျွန်မတို့လို တမလွန်သူတွေကို ဦးတို့လို လူတွေ က ပစ္စည်းတစ်ခုခုပေးချင်ရင် အဲဒီလို တိုက်ရိုက်ကြီး ပေးလို့မရဘူးလေ ဦးရဲ့၊ ပေးတဲ့သူက ပေးလည်း ကျွန်မတို့က လုံးဝ ယူလို့မရဘူး'

'ဦးရဲ့အဝတ် ကျွန်မကို ပေးချင်တယ်ဆိုရင် ဦးတို့ သင်္ဘောသား တွေထဲမှာ ရတနာသုံးပါးနဲ့ ကံ၊ ကံရဲ့အကျိုးတရားကို လက်ခံယုံကြည် ပြီး သရဏဂုံတည်နေတဲ့ သူတော်ကောင်းတစ်ယောက် ပါလာပါတယ်။ ဦးရဲ့ အဝတ် သူ့ကို ပေးလှူခြင်းဖြင့် ဦးက ဒါနကုသိုလ် အရင်ယူထား လိုက်ပါ။ ပြီးမှ ဦးရထားတဲ့ဒါနကုသိုလ်အဖို့ကို ကျွန်မအတွက် ရည်မှန်း ပြီး အမျှအတန်းပေးဝေလိုက်ပါ။ ကျွန်မက ဝမ်းမြောက်စွာ သာဓုခေါ် ခြင်းဖြင့် လက်ခံယူလိုက်ပါ့မယ်။ ဒါဆိုရင် ဦးပေးတဲ့အဝတ်ထက် အဆ ပေါင်းများစွာ ကောင်းပြီး၊ အဆပေါင်းများစွာ များတဲ့ အဝတ်အထည် တွေ ကျွန်မ ရပြီပေါ့ရှင်'

ဗိမာန်ရှင် အမျိုးသမီးလေး ညွှန်ကြားတဲ့အတိုင်း သူတော် ကောင်း သင်္ဘောသားကို ကျန်သင်္ဘောသားတွေက နံ့သာရည်တွေနဲ့ ရေချိုးပေးကြ၊ သင့်တော်တဲ့ဝတ်စုံတစ်စုံဝတ်ဆင်ပေးကြ၊ အနံ့အရသာ နဲ့ပြည့်စုံတဲ့ စားဖွယ်သောက်ဖွယ်တွေ ကျွေးမွေးကြပြီး ဒါနကုသိုလ်တွေ အရင်ယူထားလိုက်ကြပါတယ်။ ပြီးမှ သူမကို ရည်မှန်းပြီး အမျှအတန်း

http://www.dhammadownload.com

ပေးဝေလိုက်ကြပါတယ်။ သူမ သာခုခေါ်လိုက်တာနဲ့တစ်ပြိုင်နက် နတ်ပြည်က အဝတ်အစားနဲ့တူတဲ့ ဝတ်စရာမျိုးစုံ၊ နတ်ပြည်က အစားအစာနဲ့ တူတဲ့ စားစရာမျိုးစုံ၊ ပြည့်ပြည့်စုံစုံ၊ ပိုပိုလျှံလျှံကြီး သူမ ရရှိသွားပါတယ်။

ပြိတ္တာနွယ်ဖွား တမလွန်သူ၊ တမလွန်သားတွေကို ဘာပစ္စည်းပေးပေး တိုက်ရိုက်ပေးလို့မရပါဘူး။ လက်နဲ့ကိုင်ပြီးပဲဖြစ်ဖြစ်၊ စားပွဲပေါ်၊ စင်ပေါ်၊ အုတ်ဂူပေါ်သွားတင်ပြီးပဲဖြစ်ဖြစ်၊ ပုံစံတူပစ္စည်းအတုတွေ၊ စက္ကူတွေကို မီးရှို့ပြီးပဲဖြစ်ဖြစ် လုံးဝ ပေးလို့မရပါဘူး။ ပေးလို့ရတယ်လို့ ယုံကြည်ပြီးပေးလည်း အဲဒီ ယုံကြည်မှုဟာ တလွဲယုံကြည်မှု (အယူလွဲမှု) မျှသာဖြစ်တဲ့အတွက် အချိန်ကုန်၊ လူပန်း၊ ငွေခန်းရုံကလွဲလို့ ဘာအကျိုးမှ မရှိပါဘူး။ ယုံတိုင်း ဖြစ်တာမှ မဟုတ်ဘဲ။

ဒါ့ကြောင့် တမလွန်ရောက်ကျေးဇူးရှင်တွေကို တကယ်ကျေးဇူးဆပ်ချင်တယ်၊ တမလွန်ရောက် ချစ်ခင်သူတွေကို တကယ်အကျိုးရစေချင်တယ်ဆိုရင် လွဲမှားတဲ့ ပေးနည်းမျိုးတွေကို ရှောင်ကြဉ်ပြီး သူတော်ကောင်းဂုဏ်နဲ့ပြည့်စုံတဲ့ ရဟန်းသံဃာ၊ သို့မဟုတ် လူဝတ်ကြောင်တွေကို မိမိ ပေးလိုရာ ပစ္စည်းများ ပေးလှူခြင်းဖြင့် ဒါနကုသိုလ်ကို ကိုယ်က အရင်ရအောင် ယူပါ၊ ပြီးမှ အဲဒီဒါနကုသိုလ်ကို တမလွန်ရောက် ကိုယ့်ကျေးဇူးရှင်၊ ကိုယ့်ချစ်ခင်သူတွေကို အတိအကျရည်မှန်းပြီး အမျှအတန်း ပေးဝေလိုက်ပါ .... လို့။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊ ဖေဖော်ဝါရီ၊ ၇၊ ၂၀၀၁]

http://www.dhammadownload.com

■ ဒီကအစားအစာပေးလှူပြီးအမျှဝေရင်
ဟိုမှာအစားအစာပြည့်စုံသွားပါတယ်။
ဒီကအဝတ်အထည်ပေးလှူပြီးအမျှဝေရင်
ဟိုမှာအဝတ်အထည်ပြည့်စုံသွားပါတယ်။
အစားအစာပေးလှူရုံနဲ့အဝတ်အထည်ပါ
မပြည့်စုံနိုင်သလိုအဝတ်အထည်
ပေးလှူရုံနဲ့လည်းအစားအစာပါ
မပြည့်စုံနိုင်ပါဘူး။ဆွမ်းသာလှူပြီး
ရေမလှူရင်တောင်အစားသာ
ရှိပြီးရေငတ်နေတတ်ပါတယ်။

■ နိဗ္ဗာန်ကိုရည်စူးတဲ့တောင်းဆုဟာ
အမြင့်ဆုံးတောင်းဆုပါ။
နိဗ္ဗာန်ဘူတာအထိကုသိုလ်လက်မှတ်
ဖြတ်ထားပြီးမှတော့လူချမ်းသာ
နတ်ချမ်းသာဆိုတဲ့ကြားဘူတာတွေ
ဖြတ်သန်းခွင့်မရမှာကို
တွေးပူနေစရာမလိုတော့ပါဘူး။
သေချာပေါက်ဖြတ်သန်းခွင့်ရမှာပါ။

■ ဘာကောင်းမှုပဲပြုပြု
ပြုနေဆဲအခိုက်အတန့်မှာ
နိဗ္ဗာန်ဆိုတဲ့အမြင့်ဆုံးဆုကိုပဲ
တောင့်တပြီးပြုသင့်ပေမယ့်
ပြုပြီးနောက်ပိုင်းဘဝအခက်အခဲတွေ
ဘဝလိုအပ်ချက်တွေနဲ့
ကြုံဆုံလာတဲ့အခါမှာတော့
ကိုယ်ပြုထားတဲ့ကောင်းမှုကိုတိုင်တည်ပြီး
သစ္စာဆိုဆုတောင်းခွင့်ရှိပါတယ်။

http://www.dhammadownload.com



http://www.dhammadownload.com

| |
|---|
| ကိုယ့်ရဲ့တောင်းဆုကိုအမြင့်ဆုံးမှာ |
| ထားတတ်ဖို၊ ထားနိုင်ဖို၊ ထားဖြစ်ဖို |
| အထူးလိုအပ်လှပါတယ်။ |
| အမြင့်ဆုံးတောင်းဆုကိုပြုထားရင်အမြင့်ဆုံးရဲ့ |
| အောက်ကကောင်းကျိုးဆုလာဘ်တွေကိုလည်း |
| မလိုချင်အဆုံးရရှိသွားမှာပါ။ |

**အရှင်ဘုရား . . .**

ဘုရားတပည့်တော် ကုသိုလ်ဖြစ် သွေးလှူဒါန်းနေတာ ဆယ့်တစ်ကြိမ် ရှိသွားပါပြီဘုရား၊ သွေးလှူဒါန်းရတဲ့ ကုသိုလ်ကြောင့် ရရှိနိုင်တဲ့ အကျိုးတရားများကို ဖြေကြားပေးတော်မူပါဘုရား။

**မောင်ကျော်ဆွေ၊ ပတ္တမြားမြို့သစ်။**

ဒကာကျော်ဆွေရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ ဘုရားလောင်း သိဝိမင်းကြီးကို ချက်ချင်း သတိရလိုက်မိပါတယ်။ သွေးဆိုတာ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လို့ ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းတစ်ခု ရက်ရောစွာ လှူဒါန်းခဲ့ဖူးတဲ့ ဘုရားအလောင်း သိဝိမင်းကြီးကို သတိရမိတာပါ။

ဘုရားလောင်း သိဝိမင်းကြီးဟာ စွန့်ကြဲပေးကမ်းလှူဒါန်းနေရတဲ့အလုပ်မှာ အင်မတန် မွေ့လျော်တဲ့ ဒါနပျော် မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ပါတယ်။ သူမင်းဖြစ်တဲ့နေ့ကစပြီး မြို့တံခါးလေးဖက်ရယ်၊ မြို့လယ်ကောင်ရယ်၊ နန်းတော်တံခါးရယ်၊ ဌာနကြီးခြောက်ခုမှာ အလှူ

http://www.dhammadownload.com

မဏ္ဍပ်ကြီး ခြောက်ခုဆောက်လုပ်ပြီး နေ့စဉ်နေ့တိုင်း အသပြာခြောက် သိန်းတန် အလှူကြီး ပေးနေခဲ့ပါတယ်။

'ပြင်ပအလှူ' နဲ့ ပတ်သက်လို့ကတော့ သိဝိမင်းကြီးမလှူဖူးတဲ့ အလှူ တစ်ခုမှ မရှိပါဘူး။ ပစ္စည်းအမျိုးအစား စုံလင်အောင် လှူဖူးပါ တယ်။ ဒါပေမဲ့ ကျေနပ်အားရမှုမရှိသေးတဲ့အတွက် ခန္ဓာကိုယ်အစိတ် အပိုင်း တစ်ခုခု ပေးလှူရတဲ့ 'အတွင်းအလှူ' ပေးလှူချင်တဲ့ စိတ်ဆန္ဒ သူ့မှာ ပြင်းပြထက်သန်လာပါတယ်။

အလှူခံတစ်စုံတစ်ယောက် နှလုံးသားလိုချင်ရင် နှလုံးသား ထုတ်လှူမယ်၊ အသားလိုချင်ရင် အသားဖြတ်လှူမယ်၊ သွေးလိုချင်ရင် သွေးဖောက်လှူမယ်၊ မျက်စိလိုချင်ရင် မျက်စိထုတ်လှူမယ်၊ ကျွန်လိုချင် ရင် မင်းစည်းစိမ်စွန့်ပြီး ငါကိုယ်တိုင် ကျွန်လုပ်မယ်လို့ အခိုင်အမာဆုံး ဖြတ်ထားတဲ့ ဘုရားလောင်း သိဝိမင်းကြီးထံမှောက် မျက်မမြင်ပုဏ္ဏား အိုအသွင်နဲ့ သိကြားမင်းရောက်လာပြီး မျက်စိတစ်လုံး အလှူခံပါတော့ တယ်။

မျက်စိတစ်လုံးပဲ အလှူခံတဲ့ပုဏ္ဏားကို သိဝိမင်းကြီးက မျက်စိ နှစ်လုံးလုံး ဖောက်ထုတ်ပေးလှူခဲ့ပါတယ်။ 'အခုလို မျက်စိနှစ်လုံး ထုတ် လှူရတဲ့ကုသိုလ်ကောင်းမှုဟာ သဗ္ဗညုတဉာဏ်တော်ကြီးရဲ့ အထောက် အပံ့ဖြစ်ပါစေ' လို့ မျက်စိအလှူရဲ့ အကျိုးတရားအဖြစ် သဗ္ဗညုတဉာဏ် တော်ကြီးကိုပဲ သိဝိမင်းကြီး တောင့်တခဲ့ပါတယ်။ တောင့်တခဲ့တဲ့အတိုင်း လည်း သဗ္ဗညုတဉာဏ်တော်ကြီးရပြီး ဘုရားအဖြစ်နဲ့ သတ္တဝါအများရဲ့ ကောင်းကျိုးချမ်းသာကို သူမတူအောင် ရွက်ဆောင်တော်မူနိုင်ခဲ့ပါတယ်။

ဘယ် 'ကောင်းမှု' ပဲပြုပြု၊ 'တောင်းဆု' က သိပ်အရေးကြီးပါတယ်။ လူသားတွေမှာ ကောင်းမှုတစ်ခုပြုပြီးတိုင်း တောင်းဆုတစ်ခုတော့ အနည်းဆုံး ရှိတတ်ကြတာမို့ ကိုယ့်ရဲ့တောင်းဆုကို အမြင့်ဆုံးမှာထားတတ်ဖို့၊ ထားနိုင်ဖို့၊ ထားဖြစ်ဖို့ အထူးလိုအပ်လှပါတယ်။ အမြင့်ဆုံးတောင်းဆုကို ပြုထားရင် အမြင့်ဆုံးရဲ့အောက်က ကောင်းကျိုးဆုလာဘ်တွေကိုလည်း မလိုချင်အဆုံး ရရှိသွားမှာပါ။ အထူး တောင့်တနေစရာမလိုပါဘူး။

ရန်ကုန်ကနေ မန္တလေးအထိ ရထားလက်မှတ်ဖြတ်ထားတဲ့သူဟာ ပဲခူးဘူတာ ရောက်ပါစေ၊ သာစည်ဘူတာ ရောက်ပါစေ၊ ဆုတောင်းနေစရာမလိုပါဘူး။ သေချာပေါက်ရောက်ပါတယ်။ ပဲခူးအထိ၊ သာစည်အထိပဲ ရထားလက်မှတ်ဖြတ်ထားတယ်ဆိုရင်တော့ ပဲခူးအထိ၊ သာစည်အထိပဲ ရောက်ပါတယ်။ ပဲခူးဘူတာ၊ သာစည်ဘူတာမှာ ဆင်းနေရစ်ခဲ့ပေတော့၊ ပဲခူးဟိုဘက်၊ သာစည်ဟိုဘက် ဆက်လိုက်ဖို့ လုံးဝစိတ်မကူးနဲ့။ ဆက်လိုက်ချင်ရင် လက်မှတ်ထပ်ဝယ်၊ ဒါမှမဟုတ်ပိုက်ဆံထပ်ပေး၊ ဒါပါပဲ။

'သဗ္ဗမေတေန လဗ္ဘတိ = ဤကောင်းမှုဖြင့် မိမိအလိုရှိရာကောင်းကျိုးအားလုံး ရနိုင်၏' ဆိုတဲ့ ဘုရားစကားတော်နဲ့အညီ ဘယ်ကောင်းမှုကမဆို ဘယ်ကောင်းကျိုးကိုမဆို ပေးစွမ်းနိုင်ပါတယ်။ မိမိပြုလိုက်တဲ့ကောင်းမှုတစ်ခုကြောင့် လူမင်း၊ နတ်မင်းလည်း ဖြစ်နိုင်သလိုလူသူဌေး၊ နတ်သူဌေးလည်း ဖြစ်နိုင်ပါတယ်။ လူပညာရှိ၊ နတ်ပညာရှိလည်း ဖြစ်နိုင်သလို လူအရိယာ၊ နတ်အရိယာလည်း ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

အမြင့်ဆုံးအနေနဲ့ ဘုရားတောင် ဖြစ်နိုင်ပါတယ်။

ဘုရားဆု၊ ပစ္စေကဗုဒ္ဓဆု၊ အဂ္ဂသာဝကဆု၊ မဟာသာဝကဆု ဆိုတဲ့ အထူးဆုတွေကို ရည်မှန်းတောင့်တတဲ့သူတွေအနေနဲ့ ဘယ်ကောင်းမှုပဲပြုပြု 'ဒီကောင်းမှုဟာ မိမိရလိုရာ ဗောဓိဉာဏ်ရဲ့ အထောက်အပံ့ဖြစ်ပါစေလို့' စိတ်ညွှတ်ဆုတောင်းနိုင်ပါတယ်။ အထူးဆုတွေကို မမျှော်မှန်းတော့ဘဲ ရိုးရိုးလေးနဲ့ပဲ နိဗ္ဗာန်စံဝင်ချင်ပါတယ်ဆိုရင်တော့ ကောင်းမှုတစ်ခုခုပြုပြီးတိုင်း 'ဒီကောင်းမှုဟာ နိဗ္ဗာန်ချမ်းသာရဲ့ အထောက်အပံ့ဖြစ်ပါစေ' လို့ စိတ်ညွှတ်ဆုတောင်းရပါမယ်။

နိဗ္ဗာန်ကို ရည်စူးတဲ့တောင်းဆုဟာ အမြင့်ဆုံးတောင်းဆုပါ။ နိဗ္ဗာန်ဘူတာအထိ ကုသိုလ်လက်မှတ်ဖြတ်ထားပြီးမှတော့ လူချမ်းသာ၊ နတ်ချမ်းသာဆိုတဲ့ ကြားဘူတာတွေ ဖြတ်သန်းခွင့်မရမှာကို တွေးပူနေစရာမလိုတော့ပါဘူး။ သေချာပေါက် ဖြတ်သန်းခွင့်ရမှာပါ။ လူချမ်းသာ၊ နတ်ချမ်းသာကို ဘယ်လိုပုံစံမျိုးနဲ့ ခံစားခွင့်ရမလဲဆိုတာကတော့ ကံပြုချိန်မှာ ထားရှိခဲ့တဲ့ ကိုယ်ရဲ့စိတ်နေစိတ်ထား စိတ်အင်အားအပေါ်မှာပဲ အပြည့်အဝ မူတည်ပါတယ်။ စိတ်ထားနဲ့ထိုက်တန်တဲ့အကျိုးကို မလွဲမသွေ ခံစားရမှာပါ။

'သွေးသည်အသက်၊ အသက်သည်သွေး' လို့ ဆိုတဲ့အတိုင်း သွေးဆိုတာ လူတစ်ယောက်ရဲ့အသက်ပါ။ သွေးလှူတဲ့သူဟာ အသက်ကို ပေးလှူရာရောက်ပါတယ်။ ဒါ့ကြောင့် သွေးလှူရှင်ဟာ ဖြစ်လေရာဘဝတိုင်း အသက်ရှည်ခြင်း၊ အနာရောဂါကင်းရှင်းခြင်းဆိုတဲ့ ကောင်းကျိုးတွေရရှိနိုင်ပါတယ်။ အထူးသဖြင့် သွေးအားကောင်းတဲ့ ဒေါင်ဒေါင်

http://www.dhammadownload.com

မြည်ကျန်းမာရေးပိုင်ရှင် ဖြစ်မှာသေချာပါတယ်။

သွေးရဲ့အရောင်အဆင်းကိုကြည့်ပြီး ပီတိဖြစ်မယ်ဆိုရင်တော့ ဖြစ်လေရာဘဝတိုင်း ရုပ်အဆင်းချောမောလှပသူဖြစ်နိုင်ပါတယ်။ ပန်းနုရောင် ပါးပြင်ကလေးရယ်၊ နှင်းဆီဖူးနှုတ်ခမ်းလေးရယ် ...ဘာညာပေါ့။ သွေးကြောင့် အားရှိသွားတာကို ကြည်နူးနေမယ်ဆိုရင်တော့ အင်အားကြီးမားတဲ့ လူစွမ်းလူသန် ဖြစ်နိုင်ပါတယ်။ သွေးအားပြည့်ဝလို့ ဉာဏ်ရွှင်လန်းသွားတာကို အာရုံပြုကျေနပ်နေဦးမယ်ဆိုရင်တော့ ဉာဏ်ရည်ထက်မြက်တဲ့ ပညာရှိ ဖြစ်နိုင်ပါသေးတယ်။

'အစားလှူရင် အစားပေါတယ်၊ ရေလှူရင် ရေပေါတယ်'ဆိုတာမျိုးလောက်တင်မကပါဘူး ဒကာကျော်ဆွေရေ ....။ သတ္တဝါတွေရဲ့ စိတ်ဆိုတာကလည်း ဆန်းကြယ်လှတာမို့ (ဆန်းကြယ်လို့လည်း စိတ်လို့ခေါ်တာပါ) ဆန်းကြယ်တဲ့စိတ်နဲ့ပြုတဲ့ကံတွေကလည်း ဆန်းကြယ်လှပါတယ်။ ကံဆန်းကြယ်သလောက် အကျိုးပေးတွေကလည်း ဆန်းကြယ်လှတာမို့ ကောင်းမှုကံတစ်ခုပြုမယ်ကြံတိုင်း၊ ပြုနေတိုင်း၊ ပြုပြီးတိုင်း ကိုယ့်ရဲ့စိတ်ကို စံချိန်အမြင့်ဆုံးဖြစ်အောင်၊ ဘက်ပေါင်းစုံ အရည်အသွေးကောင်းတွေ ပြည့်စုံအောင် အထပ်ထပ်အခါခါ ပြုပြင်သင့်ပါတယ်။

ကိုယ်က စိတ်စေတနာပြတ်သားထက်သန်စွာ အခမဲ့လှူဒါန်းထားပါလျက် သွေးအလှူခံသူ လူနာဆီက သွေးဖိုးပိုက်ဆံတောင်းတာမျိုး၊ သွေးအစား ပြန်တောင်းတာမျိုးကို ကြားခံလူတစ်စုံတစ်ယောက်၊ သို့မဟုတ် တစ်စုတစ်ဖွဲ့က တကယ်လို့ လုပ်လာခဲ့ရင်လည်း ဒါကို

ခေါင်းထဲထည့်ပြီး ခံစားမနေပါနဲ့။ ကြားပေမယ့် မကြားသလို၊ ကြုံပေမယ့် မကြုံသလို သဘောထားပြီး လျစ်လျူရှုလိုက်ပါ။ ကိုယ့်အပိုင်းနဲ့ကိုယ်၊ သူ့အပိုင်းနဲ့သူ၊ ကိုယ့်စေတနာကိုယ်၊ သူ့စေတနာသူ၊ ကိုယ့်ကံက ကိုယ့်ကို အကျိုးပေးမယ်၊ သူ့ကံက သူ့ကို အကျိုးပေးမယ်၊ ကိုယ့်စေတနာကိုတော့ အပျက်မခံပါနဲ့။

ဟိုတလောက သတင်းတစ်ခု ကြားလိုက်ပါတယ်။ ရန်ကုန်မှာ နောက်ဆုံးဖွင့်လိုက်တဲ့ ပုဂ္ဂလိက အထူးကုဆေးရုံကြီးတစ်ခုမှာ သွေးကို လိုသလောက် ဝယ်ယူလို့ရပါသတဲ့၊ အဲဒီလို အဆင်သင့် ဝယ်ယူနိုင်ဖို့ ဒီဆေးရုံကို သွေးလာရောင်းသူ အများစုက ဆိုက်ကားသမားတွေတဲ့။

နိုင်ငံခြားတိုင်းပြည်တချို့မှာလည်း ဆရာဝန်တချို့က လူနာတွေရဲ့ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းတွေကို လူနာမသိအောင် ခိုးယူစုဆောင်း ရောင်းချတယ်ဆိုတဲ့ သတင်းတွေလည်း ကြားဖူးပါတယ်။

အဲဒါတွေကတော့ လောကရေးအရလည်း တရားမဝင်သလို ဓမ္မရေးအရလည်း မလုပ်သင့်မလုပ်ထိုက်တဲ့ အကုသိုလ်အမှုတွေဖြစ်ပါတယ်။ ထားပါတော့၊ သွေးအလှူအကျိုးနဲ့ ဆက်စပ်နေလို့ သိဝိမင်းကြီး အကြောင်း နည်းနည်းပြန်ကောက်ပါရစေ။

သိဝိမင်းကြီးဟာ မျက်စိနှစ်ကွင်းအလင်းမရတော့တဲ့အတွက် မျက်မမြင်ဘဝနဲ့ တိုင်းပြည်အုပ်ချုပ်နေလို့ ဘာအကျိုးထူးမှာလဲဆိုပြီး တိုင်းပြည်အာဏာကို အမတ်ကြီးများ လက်ထဲ အပ်နှံလိုက်ပါတယ်။ ရသေ့ရဟန်းပြုပြီး တရားဘာဝနာနဲ့ပဲ နေတော့မယ်လို့ ဆုံးဖြတ်ပြီး မင်းဥယျာဉ်တော်အုပ်ထဲက ရေကန်နံဘေးမှာ တင်ပျဉ်ခွေထိုင်ရင်း မျက်

စိအလှူအကြောင်း စဉ်းစားပီတိဖြစ်နေတုန်း ဖြုန်းဆို နတ်တို့သနင်း သိကြားမင်းကြီး ရောက်လာပါတယ်။

'အသင်မင်းကြီး လိုရာဆု တောင်းတော်မူပါ'

'မျက်မမြင်ဘဝရောက်နေလို့ သေတဲ့ဆုပဲ လိုချင်ပါတယ် သိကြားမင်း'

'အသင်မင်းကြီးက တကယ်ကို သေချင်နေလို့ သေတဲ့ဆုလိုချင်တာလား၊ ဒါမှမဟုတ် မျက်စိမမြင်တော့လို့ သေတဲ့ဆု လိုချင်တာလား'

'မျက်စိမမြင်တော့လို့ သေတဲ့ဆု လိုချင်တာပါ'

'ဒါဆို အသင်မင်းကြီးရဲ့ မျက်စိအလှူကို သစ္စာဆိုကြည့်ပါလား၊ ဒါနကုသိုလ်ကောင်းမှုဆိုတာ တမလွန်ကောင်းကျိုးအတွက် အဓိက ရည်စူးပြီး ပြုတာ မှန်ပေမယ့် ပစ္စုပ္ပန်ကောင်းကျိုးအတွက်လည်း အထောက်အကူပြုတယ်လေ'

'ဝေ့လည်ကြောင်ပတ် လုပ်မနေပါနဲ့ သိကြားမင်းရယ်၊ ကျွန်ုပ်ကို မျက်စိပေးချင်တယ်ဆိုရင် သိကြားမင်းတန်ခိုးနဲ့ပဲ ပေးလိုက်ပါတော့လား'

'နတ်ပြည်ကို အစိုးရတဲ့ သိကြားမင်းဆိုပေမယ့် သူတစ်ပါးကို မျက်စိပေးနိုင်လောက်အောင်တော့ အစွမ်းမရှိပါဘူး မင်းကြီး၊ ကိုယ့်ဒါနကို အာရုံပြုပြီး သစ္စာဆိုလိုက်ပါ၊ မျက်စိပြန်ရလာပါလိမ့်မယ်'

သိကြားမင်းကြီးရဲ့ အကြံပေးတိုက်တွန်းချက်ကြောင့် သိဝိမင်းကြီးလည်း သစ္စာနှစ်ခုဆိုလိုက်ပါတယ်။ ပဌမသစ္စာရဲ့အဆုံးမှာ မျက်စိတစ်လုံး၊ ဒုတိယသစ္စာရဲ့အဆုံးမှာ မျက်စိတစ်လုံး ပြန်ရတဲ့အတွက် မျက်

http://www.dhammadownload.com

စိနှစ်လုံးလုံး အကောင်းပကတိအတိုင်း ပြန်ဖြစ်သွားပါတယ်။

ဒါနတန်ခိုး၊ သစ္စာတန်ခိုးကြောင့် မျက်စိအမြင်စွမ်းရည်ဟာ နံရံတစ်ဖက်၊ ကျောက်တောင်တစ်ဖက်၊ မြေတောင်တစ်ဖက်ကိုတောင် ထွင်းဖောက်ရှုမြင်နိုင်စွမ်း ရှိသွားပါတယ်။ ပတ်ပတ်လည် ယူဇနာတစ်ရာ (မိုင်ပေါင်းရှစ်ရာ) အထိ ပြတ်ပြတ်သားသား မြင်နိုင်စွမ်းရှိသွားပါတယ်။

သိဝိမင်းကြီးဆိုတဲ့ သစ္စာနှစ်ခုကတော့ ....

'ကျွန်ုပ်ဆီ အလှူလာခံသူတွေဟာ အလွှာပေါင်းစုံ၊ အဆင့်အတန်းပေါင်းစုံက ဖြစ်ပါတယ်။ ဘယ်အလွှာ၊ ဘယ်အဆင့်အတန်းက အလှူခံကိုပဲဖြစ်ဖြစ် ကျွန်ုပ်ဟာ မေတ္တာတရားအပြည့်အဝနဲ့ ချစ်ခင်မြတ်နိုးစွာ လှူဒါန်းခဲ့ပါတယ်။ ဤစကားသည် မှန်ပါတယ်။ ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ မျက်စိ ပကတိအတိုင်း ပြန်ဖြစ်ပါစေသတည်း'

'ကျွန်ုပ်ထံ မျက်စိ အလှူလာခံတဲ့ပုဏ္ဏားကို သဒ္ဓါကြည်ဖြူစွာဖြင့် မျက်စိနှစ်လုံးလုံး ပေးလှူခဲ့ပါတယ်၊ အဲဒီလို ပေးလှူရတဲ့အတွက် ကျွန်ုပ်မှာ နှစ်သက်ဝမ်းမြောက်မှု ပီတိသောမနဿတွေ တဖွားဖွားနဲ့ အင်အားကြီးမားစွာ ဖြစ်ပေါ်နေပါတယ်။ ဤစကားသည် မှန်ပါတယ်။ ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်၏ မျက်စိ ပကတိအတိုင်း ပြန်ဖြစ်ပါစေသတည်း'

ဘာကောင်းမှုပဲပြုပြု၊ ပြုနေဆဲအခိုက်အတန့်မှာ နိဗ္ဗာန်ဆိုတဲ့ အမြင့်ဆုံးဆုကိုပဲ တောင့်တပြီး ပြုသင့်ပေမယ့် ပြုပြီးနောက်ပိုင်း ဘဝ အခက်အခဲတွေ၊ ဘဝလိုအပ်ချက်တွေနဲ့ ကြုံဆုံလာတဲ့အခါမှာတော့

http://www.dhammadownload.com

ကိုယ်ပြုထားတဲ့ ကောင်းမှုကို တိုင်တည်ပြီး သစ္စာဆို ဆုတောင်းခွင့် ရှိပါတယ်။ ဘာမဆို ဖြစ်နိုင်တယ်လို့ မဆိုလိုပေမယ့် ကံအားလျော်စွာ၊ အချိန်အားလျော်စွာ အတိုင်းအတာတစ်ခုအထိတော့ အကျိုးဖြစ်ထွန်းနိုင်ပါတယ်။

'ကျွန်ုပ်သည် ဘယ်နေ့ဘယ်ရက်မှ စပြီး သွေးလှူဒါန်းခဲ့ပါတယ်။ သွေးလှူတာ ဘယ်နှကြိမ်ရှိသွားပါပြီ။ ဤစကားသည် မှန်ပါတယ်။ ဤမှန်သောသစ္စာစကားကြောင့် .... ဘာဖြစ်ပါစေ' လို့ မိမိလိုရာဆု တောင်းလိုက်မယ်ဆိုရင်တော့ သွေးလှူခြင်းရဲ့အကျိုးဟာ ဘာပါလို့ ဘောင်ခတ်ကန့်သတ်လို့ ရနိုင်ပါဦးမလား။

ဘုရားအလောင်း သူတော်ကောင်းကြီးတွေ ဆည်းပူးဖြည့်ကျင့်ကြတဲ့ ဒါနပါရမီကို ဒါနရိုးရိုးပါရမီ၊ ဒါနဥပပါရမီနဲ့ ဒါနပရမတ္ထပါရမီလို့ သုံးမျိုးခွဲခြားနိုင်ပါတယ်။ ခန္ဓာကိုယ်ပြင်ပ ပစ္စည်းဝတ္ထုတွေ စွန့်လွှတ်လှူဒါန်းတာကို ဒါနရိုးရိုးပါရမီ၊ အင်္ဂါခြေလက် အသွေးအသား မျက်စိစတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ စွန့်လွှတ်လှူဒါန်းတာကို ဒါနဥပပါရမီ၊ အသက် စွန့်လွှတ်လှူဒါန်းတာကို ဒါနပရမတ္ထပါရမီလို့ ခေါ်ပါတယ်။

မိမိခန္ဓာကိုယ်ထဲကသွေးကို ဖောက်ထုတ်ပြီး လှူဒါန်းတဲ့ သွေး အလှူဟာ ဘုရားအလောင်း သူတော်ကောင်းကြီးတွေ ဆည်းပူးဖြည့် ကျင့်ကြတဲ့ ဒါနဥပပါရမီ ကုသိုလ်ထူးကြီး ဖြစ်ပါတယ်လို့ ....။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊ မေ၊ ၄၊ ၂၀၀၁]

■

http://www.dhammadownload.com



http://www.dhammadownload.com

**အရှင်ဘုရား . . .**

လူတစ်ဦး သေဆုံး၍ တမလွန်ဘဝ ရောက်ရှိသွားချိန်တွင် အကြားအမြင်ဆရာ၊ ဘိုးတော်၊ နတ်ဝင်သည် စသည့်သူတို့က သေဆုံးသူသည် မည်သည့်ဘုံဘဝသို့ ရောက်ရှိနေကြောင်း သွားရောက် မေးမြန်းသူ မိသားစုတို့အား ပြောဆို ဟောပြောနေကြပါသည်။ တပည့်တော်သိလိုသည်မှာ ထိုလူများသည် အမှန်တကယ် သိ၍ ဟောပြောနိုင်ခြင်း ဟုတ်၊ မဟုတ်။ ထိုသို့ ဟောပြောလိုက်၍ ကျန်ရစ်သူ မိသားစုအတွက် စိတ်ချမ်းသာမှုနှင့် စိတ်ဆင်းရဲမှု၊ မည်သည်က ပို၊ မပို သိရှိလိုပါသည် ဘုရား. . .။

**မောင်တည်ငြိမ်၊ သတင်းစုံဂျာနယ်။**

ဒကာကြီး ဦးတည်ငြိမ်ရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင်လက်ထက်တုန်းက ထင်ရှားကျော်ကြားခဲ့တဲ့ တမလွန်ပညာရှင် 'ဝင်္ဂီသလုလင်' ကို ချက်ချင်း သတိရလိုက်မိပါတယ်။

ဝင်္ဂီသလုလင်ဟာ 'ဆဝသီသမန္တန်' လို့ခေါ်တဲ့ 'လူသေဦးခေါင်းမန္တန်' ကို အတတ်ပညာတစ်ခုအနေနဲ့ ကျွမ်းကျင်တတ်မြောက်ထားသူဖြစ်ပါတယ်။ အဲဒီ မန္တန်စုတ်ပြီး လူသေဦးခေါင်းခွံကို သူ့လက်သည်းနဲ့ ခေါက်လိုက်ရုံနဲ့ ဦးခေါင်းခွံပိုင်ရှင်ဟာ ဘယ်ဘုံ ဘယ်ဘဝရောက်နေတယ်ဆိုတာ အတတ်ပြောနိုင်ပါတယ်။

လူတွေကလည်း 'မှန်လိုက်တာ' ဆိုပြီး သူတို့ရဲ့ သေဆုံးသွားတဲ့ မိဘဆွေမျိုး မိတ်ဆွေအပေါင်းအသင်းတွေ ဘယ်ဘုံဘယ်ဘဝရောက်နေတယ်ဆိုတာကို ဝင်္ဂီသလုလင်ထံ အခကြေးငွေများစွာပေးပြီး သွားရောက်မေးမြန်းကြပါတယ်။ အဲဒီခေတ်ရဲ့ ငွေကြေးတန်ဖိုးနဲ့တောင်မှ

ရာဂဇာန်း၊ ထောင်ဂဇာန်း ပေးကြရပါတယ်။

'မှန်လိုက်တာ' လို့ ပြောနိုင်တာကတော့ သေဆုံးသူရဲ့ အသက်ရှင်စဉ် လူ့ဘဝတုန်းက အကြောင်းအရာ၊ အဖြစ်အပျက်တွေကိုပါ တိတိကျကျ ပြန်ပြောပြနိုင်လို့ ဖြစ်ပါလိမ့်မယ်။ လူ့ဘဝတုန်းက အကြောင်းတွေ ပြန်မပြောပြနိုင်ဘဲနဲ့ ဒီလူသေပြီး ဒီဘဝရောက်နေတယ်ဆိုတာကို ဘယ်လို လုပ်ပြီး ယုံကြည်လို့ ရနိုင်ပါ့မလဲ။ ပြန်ပြောပြနိုင်လို့သာ ယုံကြည်ကြတာပေါ့။

ဝင်္ဂီသလုလင်က သေဆုံးသူရဲ့ လားရာဂတိကို ပြောပြနိုင်တယ်ဆိုပေမယ့် သူကိုယ်တိုင် အမှန်တကယ် သိလို့ ပြောပြနိုင်တာမဟုတ်ပါဘူး။ သေဆုံးသွားသူက မန္တန်တန်ခိုးကြောင့် ရောက်ရာဘဝကနေ သူ့ဦးခေါင်းခွံဆီမှာ ပြန်ပူးဝင်ပြီး သူဘယ်ဘဝရောက်နေပါတယ်ဆိုတာ လာပြောပြလို့ တစ်ဆင့်ပြန်ပြောနိုင်တာပါ။

သူကိုယ်တိုင် အလိုအလျောက် သိတာမဟုတ်ဘဲ မန္တန်တန်ခိုးကြောင့် ကာယကံရှင် သေဆုံးသူက လာပြန်ပြောပြလို့ သိတာပါ။ ကိုယ်ပိုင်အသိ မဟုတ်ပါဘူး။ တစ်ဆင့်ခံအသိပါ။ ကိုယ်စွမ်းကိုယ်စနဲ့ သိတာ မဟုတ်ပါဘူး။ ကြားပွဲစားအကူအညီနဲ့ သိတာပါ။

ကြားပွဲစားအကူအညီနဲ့ သိတဲ့တစ်ဆင့်ခံအသိမို့လို့လည်း မြတ်စွာဘုရားနဲ့ ထိပ်တိုက်တွေ့တဲ့အခါ ဝင်္ဂီသလုလင် အကြီးအကျယ်မျက်နှာပျက်ခဲ့ရတာပေါ့။ ခေတ်စကားနဲ့ပြောရရင် မြတ်စွာဘုရားနဲ့လည်းတွေ့ရော ဝင်္ဂီသလုလင် အသေအလဲ ကွဲတော့တာပါပဲ။

မြတ်စွာဘုရားရှင်က ဦးခေါင်းခွံ ငါးခုကို တန်းစီချထားပြီး

http://www.dhammadownload.com

ဝင်္ဂီသလုလင်ကို အစဉ်အတိုင်း မေးပါတယ်။

'ဒါဘယ်သူ့ဦးခေါင်းခွံလဲ'

'ငရဲကျသွားသူရဲ့ ဦးခေါင်းခွံပါ'

'ကောင်းပြီ .... ဒါကရော'

'တိရစ္ဆာန်ဖြစ်သွားသူရဲ့ ဦးခေါင်းခွံပါ'

'မှန်တယ် ... ဒီဘက်ကရော'

'ဒါကတော့ လူဖြစ်နေသူရဲ့ ဦးခေါင်းခွံပါ'

'ဟုတ်တယ် ....ဒီဦးခေါင်းခွံက'

'နတ်ပြည်ရောက်သွားသူရဲ့ ဦးခေါင်းခွံပါ'

'သာဓု .... သာဓု .... ဒီနောက်ဆုံး ဦးခေါင်းခွံကရော'

'.... .... ....'

နောက်ဆုံးဦးခေါင်းခွံပိုင်ရှင်ရဲ့ လားရာဂတိကိုတော့ ဝင်္ဂီသလုလင် လုံးဝ မပြောပြနိုင်တော့ပါဘူး။ မန္တန်တဖွဖွစုတ်ပြီး ဦးခေါင်းခွံကို လက်သည်းနဲ့ တဒေါက်ဒေါက်ခေါက်ပေမယ့် လက်သည်းတွေသာ ပွဲပြီး လက်ထိပ်တွေသာ နာသွားတယ်။ အဖြေမှန်ကတော့ ထွက်ပေါ်မလာပါဘူး။

အဖြေမှန် ဘယ်ပေါ်ထွက်နိုင်ပါတော့မလဲ၊ တမလွန်သူ , တမလွန်သားဆိုတဲ့ ကြားပွဲစားအကူအညီမှ မရတော့တာပဲ။ အဲဒီဦးခေါင်းခွံက ရဟန္တာအရှင်မြတ်ကြီးတစ်ပါးရဲ့ ဦးခေါင်းခွံပါ။

ရဟန္တာဆိုတော့ သေဆုံးပြီးရင် ဘယ်ဘဝကိုမှ မလားရောက်တော့ပါဘူး။ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းသွားပါပြီ။ 'သေ' ပြီးရင် 'ဆုံး'

http://www.dhammadownload.com

တဲ့ သေဆုံးသူအစစ်ဟာ ရဟန္တာပါ။ ရဟန္တာကလွဲရင် ဘယ်သူမှ 'သေ' ပြီး 'မဆုံး' သေးပါဘူး။ ဘဝခရီးအသစ် ထပ်ဆက်ရဦးမှာပါ။ ဘဝအသစ် ထပ်မဖြစ်တော့တဲ့ ရဟန္တာက သူ့ရဲ့ဦးခေါင်းခွံမှာ ဘယ်လိုလုပ်ပြီးတော့ ပြန်လာပူးဝင်နိုင်ပါဦးမလဲ။ ဒီတော့ ပရလောကသားအားကိုးနဲ့ ဆရာကြီးလုပ်နေတဲ့ ဝင်္ဂီသလုလင် ကွဲပြီပေါ့။

ပဥ္စမမြောက် ဦးခေါင်းခွံရဲ့ လားရားဂတိကို သိနိုင်တဲ့ မန္တန်အတတ်မျိုး သင်ချင်ပါတယ်လို့ တောင်းဆိုလာတဲ့ ဝင်္ဂီသလုလင်ကို မြတ်စွာဘုရားရှင်က ရဟန်းဝတ်မှ သင်ပေးနိုင်မယ်လို့ မိန့်ကြားတော်မူလိုက်တဲ့အတွက် ဝင်္ဂီသလုလင်လည်း မန္တန်လိုချင်စိတ်နဲ့ ရဟန်းပြုလိုက်ရပါတယ်။ ရဟန်းပြုပြီး တရားဘာဝနာအလုပ် အားထုတ်လိုက်တာ မကြာခင်ရက်အနည်းအငယ်အတွင်းမှာပဲ အဘိညာဉ်ခြောက်ပါးနဲ့တကွ ရဟန္တာအရှင်မြတ်ကြီးတစ်ဆူ ဖြစ်သွားခဲ့ပါတယ်။

အဲဒီတော့မှ မြတ်စွာဘုရားရှင်က 'ငါ့ သားတော်ကြီး ဝင်္ဂီသဟာ အခုမှပဲ သတ္တဝါတွေရဲ့ စုတိ၊ ပဋိသန္ဓေ (သေဆုံးခြင်း၊ ဘဝသစ်ဖြစ်ခြင်း) နဲ့ ပတ်သက်ပြီး တကယ့်ကို ကျွမ်းကျင်လိမ္မာသွားပေတော့တယ်' လို့ ချီးကျူးဂုဏ်ပြုစကား မိန့်ကြားတော်မူပါတယ်။ ဘာလို့လဲဆိုတော့ သူရတဲ့အဘိညာဉ်ခြောက်ပါးထဲမှာ သတ္တဝါတွေရဲ့ စုတိ၊ ပဋိသန္ဓေကို သိမြင်နိုင်တဲ့ 'ဒိဗ္ဗစက္ခုအဘိညာဉ်' ပါဝင်နေလို့ပါပဲ။

'နတ်မျက်စိ' လို့ခေါ်တဲ့ 'ဒိဗ္ဗစက္ခုအဘိညာဉ်' ကို 'စုတူပပါတဉာဏ်' လို့လည်း ခေါ်ပါတယ်။ (စုတိ + ဥပပါတ + ဉာဏ်။) သတ္တဝါတွေရဲ့ စုတိ (သေဆုံးခြင်း) နဲ့ ဥပပါတ(ဘဝအသစ်ဖြစ်ခြင်း၊ ပဋိသန္ဓေ

နေခြင်း) တို့ကို ရှင်းရှင်းလင်းလင်း ပီပီပြင်ပြင် သိမြင်နိုင်တဲ့ဉာဏ်လို့ ဆိုလိုပါတယ်။ စုတေနေဆဲ အခိုက်အတန့်၊ ပဋိသန္ဓေစနေနေဆဲ အခိုက်အတန့်လေးတွေအထိ သိမြင်နိုင်စွမ်းရှိပါတယ်။

ဒိဗ္ဗစက္ခုအဘိညာဉ် မရတဲ့ သာမန်ပုဂ္ဂိုလ်တွေကတော့ ပရလောကသားရဲ့ အကူအညီကို ယူပြီး တစ်ဆင့်ခံအသိနဲ့ပဲ သိနိုင်ကြပါတယ်။ ပရလောကသားရဲ့ အကူအညီ ရဖို့ကတော့ ဝိဂီသလုလင်တို့လို သက်ဆိုင်ရာ မန္တန်တစ်ခုခု၊ သက်ဆိုင်ရာ အတတ်တစ်ခုခု တတ်မြောက်ထားဖို့ လိုပါတယ်။

အခုခေတ် အကြားအမြင်ဆရာတွေ၊ ဘိုးတော်၊ မယ်တော်တွေ၊ နတ်ဝင်သည်တွေက သေဆုံးသူတွေရဲ့ လားရာဂတိကို ဟောပြောနေကြတာကတော့ ဒိဗ္ဗစက္ခုအဘိညာဉ်တန်ခိုးနဲ့ ကိုယ်တိုင်သိ ကိုယ်တိုင်မြင်လို့ဟောပြောနေကြတာ မဟုတ်ပါဘူး။ တကယ့်ဒိဗ္ဗစက္ခုအဘိညာဉ်ရထားတဲ့ပုဂ္ဂိုလ်တွေကလည်း အဲဒီလို လူသိခံ၊ ပိုက်ဆံယူပြီး အလုပ်တစ်ခုလုပ် ဟောပြောနေကြမှာမဟုတ်ပါဘူး။ ကိုယ်ရထားတဲ့ အဘိညာဉ်ကို သိုသိုသိပ်သိပ် လျှို့ဝှက်ထားကြမှာပါ။

လောကမှာ ကိုယ်မသိ၊ ကိုယ်မတတ်တဲ့ အတတ်ပညာတွေကလည်း အများကြီးရှိတာမို့ ကိုယ်မသိ၊ ကိုယ်မတတ်တာနဲ့ပဲ 'မဖြစ်နိုင်ဘူး၊ မဟုတ်နိုင်ဘူး' လို့ အကြောက်အကန်ငြင်းလို့ မဖြစ်နိုင်ပါဘူး။ အတတ်ပညာတစ်ခုခုအားကိုးနဲ့ သေဆုံးသူရဲ့ လားရာဂတိကို မှန်မှန်ကန်ကန် ဟောပြောနိုင်တဲ့ 'အမှန်အကန်ပညာသည်' တွေ ရှိနိုင်ပါတယ်။ ရှိမှာပါ။

'အစစ်တစ်ခု၊ အတုတစ်သိန်း' ဆိုတဲ့အတိုင်း ကိုယ်တကယ်

http://www.dhammadownload.com

မသိဘဲနဲ့ သိသယောင် ရမ်းဖြီး၊ ရမ်းရှီးတဲ့ ဖိုးရမ်းတုတ်၊ မရမ်းတုတ် 'အကြံအဖန်ပညာသည်' တွေလည်း အများကြီးရှိနိုင်ပါတယ်။ ရှိနေပါတယ်။ အစစ်အတု ခွဲတတ်ဖို့တော့ အရေးကြီးပါတယ်။ 'ချင့်ယုံ' လို့ပဲ ပြောပါရစေတော့။

သေဆုံးသူရဲ့ လားရာဂတိကို သိရခြင်းကြောင့် ကျန်ရစ်သူတွေမှာ စိတ်ချမ်းသာသွားမလား၊ စိတ်ဆင်းရဲသွားမလားဆိုတာကတော့ ကျန်ရစ်သူတွေရဲ့ စိတ်ဓာတ်ခိုင်မာမှု၊ စိတ်ဓာတ်ပျော့ညံ့မှုအပေါ်မှာပဲ မူတည်ပါတယ်။

စိတ်ဓာတ်ခိုင်မာတဲ့သူတွေကတော့ သေဆုံးသူရဲ့ လားရာဂတိကို သိသိ၊ မသိသိ၊ တုန်လှုပ်မှု ရှိမှာမဟုတ်ပါဘူး။ စိတ်ဓာတ်ပျော့ညံ့တဲ့သူတွေကတော့ သေဆုံးသူရဲ့ လားရာဂတိကို သိလည်း တုန်လှုပ်မှာပါပဲ၊ မသိလည်း တုန်လှုပ်မှာပါပဲ။

စိတ်ဆင်းရဲခြင်းဆိုတာက စိတ်ဓာတ်ပျော့ညံ့တဲ့သူတွေ ကန်ထရိုက်ဆွဲထားတဲ့ ခပ်ညံ့ညံ့ပစ္စည်းတစ်ခုပါ။ စိတ်ချမ်းသာခြင်းကတော့ စိတ်ဓာတ်ခိုင်မာသူတွေရဲ့ မူပိုင် ရတနာထုပ်ကြီး တစ်ခုဖြစ်ပါတယ်။

သေဆုံးသူရဲ့ လားရာဂတိကိုသိရခြင်းကြောင့် အကျိုးကတော့ မယုတ်ပါဘူး။ ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ်ဖြစ်သွားရင် ကိုယ်ဘာမှ မလုပ်ပေးနိုင်ပေမယ့် ပြိတ္တာဘဝ ရောက်နေရင်တော့ သူ့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတွေလုပ်၊ အမျှပေးဝေနိုင်ပါတယ်။ ကိုယ့်ကုသိုလ်အမျှကို သူ သာဓုခေါ်ရင် ပြိတ္တာဘုံဘဝက ကျွတ်လွတ်ပြီး ကောင်းရာသုဂတိကို လားရောက်သွားနိုင်ပါတယ်။

http://www.dhammadownload.com

ကံတရား လေသင့်လို့ ဘဝတစ်ခုမှာ ခေတ္တခဏ ပေါင်းဆုံခွင့် ရကြတယ်။ ကံတရား လေပင့်လို့ တစ်ယောက်နဲ့တစ်ယောက် ဝေးလွင့် ခွဲခွာကြရတယ်။ မြစ်ထဲမျောနေတဲ့ ဗေဒါပင်တွေလိုပဲ ကံကြုံရင် ပြန်ဆုံကြမယ်။ ကံသေးရင် ပြန်ဝေးကြမယ်။ ကံရည်မတူဘဲ ပြန်ကြည်ဖြူချင်လို့ မရသလို ကံမကောင်းဘဲ ပြန်ပေါင်းချင်နေလို့လည်း အလကားပါပဲ။ ကိုယ့်ကံနဲ့ ကိုယ်ခရီးနှင်၊ သူ့ကံနဲ့ သူခရီးနှင်။

ဒါပဲပေါ့၊ ဒါပါပဲ။ ဘာစိတ်ဆင်းရဲစရာ လိုလို့လဲ။ 'တွဲခွင့်' ကြုံတုန်း ကိုယ့်တာဝန် ကိုယ်ကျေ၊ သူ့တာဝန် သူကျေ၊ ပြီးပြီပေါ့။ 'ခွဲခွင့်' ကြုံခါမှတော့ လွမ်းမနေနဲ့တော့၊ အပိုပါပဲ။

သိခြင်းနဲ့ မသိခြင်းမှာ သိခြင်းကြောင့် အကျိုးဆုတ်ယုတ်သွားနိုင်စရာ အကြောင်းမရှိပါဘူး။ ကောင်းကျိုးဆိုးကျိုးဟာ ကိုယ်သိတဲ့ အသိအပေါ်မှာ ကိုယ့်ဘက်က ဘယ်လိုတုံ့ပြန်သလဲဆိုတဲ့ အချက်အပေါ်မှာပဲ မူတည်ပါတယ် ...လို့။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊ မေ၊ ၁၆၊ ၂၀၀၁]

အညွှန်း ။ ။ တေ တေ ဇနေ အာဝါဟေတွာ အတ္တနော အတ္တနော ဂတိံ ကထာပေတိ။

(ထေရဂါထာအဋ္ဌကထာ၊ ဒုတိယတွဲ၊ ၅၀၈။)

http://www.dhammadownload.com



http://www.dhammadownload.com

| |
|---|
| သောကမှန်သမျှချစ်ခြင်းကြောင့်ဖြစ်ရတာပါ။ |
| ချစ်စရာတစ်ခုရှိရင်သောကတစ်ခုရှိမယ်။ |
| ချစ်စရာဆယ်ခုရှိရင် သောကဆယ်ခုရှိမယ်။ |
| ချစ်စရာအများကြီးရှိရင်တော့ |
| သောကအများကြီးရှိမယ်ပေါ့။ |
| သောကငြိမ်းချင်ရင်ချစ်စရာတွေကို |
| လျှော့ပစ်နိုင်ရမယ်လေ။ |
| ချစ်ရမယ့်လူ၊ ချစ်ရမယ့်အရာနည်းပါးသွားလေ |
| သောကမီးလည်းချုပ်ငြိမ်းသွားလေပါပဲ။ |

**အရှင်ဘုရား . . .**

နားနဲ့မနာ ဖဝါးနဲ့ နာတော်မူပါဘုရား၊ တပည့်တော်မဟာသစ္စာမဲ့တဲ့ လင်ယောကျ်ားကြောင့် အကြီးအကျယ် စိတ်သောကရောက်နေရပါတယ်ဘုရား၊ စိတ်ချမ်းသာအောင် တရားဓမ္မနဲ့ ဘယ်လိုနှလုံးသွင်းပြီး ဘယ်လို ဖြေသိမ့်ရမယ်ဆိုတာ သနားကရုဏာ ရှေ့ထားပြီး မိန့်ကြားပေးတော်မူပါဘုရား။

**မမိုးသက်လှိုင်၊ ရန်ကင်းမြို့နယ်။**

မမိုးသက်လှိုင်ရေ ....

မမိုးသက်လှိုင်ရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ အခုတလော နာမည်ကြီးနေတဲ့ နိုင်ငံကျော်မင်းသမီးတစ်ဦးရဲ့ အိမ်ထောင်လမ်းခွဲသတင်းကို ချက်ချင်း သတိရလိုက်မိပါတယ်။ 'တစ်ဦးတစ်ယောက်ရဲ့

http://www.dhammadownload.com

အချစ်ကို ရယူဖို့ မကြိုးစားတော့ဘဲ ပရိသတ်ရဲ့ အချစ်ကို ထာဝရ ရယူနိုင်ဖို့ပဲ ကြိုးစားသွားပါတော့မယ်’ လို့လည်း အင်တာဗျူးတစ်ခုမှာ သူမက ရင်ဖွင့်ထားသေးတယ်လေ။

ဟုတ်ပါတယ်။ တစ်ဦးတစ်ယောက်ရဲ့အချစ်ဆိုတာက တဏှာ ဓာတ်တွေ လွှမ်းခြုံနေပြီး ပရိသတ်ရဲ့ အချစ်ကတော့ မေတ္တာဓာတ်တွေ မွှမ်းထုံနေပါတယ်။ တဏှာချစ်ကို တောင့်တရင် တောင့်တနေချိန်မှာ လည်း တဏှာစိတ်နဲ့ ပူလောင်ရသလို ရရှိလာချိန်မှာလည်း သံယောဇဉ် မီးတွေနဲ့ ကျွမ်းမြိုက်ရပါတယ်။ မေတ္တာချစ်ကို မျှော်လင့်ရင်တော့ မျှော် လင့်နေချိန်မှာလည်း မေတ္တာစိတ်နဲ့ အေးမြရသလို ရရှိလာချိန်မှာလည်း မေတ္တာရောင်ပြန်တွေနဲ့ ချမ်းမြေ့ရပါတယ်။ (တဏှာချစ်နဲ့တော့ စိတ် နှလုံး အပူလောင် မခံချင်ပါနဲ့တော့ ရွှေမင်းသမီးရေ ....။)

ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံအကျဆုံး ယုံကြည်ချက်က တော့ ကံနဲ့ကံရဲ့ အကျိုးတရားပါပဲ။

‘ကောင်းတာလုပ်ခဲ့ရင် ကောင်းကျိုးရမယ်၊ မကောင်းတာ လုပ်ခဲ့ ရင် မကောင်းကျိုးရမယ်၊ အချိုစေ့စိုက်ခဲ့ရင် အချိုပင်ပေါက်ပြီး အချိုသီး စားရမယ်၊ အခါးစေ့စိုက်ခဲ့ရင် အခါးပင် ပေါက်ပြီး အခါးသီးစားရမယ်၊ ကိုယ်စိုက်တဲ့မျိုးစေ့နဲ့ ထိုက်တန်တဲ့အပင် ပေါက်ပြီး အဲဒီအပင်နဲ့ လိုက် ဖက်တဲ့ အသီးကိုပဲ ကိုယ်စားရမယ်၊ ကိုယ်လုပ်ခဲ့တဲ့ အလုပ်နဲ့ သက်ဆိုင်တဲ့ အကျိုးတရားကို ကိုယ်ပဲ ခံစားရမယ်၊ အလုပ်ဆိုတာ ကံ၊ ကံဆိုတာ အလုပ်၊ ကိုယ့်ကံက ကိုယ့်ဘဝကို စီမံတယ်၊ ကိုယ့်ဘဝရဲ့ ဖန်ဆင်းရှင် ဟာ ကိုယ်လုပ်ခဲ့တဲ့ ကံတရား’

အဲဒီလို နားလည် လက်ခံ ယုံကြည်ထားကြပါတယ်။

အချစ်ရေး၊ အိမ်ထောင်ရေးမှာ အကျိုးပေး မကောင်းတာဟာ အချစ်ရေး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ မကောင်းကံတွေ အတိတ်က ပြုလုပ်ခဲ့ဖူးလို့ပါ။ သူတစ်ပါးရဲ့ ချစ်ခြင်းကို ခွဲခဲ့တဲ့သူ၊ သူတစ်ပါးအိမ်ထောင်ကို ပြိုကွဲစေခဲ့တဲ့သူဟာ အချစ်ရေး၊ အိမ်ထောင်ရေးမှာ ဘယ်လိုနည်းနဲ့မှ အကျိုးပေးမကောင်းနိုင်ပါဘူး။

သမီးရည်းစားချစ်၊ လင်မယားချစ်တွေကို ဖြိုခွဲမှ အချစ်ကံမကောင်းတာ မဟုတ်ပါဘူး။ မေတ္တာချစ်၊ သံယောဇဉ်ချစ်နဲ့ ချစ်ကြသူမည်သူကိုမဆို တကွဲတပြားစီ ဝေးလွင့်သွားအောင် လုပ်ရင် ဖြစ်လေရာဘဝတိုင်း ကိုယ်ချစ်တဲ့သူတွေနဲ့ 'ဆုံနိုင်ခွင့်' မှေးမှိန်ပျောက်ကွယ်ပြီး 'လွမ်းဆွတ်ခွင့်' 'တမ်းတခွင့်' တွေသာ ရှင်သန်ကြီးထွားလာနိုင်ပါတယ်။

အောက်ထစ်ဆုံး ငှက်ကလေး၊ ငါးကလေးတွေ၊ ကြောင်ကလေး၊ ခွေးကလေးတွေကို သူတို့မိသားစု၊ သူတို့အသိုက်အမြုံကနေ ခွဲခွာနုတ်ယူပြီး မွေးမြူသိမ်းပိုက်ထားခဲ့ရင်တောင် အဲဒီအကုသိုလ်ကံက သူအကျိုးပေးတဲ့ဘဝမှာ ကာယကံရှင်ကို အချစ်ကံခေသူ၊ အလွမ်းကံဝေသူဖြစ်အောင် စွမ်းဆောင်ဖန်တီးနိုင်ပါတယ်။

အချစ်ရေး၊ အိမ်ထောင်ရေးကို အရပ်ဆိုးအကျည်းတန်စေတဲ့ ကြောက်စရာအကောင်းဆုံးကံကတော့ 'ကာမေသုမိစ္ဆာစာရကံ' ပါပဲ။ 'ကာမဂုဏ်ကိစ္စမှာ မှားမှားယွင်းယွင်း ပြုကျင့်တဲ့ကံ' လို့ အဓိပ္ပာယ်ရပါတယ်။ ကိုယ့်ရဲ့ ကာမပိုင် မဟုတ်သူတွေနဲ့ ကာမကိစ္စ ဖောက်ပြန်ရင် 'ကာမေသုမိစ္ဆာစာရကံ' ထိုက်ပါတယ်။ သူတစ်ပါး သားမယားနဲ့ ဖောက်

http://www.dhammadownload.com

ပြန်ရင်တော့ 'ပရဒါရကံ' ထိုက်တယ်လို့လည်း ခေါ်ပါတယ်။

အတိတ်ဘဝတွေက ကာမကိစ္စ ဖောက်ပြန်ခဲ့တဲ့သူဟာ ကာမကိစ္စတစ်စိတ်တစ်ပိုင်းပါဝင်တဲ့ အချစ်ရေး၊ အိမ်ထောင်ရေးတွေမှာ ကံဆိုးတတ်ပါတယ်။ ကိုယ့်ရဲ့အိမ်ထောင်ဖက်က ကိုယ့်အပေါ် သစ္စာကင်းမဲ့တာဟာ ကိုယ့်ရဲ့ အတိတ်က 'သစ္စာမဲ့ကံ' က ကိုယ့်ကို အကျိုးပေးတာပါပဲ။

ကိုယ့်ရဲ့နှလုံးလမ်းကြောင်းမှာ ခံနေတဲ့ကျွန်းဟာ ကိုယ်ကိုယ်တိုင် ဖွဲ့စည်းတည်ဆောက်ထားခဲ့တဲ့ကျွန်းပါ။ ဘယ်သူမပြု မိမိမှုပေ့ါနော်။ 'နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတယ်' လို့ ဟစ်အော်ကြွေးကြော်နေတာဟာ 'အတိတ်ဘဝတွေက အချစ်ရေး၊ အိမ်ထောင်ရေးတွေမှာ သစ္စာယွင်းပျက်ခဲ့ပါတယ်၊ ကိုယ်ကျင့်ဖောက်ပြန်ခဲ့ပါတယ်' လို့ ထုတ်ဖော်ဝန်ခံနေတာပါပဲ။

ကံတရားရဲ့ သဘာဝကို အကြောင်းအကျိုးဆက်စပ်ပြီး စဉ်းစားဆင်ခြင်နိုင်မယ်ဆိုရင်တော့ ကိုယ့်ခင်ပွန်းရဲ့ သစ္စာမဲ့မှုအပေါ် မမိုးသက်လှိုင်အနေနဲ့ အတိုင်းအတာတစ်ခုအထိ ခွင့်လွှတ်ဖြေသိမ့်နိုင်မယ်ထင်ပါရဲ့။

ဒါပေမဲ့ ခွင့်လွှတ်ဖြေသိမ့်နေရုံနဲ့ မပြီးသေးဘူး မမိုးသက်လှိုင်ရေ ....။ ကိုယ်ကြုံတွေ့နေရတဲ့ အဆိုးလောကခံထဲကနေ အနှစ်သာရတစ်ခုခုတော့ ထုတ်ယူနိုင်အောင် ကြိုးစားရပါဦးမယ်။ အရှုံးထဲက အမြတ်ထွက်အောင် လုပ်ရပါဦးမယ်။

မြတ်စွာဘုရားရှင် လက်ထက်တုန်းက သာဝတ္ထိမြို့မှာ သိပ်

ချောသိပ်လှတဲ့ အမျိုးသမီးတစ်ဦးရှိခဲ့ဖူးပါတယ်။ အတိတ်ကံ အကြောင်း တရားကြောင့် သူမရဲ့ခင်ပွန်းသည်က သူမကို လုံးဝမချစ်ပါဘူး။ တခြား အမျိုးသမီးတစ်ယောက်နဲ့ မျက်နှာပြောင်တိုက်ပြီး လူမှုရေးဖောက်ပြန် နေပါတယ်။

ကိုယ့်ကို မချစ်လို့၊ ကိုယ့်အပေါ် သစ္စာမဲ့လို့ဆိုပြီး သူမက စိတ် လည်း မညစ်ပါဘူး။ စိတ်လည်းမဆိုးပါဘူး။ 'လင်က မချစ်တော့ လင်နဲ့ အချိန်ဖြုန်းစရာမလိုတော့ဘူးပေါ့' လို့ နှလုံးသွင်းပြီး အချိန်ရှိသမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကိုပဲ စိတ်အားထည့် ပြုလုပ်နေ လိုက်ပါတယ်။

အထူးသဖြင့် အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန် အဂ္ဂသာဝကမထေရ်ကြီးနှစ်ပါးကို အိမ်မှာနေ့စဉ်ဆွမ်းပင့်လှူပြီး တရား နာယူပါတယ်။ တရားနာလိုက်၊ တရားအားထုတ်လိုက်နဲ့ ကြိုးစားလိုက် တာ သိပ်မကြာခင်မှာပဲ သောတာပန် အရိယာမလေး ဖြစ်သွားခဲ့ပါ တယ်။ 'လင်က မပေါင်းချင်မှတော့ အိမ်မှာ နေလည်း အပိုပဲ' ဆိုပြီး ရဟန်းပြုလိုက်တာ သိပ်မကြာခင်မှာပဲ ရဟန္တာအရှင်မလေး ဖြစ်သွား ပြန်ပါတယ်။

တကယ်လို့သာ သူမရဲ့ခင်ပွန်းက သူမကို သိပ်ချစ်၊ သိပ်ကြင် နာနေမယ်ဆိုရင် အခုလို တရားအရသာ ခံစားခွင့်ရမှာမဟုတ်ပါဘူး။ ယောကျ်ားအရသာနဲ့ နိဗ္ဗာန်အရသာ ဘယ်လိုမှ နှိုင်းယှဉ်လို့မရအောင် ကွာခြားလွန်းလှပါတယ်။ နိဗ္ဗာန်အရသာကို အဆင့်အမြင့်ဆုံး ခံစားခွင့် ရနေမှတော့ ယောကျ်ားအရသာဆုံးရှုံးခဲ့တာကို နှမြောတမ်းတနေစရာ

http://www.dhammadownload.com

လိုပါဦးမလား။ တကယ်ဆို ကိုယ့်အပေါ် မကြင်နာတဲ့ ခင်ပွန်းသည်ကို ကျေးဇူးတင်စရာတောင် ကောင်းပါသေးတယ်။

သူတို့နှစ်ယောက်ပဲ ဘဝတစ်ခုမှာ ဗြဟ္မဒတ်မင်းသားနဲ့ အသိတာဘူမင်းသမီးဆိုပြီး တော်ဝင်ဇနီးမောင်နှံဖြစ်ခဲ့ဖူးပါတယ်။ ဖခင်ဘုရင်ကြီးက အာဏာလုမှာစိုးရိမ်ပြီး တိုင်းပြည်က နှင်ထုတ်လိုက်လို့ သူတို့နှစ်ဦး ဘုရားအလောင်းတော်ရသေ့ သီတင်းသုံးရာ ဟိမဝန္တာတောထဲမှာ နေထိုင်ခဲ့ကြရပါတယ်။

တစ်နေ့တော့ သိပ်ချောသိပ်လှတဲ့ ကိန္နရီမလေးတစ်ဦးကို သစ်ခက်တဲနန်းအနီးမှာ မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရပါတယ်။ ကိန္နရီမလေးကို မြင်မြင်ချင်း ချစ်မိသွားတဲ့ မင်းသားဟာ 'မိဖုရားမြှောက်မယ်' ဆိုတဲ့ အကြံအစည်နဲ့ ကိန္နရီမလေးနောက် တကောက်ကောက် ပြေးလိုက်ပါတော့တယ်။

မင်းသားရဲ့သစ္စာဖောက်မှုကို မြင်ရတဲ့ မင်းသမီးလည်း မင်းသားအပေါ် သံယောဇဉ်ပြတ်ပြီး ဘုရားလောင်းရသေ့ထံမှာ ကမ္မဋ္ဌာန်းသင်ယူအားထုတ်လိုက်တဲ့အတွက် တစ်ခဏချင်းအတွင်းမှာပဲ ဈာန်အဘိညာဉ်တွေ ရရှိသွားပါတယ်။

တောကျွမ်းတဲ့ ကိန္နရီမလေးနဲ့ ခြေရာပြတ်ပြီး လက်လျှော့ပြန်လာတဲ့ မင်းသားကို ကောင်းကင်ပေါ်ကနေ နှုတ်ဆက်စကားပြောကြားပြီး ဝေးရာကို ပြေးခွာထွက်သွားပါတော့တယ်။ မင်းသမီးရဲ့ နှုတ်ဆက်စကားက ....

'တစ်ချိန်က 'မောင်' လို့ အမြတ်တနိုးခေါ်ခဲ့ရတဲ့ မင်းသားရေ၊

http://www.dhammadownload.com

ရှင့်ရဲ့ သစ္စာမဲ့မှုကြောင့် ကျွန်မ ဈာန်ချမ်းသာ ရခဲ့ပါပြီ၊ တကယ်တော့ ကျွန်မရဲ့ ဈာန်ချမ်းသာဟာ ရှင်ပေးတဲ့ချမ်းသာပါ၊ ဒီ့အတွက် ရှင့်ကို ကျွန်မ ကျေးဇူးအများကြီးတင်ပါတယ်'

'ဒါပေမယ့် တစ်ချိန်က ရှင့်အပေါ်ထားရှိခဲ့တဲ့ ကျွန်မရဲ့ အချစ်တွေ၊ ကျွန်မရဲ့သံယောဇဉ်တွေကတော့ ကျွန်မရဲ့ နှလုံးသားကနေ ပြုတ်ကျသွားခဲ့ပါပြီ၊ ကျွန်မရင်ထဲမှာ ရှင်မရှိတော့ပါဘူး။ လွှနဲ့အဖြတ်ခံရတဲ့ ဆင်စွယ် ပြန်မဆက်နိုင်တော့သလို ရှင်နဲ့ကျွန်မ ကြားမှာရှိတဲ့ နှောင်ကြိုးတွေကိုလည်း ပြန်ဆက်လို့ မရနိုင်တော့ပါဘူး။ တစ်စစီ ကျိုးပဲ့ကြွေမွခဲ့ပါပြီ။ ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မ နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ်'

အသိတာဘူမင်းသမီးရဲ့ နှုတ်ဆက်စကားကို ကြည့်ရင် သူမရဲ့ ရင်ထဲမှာ သောကဆူးငြောင့် မကျန်ရစ်ခဲ့ဘူး၊ သူမရဲ့ စိတ်အစဉ်ဟာ ပူလောင်ခြင်းမရှိ၊ ပကတိအေးချမ်းနေတယ်ဆိုတာ ထင်ရှားပါတယ်။ သာသနာပကာလမို့သာ ဈာန်ချမ်းသာနဲ့ပဲ ငြိမ်းအေးမှုရယူခဲ့ရတာပါ။

ဒီလောက်ဆိုရင် မမိုးသက်လှိုင် အနေနဲ့ ဘာလုပ်သင့်တယ်ဆိုတာ သိလောက်ပါပြီနော်။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို 'နောက်ဆုံးထွက်သက်အထိ ရူးသွပ်စွာ ချစ်နေမှာပါမောင်' လို့လည်း စိတ်ကူးမယဉ်ပါနဲ့၊ သီချင်းတွေထဲကလို 'ရက်စက်တတ်တဲ့မင်းရဲ့အနားမှာ ရက်စက်မှုတွေခံယူချင်တယ်' လို့လည်း တမ်းတမနေပါနဲ့။ လက်တွေ့ဘဝမှာ စိတ်ချမ်းသာဖို့နဲ့ ဖြစ်နိုင်ရင် ဘဝလွတ်မြောက်မှု ရဖို့အတွက်သာ အတတ်နိုင်ဆုံး ကြိုးစားပါ။

ရှေးသူတော်ကောင်းတွေထုံး နှလုံးမူပြီး တရားနဲ့ မွေ့ပျော်ပါ။

http://www.dhammadownload.com

တရားများများနာ၊ တရားစာအုပ်များများဖတ်၊ ကုသိုလ်ကောင်းမှုများ များပြု၊ တရားများများအားထုတ်ပေါ့။ နှာသီးဝ လေထိရာအရပ် သတိကပ်ပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင် 'ထွက်တယ်' လို့ ရှုမှတ်ရတဲ့အလုပ်ကတော့ သီးခြားထိုင်ရင်းနဲ့ရော၊ သွားရင်းလာရင်းရော လုပ်လို့ လွယ်ကူပါတယ်။ စွဲစွဲမြဲမြဲလုပ်ကြည့်ရင် စိတ်တွေအထူးအေးချမ်းလာမှာပါ။

သောကမှန်သမျှ ချစ်ခြင်းကြောင့် ဖြစ်ရတာပါ၊ ချစ်စရာတစ်ခုရှိရင် သောကတစ်ခုရှိမယ်၊ ချစ်စရာ ဆယ်ခုရှိရင် သောက ဆယ်ခုရှိမယ်၊ ချစ်စရာ အများကြီးရှိရင်တော့ သောက အများကြီးရှိမယ်ပေါ့။ သောကငြိမ်းချင်ရင် ချစ်စရာတွေကို လျှော့ပစ်နိုင်ရမယ်လေ။ ချစ်ရမယ့်သူ၊ ချစ်ရမယ့်အရာ နည်းပါးသွားလေ၊ သောကမီးလည်း ချုပ်ငြိမ်းသွားလေပါပဲ။

ချစ်ရသူရဲ့ စိမ်းကားရက်စက်မှု၊ မြတ်နိုးရသူရဲ့ သစ္စာကင်းမဲ့မှုဟာ စိတ်ထားတတ်သူအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝလွတ်မြောက်မှု ဆုလာဘ်ကြီးပါပဲ။ အသုံးချတတ်သူ တစ်ယောက်အတွက် အချစ်ကံခေတာဟာ အနှစ်ကျန်စေဖို့ပါပဲ .... လို့ ....။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊ ဇွန်၊ ၂၇၊ ၂၀၀၁]

■

http://www.dhammadownload.com

■ စိတ်ဆင်းရဲခြင်းဆိုတာက
စိတ်ဓာတ်ပျော့ညံ့တဲ့သူတွေ
ကန်ထရိုက်ဆွဲထားတဲ့
ခပ်ညံ့ညံ့ပစ္စည်းတစ်ခုပါ။
စိတ်ချမ်းသာခြင်းကတော့
စိတ်ဓာတ်ခိုင်မာသူတွေရဲ့
မူပိုင်ရတနာထုပ်ကြီး
တစ်ခုဖြစ်ပါတယ်။

■ အချစ်ရေး၊အိမ်ထောင်ရေးမှာ
အကျိုးပေးမကောင်းတာဟာ
အချစ်ရေး၊အိမ်ထောင်ရေးနဲ့
ပတ်သက်တဲ့မကောင်းကံတွေ
အတိတ်ကပြုလုပ်ခဲ့ဖူးလို့ပါ။
သူတစ်ပါးရဲ့ချစ်ခြင်းကိုခွဲခဲ့တဲ့သူ
သူတစ်ပါးအိမ်ထောင်ကို
ပြိုကွဲစေခဲ့တဲ့သူဟာ
အချစ်ရေး၊အိမ်ထောင်ရေးမှာ
ဘယ်လိုနည်းနဲ့မှ
အကျိုးပေးမကောင်းနိုင်ပါဘူး။

■ နှလုံးလမ်းကြောင်းမှာကျွန်းခံနေတယ်လို့
ဟစ်အော်ကြွေးကြော်နေတာဟာ
အတိတ်ဘဝတွေကအချစ်ရေး
အိမ်ထောင်ရေးတွေမှာ
သစ္စာယွင်းပျက်ခဲ့ပါတယ်
ကိုယ်ကျင့်ဖောက်ပြန်ခဲ့ပါတယ်လို့
ထုတ်ဖော်ဝန်ခံနေတာပါပဲ။

http://www.dhammadownload.com



http://www.dhammadownload.com

**အရှင်ဘုရား . . .**

နောက်ဆုံးပွင့်တော်မူခဲ့သော ဂေါတမဗုဒ္ဓ မြတ်စွာဘုရား၏ ဘွဲ့အမည်မှန်ကို သိလိုပါသည်ဘုရား။ အချို့က ဗုဒ္ဓ၊ အချို့က ဂေါတမ၊ အချို့က သကျမုနိ၊ အမျိုးမျိုး ခေါ်နေကြပါသည်ဘုရား။

**မောင်ကျော်ကိုကိုဝင်း၊ ရန်ကင်းမြို့နယ်။**

ဒကာကျော်ကိုရေ ....

ဒကာကျော်ကိုရဲ့ မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင်ရဲ့ ဘွဲ့အမည်တစ်ခုနဲ့ပတ်သက်ပြီး ဟုတ်လောက်တယ်၊ ဟုတ်လောက်တယ်လို့ ခေါင်းတညိတ်ညိတ်နဲ့ မှတ်ချက်ချခဲ့ဖူးတဲ့ 'ဥပကတက္ကတွန်း' ကြီးကို ချက်ချင်းသတိရလိုက်မိပါတယ်။

ဥပကတက္ကတွန်းကြီးဟာ မြတ်စွာဘုရားရှင်ကို မဟာဗောဓိပင်နဲ့ ဗုဒ္ဓဂယာအကြား လမ်းခရီးတစ်နေရာမှာ ဖူးတွေ့ခွင့်ရခဲ့တာပါ။ သူကလည်း ခရီးတစ်ခုအသွား၊ မြတ်စွာဘုရားရှင်ကလည်း တရားဦးဓမ္မစကြာ ဟောဖို့ မိဂဒါဝုန်တောကို အကြွ၊ လမ်းခရီးမှာ ခရီးရင်ဆိုင် ဆုံတွေ့ကြတာပါ။

မြတ်စွာဘုရားရှင်ရဲ့ ကြည်လင်သန့်ရှင်းတဲ့ အသရေတော်ကို ဖူးမြင်ရတဲ့ ဥပကတက္ကတွန်းကြီးဟာ လူချင်းမသိပေမယ့် သဘောကျနှစ်သက်လွန်းလို့ မြတ်စွာဘုရားရှင်ရဲ့ အနီးအပါး ချဉ်းကပ်ပြီး မေးခွန်းတွေ တရစပ် မေးပါတော့တယ်။

'ငါ့ရှင် ....၊ သင့်ရဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဣန္ဒြေခြောက်ပါးဟာ ကြည်လင်လွန်းလှပါတယ်။ သင့်ရဲ့ကိုယ်အရေ

http://www.dhammadownload.com

အဆင်းဟာလည်း အထူးသန့်ရှင်းစင်ကြယ်ပြီး ပြိုးပြိုးပြက်ပြက် အရောင်ထွက်လို့နေပါတယ်။ ငါ့ရှင် ....၊ သင်ဟာ ဘယ်ဆရာကို ရည်မှန်းပြီးတော့ ရဟန်းပြုခဲ့တာပါလဲ၊ သင့်ဆရာက ဘယ်သူလဲ၊ ဘယ်သူ့တရားကို သင်နှစ်သက်ပါသလဲ'

ဥပကတက္ကတွန်းကြီးရဲ့ မေးခွန်းတွေကို မြတ်စွာဘုရားရှင်က ဂါထာလေးပုဒ်နဲ့ အခုလို ဖြေကြားတော်မူလိုက်ပါတယ်။

'ဥပက ....၊ ငါဟာ တရားအားလုံးကို လွှမ်းမိုးနိုင်တဲ့သူ၊ တရားအားလုံးကို အကုန်အစင် အကြွင်းမဲ့ သိမြင်တဲ့သူ၊ တရားအားလုံးအပေါ်မှာ ကိလေသာလိမ်းကျံကပ်ငြိခြင်း အလျှဉ်းမရှိတဲ့သူ၊ တရားအားလုံးကို ပယ်ရှားစွန့်ပစ်ပြီးတဲ့သူ၊ တဏှာကုန်ရာနိဗ္ဗာန်မှာ လွတ်လွတ်ကျွတ်ကျွတ် သက်ဝင်တည်နေသူဖြစ်ပါတယ်။ တရားအားလုံးကို ဆရာမရှိ မိမိကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းသိမြင်ခဲ့တာဖြစ်လို့ ငါ့မှာ ဆရာရယ်လို့ ညွှန်ပြရမယ့်သူ ဘယ်သူမျှား ရှိဦးမှာလဲ'

'ဥပက ....၊ ငါ့မှာ ဆရာဆိုတာ မရှိပါဘူး၊ ငါ့ထက် မြတ်တဲ့ဆရာဆိုတာ အသာထား၊ ငါနဲ့ တန်းတူတဲ့သူတောင် မရှိပါဘူး၊ နတ်နဲ့တကွသော သတ္တလောကကြီးတစ်ခုလုံးမှာ ငါနဲ့ နှိုင်းယှဉ်စရာပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ မရှိပါဘူး'

'ဥပက ....၊ ငါဟာ လောကမှာ ပူဇော်အထူးကို ခံထိုက်တဲ့သူ၊ အတုမရှိ ဆုံးမသွန်သင်နိုင်စွမ်းရှိတဲ့ဆရာ၊ တရားအားလုံးကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင်နိုင်တဲ့ တစ်ဦးတည်းသော ပုဂ္ဂိုလ်၊ ကိလေသာမီး ငြိမ်းအေးပြီးတဲ့သူ ဖြစ်ပါတယ်'

'ဥပက ....၊ ငါ အခု ဓမ္မစကြာတရား ဟောဖို့ ကာသိတိုင်း၊ ဗာရာဏသီပြည်က မိဂဒါဝုန်တောကို သွားမလို့ပါ။ ပညာမျက်စိမရှိတဲ့ အတွက် အကန်းလိုဖြစ်နေတဲ့ နတ်လူသတ္တဝါတွေအလယ်မှာ တရား ဒေသနာတည်းဟူသော အမြိုက်စည်ကြီး ရိုက်တီးဆော်ရွှမ်းလိုက်ဦးမယ်'

မြတ်စွာဘုရားရှင်ရဲ့ ဖြေကြားချက်တွေကို အားရကျေနပ်လွန်း လို့ ဥပကတက္ကတွန်းကြီးက ....

'ငါ့ရှင် ...၊ အခု သင်ပြောတဲ့အတိုင်းဆိုရင် သင်ဟာ 'အနန္တဇိန' ဘွဲ့အမည်ရတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ဦးဖြစ်မှာပေါ့နော်'

အဲဒီအခါ မြတ်စွာဘုရားရှင်က ....

'ဟုတ်ပါတယ် .... ဥပက၊ ငါဟာ 'ဇိန' ဘွဲ့အမည်ရတဲ့ ပုဂ္ဂိုလ် တစ်ဦးဖြစ်ပါတယ်။ ငါနဲ့ သဘောသဘာဝချင်းတူတဲ့ ဘုရားရှင်အားလုံး ဟာ အရဟတ္တမဂ်ဉာဏ်ရတာနဲ့တစ်ပြိုင်နက် ယုတ်ညံ့တဲ့ကိလေသာနဲ့ အကုသိုလ်တရားတွေကို အကြွင်းမဲ့အောင်မြင်ခဲ့၊ အနိုင်ယူနိုင်ခဲ့တာမို့ 'ဇိန' ဆိုတဲ့ ဘွဲ့အမည်ရကြပါတယ်။ ငါလည်း အဲဒီဘုရားရှင်တွေလိုပဲ အရဟတ္တမဂ်ဉာဏ်နဲ့ ကိလေသာတရား၊ အကုသိုလ်တရား အယုတ် အညံ့တွေကို အကြွင်းမဲ့ အောင်မြင်ခဲ့၊ အနိုင်ယူနိုင်ခဲ့တာမို့ 'ဇိန' ဆိုတဲ့ ဘွဲ့အမည်ရှိပါတယ်'

အဲဒီအခါ ဥပက တက္ကတွန်းကြီးက 'ငါ့ရှင် ....၊ သင်ပြောတာ ဟုတ်လောက်တယ်၊ သင်ပြောတာ ဟုတ်လောက်တယ်' လို့ ရေရွတ် ရင်း ခေါင်းတညိတ်ညိတ်နဲ့ လမ်းဖယ်ရှောင်လွှဲပြီး သူသွားလိုရာခရီးကို ဆက်လက်ထွက်ခွာသွားပါတော့တယ်။

http://www.dhammadownload.com

ဥပက တက္ကတွန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဘွဲ့အမည်ကို 'အနန္တဇိန' လို့ သတ်မှတ်ခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ကလည်း အကြောင်းပြချက်နဲ့တကွ အတည်ပြုပေးခဲ့ပါတယ်။ နောင်တစ်ချိန် မြတ်စွာဘုရားရှင်ထံမှောက် ကျွတ်တမ်းဝင်ဖို့ ရောက်လာတော့လည်း ဥပက တက္ကတွန်းကြီးက မြင်မြင်သမျှ ရဟန်းရှင်လူတွေကို 'အနန္တဇိန ဘယ်အရပ်မှာ နေသလဲ' 'အနန္တဇိန ဘယ်မှာလဲ' လို့ပဲ မေးမြန်းခဲ့ပါတယ်။

တကယ်တော့ 'အနန္တဇိန'ဆိုတဲ့ဘွဲ့အမည်ဟာ ဂုဏ်ပုဒ်ကို အစွဲပြုပြီးခေါ်ဝေါ်တဲ့ဘွဲ့အမည်ပါ။ 'အနန္တ'ဆိုတာ 'အဆုံးမရှိသိမြင်သူ'၊ 'ဇိန' ဆိုတာ 'ရန်မာရ်အားလုံးကို အောင်နိုင်သူ'၊ ဂုဏ်ပုဒ်နှစ်ခုကို ပေါင်းလိုက်တော့ 'အနန္တဇိန' ဆိုတဲ့ ဘွဲ့အမည် ဖြစ်လာတာပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်မှန်သမျှ ( အရည်အချင်းမှန်သမျှ) ဘွဲ့အမည် ဖြစ်ခွင့်ရှိပါတယ်။ ဂုဏ်ပုဒ်တွေက မရေမတွက်နိုင်အောင် များလွန်းတော့ မြတ်စွာဘုရားရှင်ရဲ့ ဘွဲ့အမည်တွေကလည်း မရေမတွက်နိုင်အောင် များနေတော့တာပေါ့။ ဥပကတက္ကတွန်းကြီးကို မိန့်ကြားတော်မူတဲ့စကားရပ်တွေထဲမှာကိုပဲ 'ဂုဏ်ပုဒ်အကြောင်းပြု ဘွဲ့အမည်' တွေ အများကြီးပါပါတယ်။

မြတ်စွာဘုရားရှင်ရဲ့အမည်ကို (၁)လူ့ဘဝအမည်၊ (၂)ဘုရားအမည်၊ (၃)ဂုဏ်ပုဒ်အမည်လို့ သုံးမျိုးခွဲခြားနိုင်ပါတယ်။ လူ့ဘဝအမည်ကတော့ 'သိဒ္ဓတ္ထ'လို့ခေါ်ပါတယ်။ 'အကျိုးအားလုံးပြီးစီးနိုင်သူ' လို့ အဓိပ္ပာယ်ရပါတယ်။ (သိဒ္ဓ=ပြီးစီး၊ အတ္ထ=အကျိုး။) ဘုရားအမည်ကတော့ 'ဂေါတမ' လို့ ခေါ်ပါတယ်။ ဂေါတမ မျိုးနွယ်က ဆင်းသက်လာ

http://www.dhammadownload.com

သူမို့ မျိုးနွယ်ရဲ့အမည်ကို အစွဲပြုပြီး ခေါ်တာပါ။

တချို့ဘုရားရှင်တွေက လူ့ဘဝအမည်နဲ့ ဘုရားအမည်အတူတူပါပဲ။ ဥပမာ လူ့ဘဝတုန်းက ဒီပင်္ကရာမင်းသားက ဘုရားဖြစ်တော့ ဒီပင်္ကရာဘုရား၊ လူ့ဘဝတုန်းက မင်္ဂလမင်းသားက ဘုရားဖြစ်တော့ မင်္ဂလဘုရား၊ လူ့ဘဝနဲ့ ဘုရားဘဝ အမည်မပြောင်းဘဲ တစ်မျိုးတည်း ခေါ်ဝေါ်ကြပါတယ်။

လူ့ဘဝတုန်းက သိဒ္ဓတ္ထမင်းသားလို့ခေါ်ပေမယ့် ဘုရားဖြစ်တဲ့ အခါ သိဒ္ဓတ္ထဘုရားလို့မခေါ်တာကတော့ ဂေါတမမြတ်စွာဘုရားရဲ့ ထူးခြားချက်တစ်ခုပဲပေါ့။ အရှင်သာရိပုတ္တ(အရပ်သုံးအရှင်သာရိပုတ္တရာ) မထေရ်ကို လူ့ဘဝအမည် 'ဥပတိဿ'နဲ့ မခေါ်ဘဲ 'သာရိပုတ္တ'(သာရီ ပုဏ္ဏေးမရဲ့သား) လို့ ခေါ်သလိုပါပဲ။ အရှင်မဟာကဿပမထေရ်လည်း လူ့ဘဝတုန်းက 'ပိပ္ပလိ' ကနေ ရဟန်းဖြစ်လာတော့ 'ကဿပ' ရယ်လို့ ဖြစ်လာခဲ့တယ်မဟုတ်လား။

အများအားဖြင့်တော့ ဘုရားရှင်တွေ၊ ရဟန်းတော်တွေရဲ့ လူ့ဘဝအမည်နဲ့၊ ဘုရားဘဝ၊ ရဟန်းဘဝအမည်တွေက တူညီကြတာများ ပါတယ်။ တချို့တလေလောက်ပဲ ကွဲလွဲကြတာပါ။ အခုခေတ်မှာတော့ မြန်မာအမည်၊ သို့မဟုတ် သက်ဆိုင်ရာ လူမျိုးအမည်ကနေ ပါဠိအမည် ကို ပြောင်းလဲမှည့်ခေါ်ကြတာမို့ လူအမည်နဲ့ ရဟန်းအမည် တခြားစီ ဖြစ်နေကြပါတယ်။

အခု ဦးပဉ္ဇင်းတို့ နေထိုင်တဲ့ကမ္ဘာ (ဘဒ္ဒကမ္ဘာ) မှာ ဘုရားငါး ဆူပွင့်တယ်ဆိုတာ ဒကာကျော်ကို ကြားဖူးမှာပါ။ အဲဒီဘုရားငါးဆူရဲ့ဘွဲ့

http://www.dhammadownload.com

အမည်ကို 'ကကုသန်၊ ကောဏာဂုမ်၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တယျ' လို့ပဲ သုံးနှုန်းကြတာကို ကြည့်ခြင်းအားဖြင့် ဦးပဥ္စင်းတို့ မြတ်စွာဘုရားရှင်ရဲ့ ဘွဲ့အမည်ဟာ 'ဂေါတမ' ပါပဲ ဒကာကျော်ကိုရေ ....။

ဒါပေမဲ့ လေးစားထိုက်တဲ့ ကိုယ့်မိဘ၊ ကိုယ့်ဆရာသမား၊ ကိုယ့်ကျေးဇူးရှင်တွေကို မူရင်းအမည်အတိုင်း ခေါ်ဝေါ်သုံးစွဲခြင်းမပြုတာဟာ လူယဉ်ကျေးတွေရဲ့ ဓလေ့ထုံးစံဖြစ်လို့ မြတ်စွာဘုရားအကြောင်းပြောရင် ဘယ်သူတော်ကောင်းကမှ 'ဂေါတမ' လို့ မသုံးနှုန်းကြပါဘူး။ ဘာသာခြား ပုဂ္ဂိုလ်တွေ၊ အယူအကျင့် မတူတဲ့ သာသနာပ တိတ္ထိတွေကသာ 'ဂေါတမ'၊ 'ရဟန်းဂေါတမ' လို့ သုံးနှုန်းကြတာပါ။

ဗုဒ္ဓဘာသာဝင်တွေ၊ သူတော်ကောင်း သူတော်မြတ်တွေကတော့ ကိုယ်ကြည်ညိုရာ ဂုဏ်တော်တစ်ခုခုနဲ့ မြတ်စွာဘုရားရှင်ကို နာမ်စားသုံးနှုန်းကြပါတယ်။ အသုံးအများဆုံးကတော့ 'ဗုဒ္ဓ'ပါပဲ။ 'ဘုရား' ဆိုတဲ့စကားလုံးကိုက 'ဗုဒ္ဓ'ဆိုတဲ့ စကားလုံးကနေ အဆင့်ဆင့် ရွေ့လျော လာခဲ့တာပါ။

'ဗုဒ္ဓ' ဆိုတာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်အမည်ပါပဲ။ 'သစ္စာလေးပါးကို ကိုယ်တိုင်သိခြင်း၊ သူတစ်ပါးကိုလည်းသိအောင်ဟောနိုင်ခြင်း' ဆိုတဲ့ ဂုဏ်ပုဒ်ကြောင့် အလိုအလျောက်ပိုင်ဆိုင်လာတဲ့ ဘွဲ့အမည်ပါ။ ဘုရားပွင့်တော်မူရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို လိုရင်းတိုရှင်း မီးမောင်းထိုးပြနိုင်တာမို့ 'ဗုဒ္ဓ' ဆိုတဲ့ ဂုဏ်ပုဒ်အမည်နဲ့ပဲ ဘုရားရှင်တိုင်းကို ရည်ညွှန်းသုံးနှုန်းကြပါတယ်။

'ဗုဒ္ဓ' ဆိုတဲ့ ဘွဲ့အမည်ဟာ ဦးပဥ္စင်းတို့ မြတ်စွာဘုရားရှင်တစ်

http://www.dhammadownload.com

ဆူတည်းရဲ့ ဘွဲ့အမည်မဟုတ်ပါဘူး။ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ မြတ်စွာဘုရားရှင်အားလုံးရဲ့ ဘွဲ့အမည်ဖြစ်ပါတယ်။ ဦးပဥ္စင်းတို့ မြတ်စွာဘုရားရှင် တစ်ဆူတည်းနဲ့သာ သက်ဆိုင်တဲ့ ဘွဲ့အမည်ကတော့ 'ဂေါတမ' ပါပဲ။

ဒကာကျော်ကို့ မေးခွန်းမှာ ပါတဲ့ 'သကျမုနိ' ဆိုတာကတော့ 'သကျ' ဆိုတာ သာကီဝင်မင်းမျိုး၊ 'မုနိ' ဆိုတာ သစ္စာလေးပါးသိသူ၊ နှစ်ခုပေါင်းလိုက်တော့ သကျမုနိ၊ ဒါလည်း မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်အမည်ပါပဲ။


မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်တွေ (ဂုဏ်တော်တွေ၊ အရည်အချင်းတွေ) က အသင်္ချေအနန္တ မရေမတွက်နိုင်အောင် များပြားလှတာမို့ ဂုဏ်ပုဒ်အမည်တွေလည်း မြတ်စွာဘုရားရှင်မှာ အသင်္ချေအနန္တ မရေမတွက်နိုင်အောင် များပြားလှပါတယ်။ ဂုဏ်ပုဒ်အမည်တိုင်းရဲ့ နောက်ကွယ်မှာ ကြည်ညိုလေးမြတ်ဖွယ်၊ လိုက်နာတုကျင့်ဖွယ် အဓိပ္ပာယ် အနှစ်တွေက နက်ရှိုင်းစွာ ကိန်းဝပ်နေတာမို့ ကိုယ့်စိတ်ဓာတ်နဲ့ ကိုယ့်လုပ်ရပ်ကို အသန့်စင်ဆုံး၊ အမြင့်မြတ်ဆုံး တည်ဆောက်လိုသူတိုင်း မြတ်စွာဘုရားရှင်နဲ့ ဂုဏ်ပုဒ်တွေကို နှလုံးသားထဲမှာ အမြဲတမ်း ဖော်ထုတ်ဆင်ခြင်နေသင့်ပါတယ်လို့ ....။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊သြဂုတ်၊၂၂၊၂၀၀၁]

■

http://www.dhammadownload.com



http://www.dhammadownload.com

ပဋ္ဌာန်းနိယင်္ဂတရားငါးပါးကို
ယောဂီရဲ့အားငါးပါးလို့
ခေါ်နိုင်ပါတယ်။ ယောဂီမှန်ရင်
ယုံကြည်မှုအား၊ ကျန်းမာမှုအား
ရိုးဖြောင့်မှုအား၊ ရဲရင့်မှုအားနဲ့
သိမြင်မှုအားဆိုတဲ့
အားငါးပါးနဲ့ပြည့်စုံရပါမယ်။

□ □ □ □ □ □

**အရှင်ဘုရား . . .**

ပဓာနိယင်္ဂတရားငါးပါးနဲ့ ပြည့်စုံရင် ညအားထုတ် မနက် တရားရနိုင်တယ်၊ မနက်အားထုတ် ညတရားရနိုင်တယ်လို့ ဆရာတော် တစ်ပါး ပြောထားတာ ဖတ်ဖူးပါတယ်ဘုရား၊ ပဓာနိယင်္ဂတရားငါးပါး ကို မသိ၍ ဖြေကြားပေးတော်မူပါဘုရား။

**မောင်မြစ်ခြေ၊ ရန်ကုန်မြို့။**

ဒကာမောင်မြစ်ခြေရေ ....

ဒကာမြစ်ခြေရဲ့မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ မြတ်စွာ ဘုရားရှင်လက်ထက်တုန်းက ထင်ရှားကျော်ကြားခဲ့တဲ့ ဆင်စီးချွန်းကိုင် ပညာရှင် 'ဗောဓိမင်းသား'ကို ချက်ချင်း သတိရလိုက်မိပါတယ်။

ဗောဓိမင်းသားက သူ့ရဲ့ ဆွမ်းကျွေးပွဲတစ်ခုမှာ သံဃာအားလုံး

http://www.dhammadownload.com

ဆွမ်းဘုဉ်းပေးအပြီး မြတ်စွာဘုရားရှင်ကို မေးခွန်းတစ်ခု မေးလျှောက်ဖူးပါတယ်။

'မြတ်စွာဘုရား ....၊ မြတ်စွာဘုရားလို ဆရာမျိုးရဲ့ အဆုံးအမကို ရတဲ့ ရဟန်းတစ်ပါးအနေနဲ့ ဘယ်လောက်ကြာကြာ အားထုတ်ရင် အရဟတ္တဖိုလ်တရားထူးရနိုင်ပါသလဲဘုရား၊ ရဟန္တာဖြစ်ဖို့ အချိန် ဘယ်လောက်ကြာပါသလဲဘုရား'

'မင်းသားရေ ....၊ ဒီနေရာမှာ သင့်ကို ငါဘုရား ပြန်မေးပါရစေ၊ သင်နှစ်သက်သလိုဖြေပေ့ါ။ သင်မင်းသားက ဆင်စီးချွန်းကိုင်အတတ်မှာ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တယ်မဟုတ်လား'

'မှန်လှပါ၊ ကျွမ်းကျင်ပါတယ်ဘုရား'

'ဒါဆိုရင် လူတစ်ယောက် ဆင်စီးချွန်းကိုင်အတတ်သင်ချင်လို့ သင့်ဆီရောက်လာတယ်ဆိုပါတော့၊ သူက သင့်အပေါ်မှာရော အတတ်ပညာအပေါ်မှာရော ယုံကြည်မှုမရှိဘူး၊ အနာရောဂါကလည်း များလိုက်သေးတယ်၊ မရိုးမသားနဲ့ ဟန်ဆောင်လှည့်ပတ်တတ်လိုက်တာကလည်း မပြောပါနဲ့တော့၊ ဒီကြားထဲ လုံ့လဝီရိယကလည်း မရှိတဲ့အပြင် ဉာဏ်ကလည်း နည်းသေးတယ်လေ၊ ကဲ .... အဲဒီလူ သင့်ဆီမှာ ဆင်စီးချွန်းကိုင်အတတ် တတ်မြောက်နိုင်ပါ့မလား'

'မြတ်စွာဘုရား မိန့်ကြားတဲ့ အင်္ဂါငါးချက်ထဲက တစ်ချက်ချက်နဲ့ငြိနေတယ်ဆိုရင်ကိုပဲ အဲဒီလူ ဆင်စီးချွန်းကိုင်အတတ် မတတ်နိုင်တော့ပါဘူး။ အင်္ဂါငါးချက်လုံးနဲ့များ ငြိနေလို့ကတော့ ဘယ်မှာဆိုဖွယ်ရာရှိပါတော့မလဲဘုရား'

http://www.dhammadownload.com

'လူတစ်ယောက်ကတော့ ယုံလည်း ယုံကြည်တယ်၊ ကျန်း လည်း ကျန်းမာတယ်၊ ဟန်ဆောင်လှည့်ပတ်ခြင်းလည်း ကင်းတယ်၊ လုံ့လဝီရိယလည်း ကြီးမားတဲ့အပြင် ဉာဏ်လည်းထက်မြက်တယ်၊ အဲဒါ ဆိုရင်ရော'

'အဲဒါဆိုရင်တော့ အင်္ဂါတစ်ချက်ချက်နဲ့ပြည့်စုံရင်ကိုပဲ ဆင်စီး ချွန်းကိုင်အတတ်မှာ ကျွမ်းကျင်သွားနိုင်ပါတယ်ဘုရား၊ အင်္ဂါငါးချက်လုံး နဲ့သာ ပြည့်စုံလို့ကတော့ အတိုင်းထက်အလွန်ပေါ့ဘုရား'

'အဲဒီလိုပါပဲ မင်းသား ....၊ ရဟန်းတစ်ပါးဟာ ယုံကြည်မှုလည်း ရှိမယ်၊ ကျန်းမာရေးလည်း ကောင်းမယ်၊ ဟန်ဆောင်လှည့်ပတ်ခြင်း လည်း ကင်းမယ်၊ လုံ့လဝီရိယလည်း ကြီးမယ်၊ ဉာဏ်ပညာလည်း ထက်မြက်မယ်ဆိုရင် ငါဘုရားရဲ့ အဆုံးအမအတိုင်း ကျင့်လို့ အကြာဆုံး ခုနစ်နှစ်၊ အမြန်ဆုံးတစ်ရက်အတွင်းမှာ အရဟတ္တဖိုလ်တရားထူး ရနိုင်ပါ တယ်၊ ရဟန္တာဖြစ်နိုင်ပါတယ်'

'တစ်ရက်ဆိုတာ အသာထားလိုက်ပါဦး၊ အင်္ဂါငါးချက်နဲ့ပြည့် စုံတဲ့ ရဟန်းက ငါဘုရား ဆုံးမတဲ့အတိုင်း အားထုတ်လိုက်မယ်ဆိုရင် ညအားထုတ် မနက်တရားရနိုင်ပါတယ်၊ မနက်အားထုတ် ညတရား ရနိုင်ပါတယ်'

ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်တဲ့ပုဂ္ဂိုလ်တွေရဲ့ သန္တာန် မှာပြည့်စုံရမယ့် အင်္ဂါရပ်တွေကို ပဓာနိယင်္ဂတရားလို့ခေါ်ပါတယ်။ ပဓာ နိယ = ကမ္မဋ္ဌာန်းအားထုတ်သူ၊ အင်္ဂ = အင်္ဂါ၊ ပဓာနိယင်္ဂ = ကမ္မဋ္ဌာန်း အားထုတ်သူ၏ အင်္ဂါ။

http://www.dhammadownload.com

ပဓာနိယင်္ဂတရားငါးပါးကို 'ယောဂီရဲ့ အားငါးပါး' လို့ ခေါ်နိုင်ပါတယ်။ ယောဂီမှန်ရင် ယုံကြည်မှုအား၊ ကျန်းမာမှုအား၊ ရိုးဖြောင့်မှုအား၊ ရဲရင့်မှုအားနဲ့ သိမြင်မှုအားဆိုတဲ့ အားငါးပါးနဲ့ ပြည့်စုံရပါမယ်။

'ယုံကြည်မှုအား' ဆိုတာကတော့ မြတ်စွာဘုရားရှင်နဲ့ မြတ်စွာဘုရားရှင်ရဲ့ တရားတော်အပေါ်မှာရော၊ ကိုယ့်ရဲ့ ပါရမီဓာတ်ခံအပေါ်မှာပါ အပြည့်အဝ ယုံကြည်စိတ်ချခြင်းပါပဲ။

'မြတ်စွာဘုရားရှင်ဟာ အမှန်တရားကို ကိုယ်တိုင်လည်းသိပြီး သူတစ်ပါးကိုလည်း သိအောင် ဟောနိုင်တယ်၊ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ဟာ လိုက်နာကျင့်သုံးသူကို အမှန်တကယ် ကောင်းကျိုးပြုနိုင်တယ်၊ ငါ့မှာ တရားတော်နဲ့ ထိုက်တန်တဲ့ ပါရမီဓာတ်ခံ ကောင်းကောင်းရှိတယ်' လို့ စိတ်ချလက်ချ ယုံကြည်တဲ့သူမှသာ ကမ္မဋ္ဌာန်းအားထုတ်မှု ထိရောက်နိုင်ပါတယ်။

'ကျန်းမာမှုအား' ဆိုတာကတော့ အနာရောဂါ ကြီးကြီးကျယ်ကျယ်ရော၊ သေးသေးငယ်ငယ်ပါ ကင်းရှင်းပြီး ကိုယ်ခံစွမ်းအား တောင့်တင်းခိုင်မာနေခြင်းပါပဲ။ ဝမ်းမီး မထက်လွန်း , မနုံ့လွန်းဘဲ အလယ်အလတ် ဖြစ်နေရပါမယ်။ ဝမ်းမီးထက်လွန်းရင် ခဏခဏဆာပြီး ဝမ်းမီးနုံ့လွန်းရင် အစာမကြေတဲ့အတွက် တရားအားထုတ်ရာမှာ စိတ်အနှောင့်အယှက်ဖြစ်တတ်ပါတယ်။

'ရိုးဖြောင့်မှုအား' ဆိုတာကတော့ ကမ္မဋ္ဌာန်းတရားအပေါ်မှာရော၊ ကမ္မဋ္ဌာန်းဆရာအပေါ်မှာပါ ဟန်ဆောင်လှည့်ပတ်မှု ကင်းရှင်းခြင်းပါပဲ။ တရားကို တရားနဲ့တူအောင် အားမထုတ်ဘဲ ဟန်ဆောင်ပန်

ဆောင် လူ့အထင်ကြီးအောင် လုပ်နေမယ်၊ ကမ္မဋ္ဌာန်းဆရာကိုလည်း အမှန်အတိုင်း တရားမလျှောက်ဘဲ မဟုတ်မဟတ် လုပ်ဇာတ်ခင်းပြီး လျှောက်မယ်ဆိုရင် အဲဒီယောဂီဟာ 'ဉာဏ်စဉ်' နဲ့ဝေးပြီး 'ညာစဉ်' နဲ့ပဲ ညားရပါလိမ့်မယ်။

'ရဲရင့်မှုအား' ဆိုတာကတော့ ကမ္မဋ္ဌာန်းအလုပ် နှောင့်နှေးပျက်ပြားသွားစေမယ့် အပျင်းစာတ်အာရုံမှန်သမျှကို ရဲရဲရင့်ရင့် ရင်ဆိုင်တွန်းလှန်နိုင်ခြင်းပါပဲ။ 'ဝီရိယ' ကိုပြောတာပါ။ ဘယ်အခြေအနေမျိုးမှာမဆို ကိုယ်လုပ်ရမယ့်အလုပ်ကို နောက်ဆုတ်ရပ်တန့်မပစ်ဘဲ ရဲရဲရင့်ရင့်ကြိုးပမ်းအားထုတ်နိုင်မှ ကိုယ်လိုရာပန်းတိုင်ကို ဆိုက်ရောက်နိုင်ပါတယ်။

'သိမြင်မှုအား' ဆိုတာကတော့ ရုပ်တရား၊ နာမ်တရားတွေရဲ့ အမြဲမပြတ် ဖြစ်ပျက်ပြောင်းလဲနေတဲ့ သဘောသဘာဝတွေကို တစ်ဆင့်ကြားအသိ၊ ကြံစည်စိတ်ကူးအသိနဲ့ မဟုတ်ဘဲ ကိုယ်တွေ့မျက်မှောက်အသိနဲ့ ပိုင်ပိုင်နိုင်နိုင် ထိုးထွင်းသိမြင်နိုင်ခြင်းပါပဲ။ ကိုယ်ရှုမှတ်လိုက်တဲ့ အာရုံရဲ့ဖြစ်ပျက်သဘောကို သိမြင်ခြင်းနဲ့အတူ မိမိနှလုံးသားမှာ ကိန်းဝပ်နေတဲ့ လောဘ၊ ဒေါသစတဲ့ ကိလေသာအစိုင်အခဲတွေကိုလည်း ဖောက်ခွဲဖျက်ဆီးပစ်နိုင်စွမ်းရှိရပါမယ်။ နိဗ္ဗာန်အရောက်ပို့ပေးနိုင်လောက်အောင် သိမြင်မှုအားကောင်းမှ တရားထူးတရားမြတ် ရနိုင်ပါတယ်။

အားငါးပါးနဲ့ပြည့်စုံတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဝိပဿနာကျင့်စဉ်ကို မြတ်စွာဘုရားညွှန်ကြားတဲ့ နည်းလမ်းအတိုင်း တစ်သဝေမတိမ်း လိုက်နာပြုကျင့်ဖို့တော့ လိုအပ်ပါတယ်။ မြတ်စွာဘုရားက ဒီလိုရှုပါဆို ကိုယ်က ဟိုလိုရှုမယ်၊ မြတ်စွာဘုရားက ဟိုလိုရှုပါဆို ကိုယ်က ဒီလိုရှုမယ်ဆိုရင်

http://www.dhammadownload.com

တော့ အားငါးပါးနဲ့ ပြည့်စုံလည်း တရားမရနိုင်ပါဘူး။

ယောဂီအား ငါးပါးနဲ့လည်း ပြည့်စုံမယ်၊ မဟာသတိပဋ္ဌာန် ဒေသနာတော်မှာ ညွှန်ကြားထားတဲ့နည်းလမ်းအတိုင်းလည်း တိတိကျကျလိုက်နာမယ်ဆိုရင်တော့ မဂ်ဖိုလ်နိဗ္ဗာန်ဟာ ကိုယ့်ရဲ့ လက်တစ်ကမ်းမှာပဲ ရှိနေမှာပါ။ ပါရမီအနုအရင့်ပေါ် မူတည်ပြီး အနှေးနဲ့အမြန်တော့ ကွာမှာပေါ့။

တကယ်တော့ ဒီအားငါးပါးဟာ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်တဲ့အလုပ်မှာသာ လိုအပ်တာမဟုတ်ပါဘူး။ ဘဝတိုးတက်ကြောင်းကောင်းမြတ်တဲ့ ဘယ်အလုပ်မျိုးမှာမဆို မရှိမဖြစ် လိုအပ်ပါတယ်။ ဘယ်အလုပ်ပဲလုပ်လုပ်၊ ယုံကြည်မှု၊ ကျန်းမာမှု၊ ရိုးဖြောင့်မှု၊ ရဲရင့်မှု (ဝီရိယရှိမှု)၊ သိမြင်မှု (အမြော်အမြင်ဉာဏ်ရှိမှု) အဲဒီအလုပ် အောင်မြင်တိုးတက်နိုင်ပါတယ်။

ယောဂီအားငါးပါးနဲ့ ဝိပဿနာတရား အားထုတ်ရင် သတိ၊ သမာဓိ၊ ပညာစတဲ့ သူတော်ကောင်းတရား အားတွေ ထွက်ပေါ်လာပါတယ်။ ထွက်ပေါ်လာတဲ့ သူတော်ကောင်းတရားအားတွေ စုံချိန်မီ ပြည့်ဝသွားတဲ့ တစ်နေ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရမှာပါပဲ။ 'အားရှိမှ အားထုတ်ပါ၊ အားထုတ်မှ အားထွက်ပါတယ်' လို့ ....။

အပ္ပမာဒေန သမ္ပာဒေထ

[အင်တာဗျူးဂျာနယ်၊စက်တင်ဘာ၊၅၊၂၀၀၁]

■

http://www.dhammadownload.com

■ မြတ်စွာဘုရားရှင်ရဲ့ဂုဏ်ပုဒ်အမည်တိုင်းရဲ့
နောက်ကွယ်မှာကြည်ညိုလေးမြတ်ဖွယ်
လိုက်နာတုကျင့်ဖွယ်အဓိပ္ပာယ်အနှစ်တွေက
နက်ရှိုင်းစွာကိန်းဝပ်နေတာမို့
ကိုယ့်စိတ်ဓာတ်နဲ့ကိုယ့်လုပ်ရပ်ကို
အသန့်စင်ဆုံး၊အမြင့်မြတ်ဆုံး
တည်ဆောက်လိုသူတိုင်း
မြတ်စွာဘုရားရှင်ရဲ့ဂုဏ်ပုဒ်တွေကို
နှလုံးသားထဲမှာအမြဲတမ်း
ဖော်ထုတ်ဆင်ခြင်နေသင့်ပါတယ်။

■ တရားကိုတရားနဲ့တူအောင်
အားမထုတ်ဘဲဟန်ဆောင်ပန်ဆောင်
လူအထင်ကြီးအောင်လုပ်နေမယ်
ကမ္မဋ္ဌာန်းဆရာကိုလည်းအမှန်အတိုင်း
တရားမလျှောက်ဘဲမဟုတ်မဟတ်
လုပ်ဇာတ်ခင်းပြီးလျှောက်မယ်ဆိုရင်
အဲဒီယောဂီဟာဥာဏ်စဉ်နဲ့ဝေးပြီး
ညာစဉ်နဲ့ပဲညားရပါလိမ့်မယ်။

■ အားငါးပါးနဲ့ပြည့်စုံတဲ့ယောဂီပုဂ္ဂိုလ်ဟာ
ဝိပဿနာကျင့်စဉ်ကိုမြတ်စွာဘုရား
ညွှန်ကြားတဲ့နည်းလမ်းအတိုင်း
တစ်သဝေမတိမ်းလိုက်နာ
ပြုကျင့်ဖို့တော့လိုအပ်ပါတယ်။
မြတ်စွာဘုရားကဒီလိုရှုပါဆို
ကိုယ်ကဟိုလိုရှုမယ်
မြတ်စွာဘုရားကဟိုလိုရှုပါဆို
ကိုယ်ကဒီလိုရှုမယ်ဆိုရင်တော့
အားငါးပါးနဲ့ပြည့်စုံလည်းတရားမရနိုင်ပါဘူး။

http://www.dhammadownload.com



http://www.dhammadownload.com

မာရ်နတ်ကိုတွန်းလှန်နိုင်ဖို့ထက်

မာရ်စိတ်ကိုတွန်းဖြိုနိုင်ဖို့က

ပိုပြီးအရေးကြီးပါတယ်။

**အရှင်ဘုရား . . .**

မာရ်နတ်ဆိုသည်မှာ သီးခြားတည်ရှိသော နတ်တစ်ပါး မဟုတ်ဘဲ ခန္ဓာကိုယ်ရှိ အာရုံငါးပါးကို ခေါ်ခြင်းဖြစ်သည်ဟု ထင်ပါသည်။ ဟုတ်မဟုတ် ဖြေကြားပေးတော်မူပါဘုရား။

**မောင်စံလွင်၊ မင်္ဂလာဒုံမြို့နယ်။**

ဒကာစံလွင်ရေ ....

ဒကာစံလွင်ရဲ့ မေးခွန်းကိုဖတ်လိုက်ရတယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များစွာထဲက 'ဇိနဂုဏ်တော်' ကို ချက်ချင်းသတိရလိုက်မိပါတယ်။ 'ဇိန' ဆိုတာ 'မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား' လို့ အဓိပ္ပာယ်ရပါတယ်။

'ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား' လို့ အများစု သိထားကြတဲ့ 'ဘဂဝါဂုဏ်တော်' ရဲ့ တခြားအဓိပ္ပါယ်တစ်ခုကတော့ 'မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား' ပါပဲ။

မာရ်ဆိုတာ 'မာရ' ဆိုတဲ့ ပါဠိကနေ ဆင်းသက်လာတဲ့ ပါဠိသက်မြန်မာဝေါဟာရတစ်ခုပါ။ 'မာရ' ဆိုတာ 'သေခြင်း၊ သေစေခြင်း' လို့ အဓိပ္ပာယ်ရပါတယ်။ သေတတ်တဲ့သဘော၊ သေအောင်သတ်တတ်

တဲ့သဘောကို မာရ (မာရ်) လို့ ခေါ်ပါတယ်။ 'အသတ်သမား' လို့ပဲ ဆိုပါတော့။ လူကို သတ်တဲ့ မာရ်ကို 'လူသတ်သမား'၊ စိတ်ကို သတ်တဲ့ မာရ်ကို 'စိတ်သတ်သမား' လို့ ခေါ်နိုင်ပါတယ်။

လူကိုလည်း သတ်၊ စိတ်ကိုလည်း သတ်တတ်တဲ့ မာရ်က ငါးပါးရှိပါတယ်။ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်နဲ့ မစ္စုမာရ်တို့ပါပဲ။ ဒေဝပုတ္တမာရ်က 'သက်ရှိမာရ်' ဖြစ်ပြီး ကျန်တဲ့ မာရ်လေးပါးကတော့ 'သက်မဲ့မာရ်' ဖြစ်ပါတယ်။

'ဒေဝပုတ္တမာရ်' ဆိုတာ အားလုံးသိကြတဲ့ မာရ်နတ်သားကို ပြောတာပါ။ (ဒေဝပုတ္တ = နတ်သား။) စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတဝသဝတ္တီလို့ နတ်ပြည်ခြောက်ထပ်ရှိတဲ့အထဲမှာ အထက်ဆုံးနတ်ပြည်ဖြစ်တဲ့ ပရနိမ္မိတဝသဝတ္တီနတ်ပြည်က ဖြစ်ပါတယ်။

'မာရ်နတ်မင်း' လို့ သူ့ကို 'မင်း' တပ်ပြီးပြောကြပေမယ့် သူက ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကို စိုးမိုးအုပ်ချုပ်ရတဲ့ အဓိကပဓာနနတ်မင်းကြီး မဟုတ်ပါဘူး။ အဓိကအကြီးဆုံးနတ်မင်းက 'ဝသဝတ္တီနတ်မင်း' ရယ်လို့ သီးခြားရှိပါတယ်။ မာရ်နတ်ကတော့ အဲဒီနတ်ပြည်ရဲ့ 'စင်ပြိုင်မင်း' လို့ ပြောရမှာပေါ့။ 'သူပုန်ဗိုလ်၊ ဓားပြဗိုလ်' လို့ ပြောရင်လည်း ရပါတယ်။ 'လူဆိုးဂိုဏ်းခေါင်းဆောင်'..... အဲလေ .....'နတ်ဆိုးဂိုဏ်းခေါင်းဆောင်' လို့ပြောရင် ပိုမှန်မယ်ထင်ပါတယ်။ 'အဖျက်သမားဂိုဏ်းချုပ်ကြီး' ပေါ့နော်။

မာရ်နတ်က သုံးဆယ့်တစ်ဘုံကို သူ့ရဲ့ပိုင်နက်လို့ သတ်မှတ်

http://www.dhammadownload.com

ထားသလို လောကီအာရုံကာမဂုဏ်ချမ်းသာတွေကိုလည်း သူ့ရဲ့ ကိုယ်ပိုင်ပစ္စည်းတွေလို့ ယူဆထားပါတယ်။ ကာမဂုဏ်ကြိုက်တဲ့သတ္တဝါတွေကိုတော့ သူ့ရဲ့ဘက်တော်သား၊ သူ့ရဲ့ပါတီဝင်တွေလို့ အသိအမှတ်ပြုထားပါတယ်။

သူ့ပိုင်နက်ဖြစ်တဲ့ သုံးဆယ့်တစ်ဘုံမှာ သူ့အသင်းဝင်ဖြစ်တဲ့ သတ္တဝါတွေကို သူပိုင်ပစ္စည်းဖြစ်တဲ့ လောကီအာရုံကာမဂုဏ်ချမ်းသာတွေနဲ့ ခံစားမွေ့ပျော်နေကြတာပဲ သူမြင်ချင်ပါတယ်။ သံသရာကျင်လည်ကြောင်းအလုပ်တွေ လုပ်တာကိုပဲ သူနှစ်ခြိုက်ပြီး သံသရာလွတ်မြောက်ကြောင်းအလုပ်တွေလုပ်တာကိုတော့ သူလုံးဝမသောမကျပါဘူး။

ရဟန်းပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ ပုဂ္ဂိုလ်တစ်ယောက်ယောက် သံသရာပြတ်ကြောင်းအလုပ်လုပ်ပြီဆိုတာနဲ့ မာရ်နတ်က အဲဒီပုဂ္ဂိုလ် အဲဒီအလုပ် မလုပ်နိုင်အောင် နှောင့်ယှက်ဖျက်ဆီးတော့တာပါပဲ။

သူ့ရဲ့နှောင့်ယှက်မှုအောင်မြင်သွားရင် အဲဒီပုဂ္ဂိုလ် သံသရာက မလွတ်တော့ပါဘူး။ သံသရာက မလွတ်ရင် ဘဝများစွာ ထပ်ကာထပ်ကာ သေရပါဦးမယ်။ အဲဒီလို သေရတာဟာ မာရ်နတ်ကြောင့်ဖြစ်လို့ သေအောင်လုပ်ရာရောက်တဲ့ မာရ်နတ်ကို 'မာရ = မာရ် = သတ်ဖြတ်သူ၊ ညှဉ်းပန်းနှိပ်စက်သူ' လို့ခေါ်ပါတယ်။

'ကိလေသမာရ်' ဆိုတာကတော့ တစ်ထောင့်ငါးရာ ကိလေသာတရားတွေကို ပြောတာပါ။ လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ အစရှိတဲ့ ကိလေသာတရားတွေဟာ သူတို့ကို လက်ခံထားသူရဲ့စိတ်ကို ပူလောင်အောင်၊ ညစ်နွမ်းအောင်၊ ပင်ပန်းဆင်းရဲအောင်

http://www.dhammadownload.com

ညှဉ်းပန်းနှိပ်စက်တတ်တဲ့အတွက်ကြောင့်ရော၊ သူတို့ရှိနေသမျှ သံသရာက မလွတ်ဘဲ တစ်သေတည်း သေနေရဦးမှာ ဖြစ်တဲ့အတွက်ကြောင့်ရော ကိလေသာတရားတွေကို 'မာရ = မာရ်' လို့ ခေါ်ပါတယ်။

'အဘိသင်္ခါရမာရ်' ဆိုတာကတော့ ပြုလုပ်အားထုတ်ထားတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကို ပြောတာပါ။ (အဘိသင်္ခါရ = ပြုလုပ်အားထုတ်မှု။) ကုသိုလ်ကံကြောင့် ကောင်းတဲ့သုဂတိဘဝရောက်မယ်။ အကုသိုလ်ကံကြောင့် မကောင်းတဲ့ ဒုဂ္ဂတိဘဝရောက်မယ်။ ဘယ်ဘဝပဲရောက်ရောက်၊ ရောက်ရာဘဝမှာ သေရမှာဖြစ်တဲ့အတွက် ဘဝအသစ်ထပ်ဖြစ်စေတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကံမှန်သမျှကို 'မာရ =မာရ်' လို့ ခေါ်ပါတယ်။

'ခန္ဓမာရ်' ဆိုတာကတော့ ရုပ်ခန္ဓာကိုယ်ကြီးပါပဲ။ ဘယ်ရုပ်ခန္ဓာကိုယ်ပဲဖြစ်ဖြစ်၊ ခန္ဓာပိုင်ရှင်ကို ပဋိသန္ဓေဒုက္ခ၊ အိုနာဒုက္ခတွေနဲ့ ညှဉ်းပန်းနှိပ်စက်တတ်တဲ့အပြင် နောက်ဆုံးမှာ သေခြင်းဒုက္ခနဲ့ အနားသတ်ပေးတဲ့အတွက် ရုပ်ခန္ဓာကိုယ်ကြီးကို 'မာရ = မာရ်' လို့ ခေါ်ပါတယ်။

'မစ္စုမာရ်' ဆိုတာကတော့ သေခြင်းတရားပါပဲ။ သေခြင်းတရားဟာ သေခါနီးသတ္တဝါကို ရောဂါဝေဒနာဒဏ်နဲ့လည်း နှိပ်စက်တတ်၊ သက်ရှိသက်မဲ့သံယောဇဉ်တွေနဲ့ ခွဲခွာရမယ့်အရေး တွေးပြီး ပူဆွေးတဲ့ စိတ်ဆင်းရဲမှုဒဏ်နဲ့လည်း နှိပ်စက်တတ်၊ လားရာဂတိကောင်းဖို့ မသေချာလို့ ပူပန်တဲ့ ကြောက်ရွံ့မှုဒဏ်နဲ့လည်း နှိပ်စက်တတ်လို့ သေခြင်းတရားကို 'မာရ = မာရ်' လို့ ခေါ်ပါတယ်။ သူကိုယ်တိုင်ကိုက သေအောင် သတ်တတ်လို့လည်း 'မာရ = မာရ်' လို့ ခေါ်ပါတယ်။

အဲဒီ မာရ်ငါးပါးထဲက တစ်ပါးတည်းသော သက်ရှိမာရ် ဖြစ်တဲ့ မာရ်နတ်ဟာ သူနေထိုင်ရာ ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကနေ လူ့ပြည်ကို ခဏခဏဆင်းဆင်းလာပြီး မြတ်စွာဘုရားရှင်ကိုရော၊ မြတ်စွာဘုရားရှင်ရဲ့ တပည့်သားသမီးတွေကိုပါ နည်းလမ်းအမျိုးမျိုးနဲ့ အနှောင့်အယှက်ပေးလေ့ရှိပါတယ်။

မြတ်စွာဘုရားအလောင်းတော် တောထွက်တဲ့ညက ....

'အသင်မင်းသား၊ တောမထွက်ပါနဲ့၊ နောက်ခုနစ်ရက်ကြာရင် စကြာရတနာ ဆိုက်ပါလိမ့်မယ်။ အသင်မင်းသား စကြာမင်းဖြစ်တော့မှာလေ၊ အခုလို ဆံပင်လေးတွေ မည်းနက်ပြီး ငယ်ရည်ငယ်သွေးတောက်ပနေတဲ့အချိန်ဆိုတာ ကာမဂုဏ်စည်းစိမ်တွေ မြိန့်မြိန့်ကြီး ခံစားရင်း ငြိမ့်နေရမယ့်အချိန်လေ မင်းသားရဲ့၊ တရားအားထုတ်တယ်ဆိုတာ အိုမင်းရွတ်တွပြီး လောကမှာ သုံးမရတဲ့အရွယ်ကျမှ လုပ်ရမယ့်အလုပ် မဟုတ်လား၊ နောက်ကြောင်းပြန်လှည့်ပါ၊ တောမထွက်ပါနဲ့'

လို့ မာရ်နတ်က တားမြစ်ခဲ့ပါတယ်။ (မာရ်နတ်ဝါဒကို ကြိုက်တဲ့လူတွေ လောကမှာ အများကြီးရှိမယ် ထင်ပါရဲ့။)

မြတ်စွာဘုရား ဘုရားဖြစ်တဲ့အခါမှာလည်း ....

'အရှင်ဘုရား၊ အရှင်ဘုရားဟာ ဘုရားဖြစ်ဖို့ ပါရမီတွေ ဖြည့်ခဲ့တာ၊ အခု ဘုရားဖြစ်ပြီလေ၊ သိစရာအားလုံး အကုန်သိတဲ့ဘဝ ရောက်ပြီ၊ တော်ပြီပေါ့၊ ဘာဖြစ်လို့ မြို့တကာ ရွာအနှံ့ လှည့်ပြီး တရားဟောနေဦးမှာလဲ၊ ကိုယ့်ကိစ္စ ကိုယ့်အကျိုး ပြီးပြီပဲ၊ ပရိနိဗ္ဗာန်စံတာ အကောင်းဆုံးပေါ့၊ အခုပဲ ပရိနိဗ္ဗာန်စံလိုက်ပါတော့'

http://www.dhammadownload.com

လို့ မာရ်နတ်က သတ္တဝါတွေ သူ့ပိုင်နက်ထဲက လွတ်ထွက်သွားမှာ စိုးရိမ်တဲ့စိတ်နဲ့ တိုက်တွန်းခဲ့ပါတယ်။

မာရ်နတ်ဟာ အတွေးအခေါ်ကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်လေတော့ သူနှောင့်ယှက်ပြီဆိုရင် အများအားဖြင့် သဘောတရားတွေ၊ ဒဿနတွေနဲ့ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ပြီး နှောင့်ယှက်တာ များပါတယ်။ တစ္ဆေသူရဲယောင်ဆောင်ပြီး ခြောက်လှန့်တာမျိုး၊ ဆင်ကြမ်းယောင်ဆောင်၊ မြွေကြမ်းယောင်ဆောင်ပြီး ပြူးတူးပြဲတဲ ခြောက်လှန့်တာမျိုးလည်း ရှိလေရဲ့။

မြတ်စွာဘုရား ဘုရားဖြစ်မယ့် ညနေတုန်းကတော့ လက်ရုံးအား၊ လက်နက်အား၊ စစ်သည်ဗိုလ်ပါ အခြံအရံအားတွေ အကြီးအကျယ်သုံးပြီး အပြင်းအထန် နှောင့်ယှက်ခဲ့ပါတယ်။ မုန်တိုင်းလက်နက်၊ မိုးလက်နက်၊ ကျောက်ခဲမိုးလက်နက်၊ ဓားလှံမိုးလက်နက်၊ မီးကျီးမိုးလက်နက်၊ ပြာပူမိုးလက်နက်၊ သဲပူမိုးလက်နက်၊ ညွန်ပူမိုးလက်နက်၊ အမှောင်တိုက်လက်နက်၊ လက်နက်ကြီး ကိုးမျိုး၊ နောက်ဆုံး အဏုမြူပုံးထက် အဆပေါင်းများစွာ ပြင်းထန်တဲ့ မိုးကြိုးစက်လက်နက်။

မြတ်စွာဘုရားဟာ ဘုရားဖြစ်တဲ့နေ့မှာပဲ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ မာရ်ငါးပါးကို အကြွင်းမဲ့ အောင်မြင်တော်မူခဲ့ပါတယ်။ ဒေဝပုတ္တမာရ်ကိုတော့ မေတ္တာတန်ခိုး၊ ပါရမီတော်တန်ခိုးနဲ့အောင်မြင်တော်မူခဲ့ပါတယ်။ ကိလေသာမာရ်နဲ့ အဘိသင်္ခါရမာရ်ကိုတော့ အရဟတ္တမဂ်တန်ခိုးနဲ့ အောင်မြင်ခဲ့ပါတယ်။ ခန္ဓမာရ်နဲ့ မစ္စုမာရ်ကိုတော့ အကြောင်းဖြစ်တဲ့ ကိလေသမာရ်နဲ့ အဘိသင်္ခါရမာရ်ကို အောင်မြင်ခြင်းအားဖြင့် အောင်

http://www.dhammadownload.com

မြင်ခဲ့ပါတယ်။

မာရ်ငါးပါးမှာ ကိလေသမာရ်ကို အောင်နိုင်ဖို့က အဓိကပါ။ ကိလေသာကင်းနေရင် မာရ်နတ်ရန်လည်း ကြောက်စရာမလိုတော့ပါဘူး။ ကိလေသာကင်းနေရင် ကုသိုလ်ကံ၊ အကုသိုလ်ကံလည်း မဖြစ်တော့ပါဘူး။ ကံမှမရှိရင် ဘဝလည်း ထပ်မဖြစ်တော့လို့ ခန္ဓာလည်း မရတော့ပါဘူး။ ခန္ဓာမရမှတော့ သေခြင်းတရားနဲ့လည်း ရင်ဆိုင်စရာ မလိုတော့ဘူးပေါ့။

ကောင်းတာလုပ်ရင် နှောင့်ယှက်ချင်တာ မာရ်နတ်ရဲ့ အကျင့်စရိုက်ပါ။ အခုခေတ်မှာ သူတစ်ပါးကောင်းတာလုပ်တာကို နှောင့်ယှက်ဟန့်တားတဲ့သူ၊ သက်န်းအရေခြုံပြီး လောကီဝိဇ္ဇာ ဂန္ဓာရီအလုပ်လုပ်သူ၊ ထေရဝါဒစစ်စစ်ထဲမှာ ဟိုဝါဒရောထည့်၊ ဒီဝါဒရောထည့်နဲ့ အုတ်ရောရောရော ကျောက်ရောရော ဖြစ်အောင်လုပ်သူ၊ သာသနာပြုလုပ်ငန်း တိုးတက်အောင်မြင်မှုကို နှောင့်နှေးအောင် လုပ်သူတွေကို 'မာရ်နတ်တွေ' လို့ တင်စားပြီး ခေါ်နိုင်ပါတယ်။ မာရ်နတ်တွေလို့ မတင်စားချင်ဘူးဆိုရင်လည်း 'မာရ်နတ်ရဲ့ ပါတီဝင်တွေ' လို့ ခွင်းချက်မရှိ သတ်မှတ်နိုင်ပါတယ်။

ဦးဇင်းရဲ့ 'အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်' ဆိုတဲ့ ဆောင်းပါး အင်တာဗျူးကျာနယ်မှာ ပါလာပြီးနောက်ပိုင်း တချို့လူငယ်တွေက 'အချစ်အကြောင်းလေးတွေ ထပ်ရေးပါဦး' လို့ တောင်းဆိုလာကြပါတယ်။ တစ်နည်း ....အချွန်နဲ့ ဝိုင်းမ , လာကြပါတယ်။

အခု မာရ်နတ်အကြောင်းပြောရင်း စကားစပ်လို့ 'အချစ်' ကို

http://www.dhammadownload.com

အဓိပ္ပာယ်တစ်မျိုး ဖွင့်ပါရစေ။ အချစ်ဆိုတာ တဏှာ၊ တဏှာဆိုတာ ကိလေသာ၊ ကိလေသာဆိုတာ မာရ်၊ ဒီတော့ အချစ်ဟာလည်း မာရ် ပဲပေါ့။ မာရ်ဆိုရင် သတ်တော့မယ်လေ။ ( မေတ္တာကို ရည်ညွှန်းတဲ့အချစ် ကို မဆိုလိုပါဘူး။ အဲဒီအချစ်ကတော့ တစ်ဖက်သားရဲ့ ကောင်းကျိုးကို လိုလားတဲ့စိတ်သက်သက်ပါပဲ။ အခုဟာက တွယ်တာနှောင်ဖွဲ့တဲ့အချစ် ကို ဆိုလိုတာပါ။)

'အချစ်ဆိုတာ နှလုံးသားနဲ့ဘဝကို သတ်ဖြတ်ဖျက်ဆီးပစ်တတ်တဲ့ မာရ်နတ်တစ်ပါးပါပဲ။ ဖြူစင်သန့်ရှင်း အေးချမ်းကြည်လင်တဲ့စိတ် ဓာတ်တွေ၊ အကန့်အသတ်မဲ့ ဘဝတိုးတက်မှုတွေကို နှောင့်နှေးရပ်တန့် ချုပ်ဆုံးသွားစေတဲ့အရာဟာ အချစ်ပါပဲ' လို့ အဓိပ္ပာယ် ဖွင့်ဆိုရင် အချစ် မှာ ပျော်ဝင်နစ်မြုပ်တိမ်းမူးထွေယစ်ချင်တဲ့ အချစ်ကြီးသူတွေ စိတ်များ ဆိုးလေမလား။ 'နေဆယ်စင်းထက် ပြင်းတယ်၊ မင်း မာရ်နတ်မင်းရဲ့ သမီးလား' ဆိုတဲ့ သီချင်းစာသားရယ်၊ 'မင်း ငါ့ကို သတ်တယ်' ဆိုတဲ့ သီချင်းစာသားရယ်ကို သွားရင်းလာရင်း ကြားဖူးသလိုလိုပါပဲ။

မာရ်နတ်ရဲ့ အန္တရာယ်ထက် မာရ်စိတ် ( ကိလေသာစိတ်)ရဲ့ အန္တရာယ်က ပိုပြီး ကြောက်စရာကောင်းတာမို့ မာရ်နတ်ကို တွန်းလှန် နိုင်ဖို့ထက် မာရ်စိတ်ကို တွန်းဖြိုနိုင်ဖို့က ပိုပြီးအရေးကြီးပါတယ်လို့ ....။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊စက်တင်ဘာ၊၁၉၊၂၀၀၁]

■

http://www.dhammadownload.com

■ ကုသိုလ်ကံကြောင့်ကောင်းတဲ့
သုဂတိဘဝရောက်မယ်။
အကုသိုလ်ကံကြောင့်မကောင်းတဲ့
ဒုဂ္ဂတိဘဝရောက်မယ်။
ဘယ်ဘဝပဲရောက်ရောက်
ရောက်ရာဘဝမှာ
သေရမှာဖြစ်တဲ့အတွက်
ဘဝအသစ်ထပ်ဖြစ်စေတဲ့
ကုသိုလ်ကံ၊အကုသိုလ်ကံ
ကံမှန်သမျှကို
မာရ=မာရ်လို့ခေါ်ပါတယ်။

■ အချစ်ဆိုတာနှလုံးသားနဲ့ဘဝကို
သတ်ဖြတ်ဖျက်ဆီးပစ်တတ်တဲ့
မာရ်နတ်တစ်ပါးပါပဲ။
ဖြူစင်သန့်ရှင်းအေးချမ်းကြည်လင်တဲ့
စိတ်ဓာတ်တွေ၊အကန့်အသတ်မဲ့
ဘဝတိုးတက်မှုတွေကိုနှောင့်နှေးရပ်တန့်
ချုပ်ဆုံးသွားစေတဲ့အရာဟာ
အချစ်ပါပဲ . . . .။

■ ကောင်းတာလုပ်ရင်နှောင့်ယှက်ချင်တာ
မာရ်နတ်ရဲ့အကျင့်စရိုက်ပါ။
အခုခေတ်မှာသူတစ်ပါးကောင်းတာ
လုပ်တာကိုနှောင့်ယှက်ဟန့်တားတဲ့သူ
သက်န်းအရေခြုံပြီးလောကီဝိဇ္ဇာ
ဂန္ဓာရီအလုပ်လုပ်သူ
ထေရဝါဒစစ်စစ်ထဲမှာဟိုဝါဒရောထည့်
ဒီဝါဒရောထည့်လုပ်သူတွေဟာ
မာရ်နတ်ရဲ့ပါတီဝင်တွေပါပဲ။

http://www.dhammadownload.com



http://www.dhammadownload.com

| |
|---|
| လူမှုရေးမဟုတ်တဲ့ |
| ကုသိုလ်ရေးကိစ္စမှန်သမျှ |
| ဘာကိစ္စကြောင့်ပဲပင့်ပင့် |
| ပင့်သူရှိရင် |
| ခုနစ်ရက်ဝါပန်ပြီး |
| ခရီးကြွကောင်းပါတယ်။ |
| □ □ □ □ □ |

**အရှင်ဘုရား . . .**

ဝါတွင်းမှာ ရဟန်းသာမဏေများ ခရီးသွားခွင့် မရှိဘူးလို့ ကြားဖူးပါတယ်ဘုရား။ ဒါပေမဲ့ ဝါတွင်းကြီး ခရီးသွားလာနေကြတဲ့ ရဟန်းတော်များကိုလည်း မြင်တွေ့နေရပါ၍ နားမလည်နိုင်ပါသောကြောင့် သံသယရှင်းအောင် ဖြေကြားပေးတော်မူပါဘုရား။

**မောင်ဘုန်းမြင့်၊ လသာမြို့နယ်။**

ဒကာဘုန်းမြင့်ရေ ....

ဒကာဘုန်းမြင့်ရဲ့မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ ဝါတွင်းသုံးလဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ချက်ချင်းသတိရလိုက်မိပါတယ်။ ဝါဆိုစရာ ဝါတွင်းသုံးလရယ်လို့ မြတ်စွာဘုရားပညတ်ချက်မထုတ်သေးခင်ကာလတွေတုန်းက ရဟန်းတော်တွေဟာ နွေမိုးဆောင်း ဥတုသုံးပါးလုံး အကြောင်းပေါ်ရင် ပေါ်သလို ခရီးသွားလာလေ့ရှိကြပါတယ်။

ရဟန်းတော်များ အချိန်မရွေး၊ ဥတုမရွေး ခရီးသွားလာနေကြတာကို လူဝတ်ကြောင်တွေက ကဲ့ရဲ့ရှုတ်ချကြပါတယ်။

'ဒီရဟန်းတွေက ဘာဖြစ်လို့ ဥတုသုံးပါးလုံး ခရီးသွားလာနေကြရတာလဲ၊ မိုးတွင်းခရီးသွားတော့ စိမ်းစိုနေတဲ့ မြက်ပင်ငယ်၊ သစ်ပင်ငယ်တွေ အနင်းချေခံကြရတာပေါ့။ မြက်ပင်၊ သစ်ပင်တွေမှာလည်း အသက်ကိုယ်စီရှိတာမို့ သူတို့အသက်ကို မညှာမတာ ညှဉ်းဆဲရာ မရောက်ပေဘူးလား။ မြက်ပင်၊ သစ်ပင်တွေကြားမှာ ပိုးကောင် မွှားကောင်ငယ်လေးတွေလည်း ရှိတာမို့ သူတို့ခရီးသွားလာနေတဲ့အတွက် အဲဒီ ပိုးမွှားကောင်လေးတွေတော့ အများကြီး သေကြေပျက်စီးကုန်ကြပါပြီ။ ရဟန်းတော်များ သိပ်ခက်တာပဲ'

'ကြည့်ကြစမ်းပါဦး၊ တရားကောင်း တရားမှန်မရှိတဲ့ တိတ္ထိတွေတောင်မှ မိုးတွင်းလေးတော့ ကိုယ့်နေရာမှာကို ငြိမ်ငြိမ်ဝပ်ဝပ် နေကြသေးတယ်။ တိရစ္ဆာန်ဖြစ်တဲ့ ငှက်တွေတောင်မှ သစ်ပင်သစ်ခေါင်းတွေထဲက သူတို့ရဲ့ အသိုက်တွေမှာ တစ်မိုးတွင်းလုံး မိုးခိုကြပါသေးတယ်။ ဘုရားသားတော် ရဟန်းတော်တွေက တိတ္ထိတွေနဲ့ ငှက်တွေလောက်တောင် မိုးတွင်းမှာ ငြိမ်ငြိမ်ဆိမ်ဆိမ် မနေနိုင်ကြဘူးလား'

လူဝတ်ကြောင်တွေက အဲဒီလို ကဲ့ရဲ့ရှုတ်ချကြတဲ့အတွက် မြတ်စွာဘုရားက မိုးတွင်းလေးလမှာ သုံးလမိုးခိုဖို့ (ဝါဆိုဖို့) ပညတ်တော်မူလိုက်ပါတယ်။ ရဟန်းတော်များလည်း မိုးတွင်းလေးလကို ရှေ့သုံးလ နောက်သုံးလ ပိုင်းပြီး ပထမဝါ၊ ဒုတိယဝါရယ်လို့ ဝါနှစ်မျိုး ခွဲခြားသတ်မှတ် ဝါဆိုတော်မူခဲ့ကြရပါတယ်။

http://www.dhammadownload.com

ပထမဝါက ဝါဆိုလပြည့်ကျော်တစ်ရက်ကနေ သီတင်းကျွတ်လပြည့်နေ့အထိဖြစ်ပြီး၊ ဒုတိယဝါက ဝါခေါင်လပြည့်ကျော်တစ်ရက်ကနေ တန်ဆောင်မုန်းလပြည့်နေ့အထိ ဖြစ်ပါတယ်။ ပထမဝါဆိုဖို့အကြောင်း မညီညွတ်တဲ့ ရဟန်းတော်များ ဒုတိယဝါ ဆိုကြရပါတယ်။ ပထမဝါဆိုတဲ့ ရဟန်းတော်များက ဒုတိယဝါဆိုဖို့ မလိုအပ်ပါဘူး။ ဝါထပ်တဲ့နှစ်တွေမှာ ပထမဝါဆိုလကို လုံးဝ ထည့်မတွက်ဘဲ ဒုတိယဝါဆိုလကိုပဲ ဝါဆိုလလို့ တရားဝင်သတ်မှတ်ပြီး ဝါစဆိုကြပါတယ်။

ဆဗ္ဗဂ္ဂီရဟန်းတွေ ဝါတွင်းကြီးခရီးထွက်ကြတာနဲ့ပတ်သက်ပြီး မြတ်စွာဘုရားရှင်က 'ပထမဝါပဲဆိုဆို၊ ဒုတိယဝါပဲဆိုဆို၊ ကိုယ်ဆိုထားတဲ့ ဝါတွင်းသုံးလ မကျွတ်မချင်း ဘယ်ရဟန်းမှ ခရီးမထွက်ရ၊ ထွက်တဲ့ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ' လို့ ပညတ်တော်မူထားပါတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာတော့ အကြောင်းတရားအမျိုးအမျိုးပေါ်ပေါက်လာတဲ့အတွက် မြတ်စွာဘုရားလည်း 'ဝါတွင်းကြီးဖြစ်ပေမယ့် မကြွမဖြစ်တဲ့ အကြောင်းကိစ္စ တရားနဲ့အညီ ပေါ်ပေါက်လာရင် ခုနစ်ရက် ဝါပန်ပြီး ခရီးကြွနိုင်တယ်' လို့ တရားဝင် ခွင့်ပြုတော်မူခဲ့ပါတယ်။

'ခုနစ်ရက်အတွင်း ကိုယ့်ကျောင်းကိုယ် ပြန်လာမယ်' လို့ နှလုံးသွင်းလိုက်တာကို 'ဝါပန်တယ်' လို့ ခေါ်ပါတယ်။ ဝါပန်ပြီး ခရီးထွက်တဲ့ရဟန်းဟာ ကိုယ်ဝါဆိုတဲ့ကျောင်းရဲ့ ဝါဆိုစည်း နယ်နိမိတ်ပြင်ပမှာ ခုနစ်ရက်ထက် ပိုမနေဘဲ ကိုယ့်ကျောင်းကိုယ် ပြန်လာရပါတယ်။

ဥပမာ – လဆန်း(၁)ရက်နေ့မှာ ဝါပန်ပြီး ခရီးထွက်တဲ့ရဟန်းဟာ လဆန်း(၇)ရက်နေ့မှာ ကိုယ့်ကျောင်းကိုယ် ပြန်ရောက်ရပါတယ်။

http://www.dhammadownload.com

လူ့လောကမှာ ည(၁၂)နာရီကျော်ရင် နောက်တစ်ရက်စပေမယ့် ဝိနည်းလောကမှာတော့ အရုဏ်တက်ပြီးမှသာ နောက်တစ်ရက်စတဲ့အတွက် လဆန်း(၈)ရက်ရဲ့အစ အရုဏ်မတက်ခင် ဘယ်အချိန် ပြန်ရောက်ရောက် ရပါတယ်။ လဆန်း(၈)ရက်အစဦး အရုဏ်တက်ပြီးမှ ပြန်ရောက်ရင်တော့ ဝါကျိုးသွားပါတယ်။

ခုနစ်ရက် ဝါပန်ပြီး ခရီးသွားခွင့်ကလည်း 'ပင့်မှသွားခွင့်' နဲ့ 'မပင့်ဘဲသွားခွင့်' ရယ်လို့ နှစ်မျိုးရှိပါတယ်။

'ပင့်မှသွားခွင့်' မှာ ပင့်ခွင့်ရှိသူတွေက ရဟန်း၊ ရဟန်းမ၊ သိက္ခမာန်၊ သာမဏေ၊ သာမဏေမ၊ ဥပါသကာနဲ့ ဥပါသိကာမတို့ပါပဲ။ ဒကာ၊ ဒကာမတွေပင့်မှ ဝါတွင်း ခရီးကြွခွင့်ရှိတာမဟုတ်ပါဘူး၊ ရဟန်း၊ သာမဏေတွေက ပင့်လည်း ဝါတွင်း ခရီးကြွခွင့်ရှိတယ်ဆိုတာ သဘောပေါက်ရပါမယ်။

ပင့်ခွင့်ရှိတဲ့အကြောင်းကိစ္စတွေကတော့ တရားဓမ္မနဲ့လျော်ညီတဲ့ အကြောင်းကိစ္စတွေ အားလုံးပါပဲ။ ဥပမာ – ရဟန်းသံဃာ၊ သို့မဟုတ် ရဟန်းအများ၊ သို့မဟုတ် ရဟန်းတစ်ပါးအတွက် ကျောင်း၊ ဇရပ်၊ လိုဏ်ဂူ၊ ကုဋီ၊ ရေတွင်း၊ ရေကန်၊ ခြံ၊ မြေ .... စသည် လှူဒါန်းလိုလို့ ပင့်ဖိတ်တာမျိုး၊ ရေစက်ချတရား၊ အနုမောဒနာတရား၊ အထူးတရားစသည် နာကြားလိုလို့ ပင့်ဖိတ်တာမျိုးတွေပါ။

ရဟန်းအတွက် လှူဒါန်းမှ မဟုတ်ပါဘူး။ ကိုရင်အများ၊ သို့မဟုတ် ကိုရင်တစ်ပါးအတွက် လှူဒါန်းရင်လည်း နည်းတူပါပဲ။ အခုခေတ်မှာ မရှိတော့တဲ့ ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမတို့အတွက်

http://www.dhammadownload.com

လှူဒါန်းရင်လည်း နည်းတူပါပဲ။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေအတွက် လှူဒါန်းတာမျိုးကို ပင့်ဖိတ်မှသာ ဝါတွင်းကြွကောင်းတာမဟုတ်ပါဘူး။ ဒကာ၊ ဒကာမတွေက သူတို့နေဖို့၊ သူတို့သုံးဖို့ ဆောက်ထားတဲ့အိမ်၊ ဇရပ်၊ ဈေးဆိုင်၊ လိုဏ်ဂူ၊ မိးဖိုချောင်၊ မီးတင်းကုပ်၊ ရေတွင်း၊ ရေကန်၊ ခြံ၊ မြေ .... စသည် ဖွင့်ပွဲ အထိမ်းအမှတ် လုပ်လို့ ရဟန်းတော်တွေကို အလှူခံကြွဖို့၊ တရားဟောကြွဖို့ ပင့်ဖိတ်ရင်လည်း ဝါတွင်းမှာ ဝါပန်ပြီး ခရီးကြွကောင်းပါတယ်။ (အိမ်တက်မင်္ဂလာ စသည်)

ကိုယ့်သား၊ ကိုယ့်သမီးရဲ့ ထိမ်းမြားလက်ထပ်ပွဲ (မင်္ဂလာဆောင်) ပင့်ဖိတ်ရင်လည်း ဝါပန်ပြီး ကြွကောင်းပါတယ်။ ကိုယ်ကိုယ်တိုင် နေထိုင်မကောင်းလို့၊ မကျန်းမမာဖျားနာလို့ ပင့်ဖိတ်ရင်လည်း ဝါပန်ပြီး ကြွကောင်းပါတယ်။ ပရိယတ္တိစာပေသင်ယူချင်လို့၊ သင်ယူစေချင်လို့ ပင့်ဖိတ်ရင်လည်း ဝါပန်ပြီး ကြွကောင်းပါတယ်။ လူမှုရေးမဟုတ်တဲ့ ကုသိုလ်ရေးကိစ္စမှန်သမျှ ဘာကိစ္စကြောင့်ပဲ ပင့်ပင့်၊ ပင့်သူရှိရင် ခုနစ်ရက် ဝါပန်ပြီး ခရီးကြွကောင်းပါတယ်။

ပင့်သူဘက်က တစ်ခုသတိပြုရမှာကတော့ မိမိပင့်လိုတဲ့ရဟန်းကို 'ကပ္ပိယဝစန' လို့ခေါ်တဲ့ 'အပ်စပ်တဲ့စကား' နဲ့ ပင့်ဖိတ်မိဖို့ပါပဲ။ ဒါနပြုချင်လို့ (ဒါနဉ္စ ဒါတုံ)၊ တရားနာချင်လို့ (ဓမ္မဉ္စ သောတုံ)၊ ရဟန်းဖူးချင်လို့ (ဘိက္ခူစ ပဿိတုံ) ဆိုတဲ့စကားသုံးရပ် (တုံသုံးတုံ)နဲ့ပဲဖြစ်ဖြစ်၊ အဲဒီစကားသုံးရပ်ရဲ့ အဓိပ္ပါယ်မျိုး သဘောသက်ရောက်တဲ့ ပရိယာယ်စကားတွေနဲ့ပဲဖြစ်ဖြစ် အပ်စပ်စွာပင့်ဖိတ်မှသာ ရဟန်းတော်များ ဝါတွင်း

http://www.dhammadownload.com

မှာ ဝါပန်ပြီး ခုနစ်ရက်တာ ခရီးကြွကောင်းပါတယ်။

တစ်ခုသော ဝါတွင်းကာလမှာ သံဃာတော်တွေ စုပေါင်းနေထိုင်တဲ့ သံဃိကကျောင်းတစ်ကျောင်း ပြိုကျပျက်စီးသွားပါတယ်။ ရတနာသုံးပါး ဆည်းကပ်တဲ့ ဒကာတစ်ယောက်က တောထဲမှာ သူဖြတ်တောက်ခုတ်ထားတဲ့ သစ်တွေရှိတဲ့အတွက် 'အရှင်ဘုရားတို့ ကိုယ်တိုင်လာယူရင် ဒီသစ်တွေ တပည့်တော်လှူပါ့မယ်ဘုရား' လို့ လူကြုံလွှတ်ပြီး ရဟန်းတော်တွေကို လျှောက်ထားပါတယ်။

ရဟန်းတော်တွေက မြတ်စွာဘုရားကို လျှောက်တဲ့အခါ မြတ်စွာဘုရားရှင်က 'သံဃာ့ကိစ္စဆိုရင်တော့ ဝါပန်ပြီးသွားဖို့ ခွင့်ပြုပါတယ်။ ခုနစ်ရက် ပြည့်ရင်တော့ ပြန်လာရမယ်' လို့ မိန့်ကြားတော်မူလိုက်ပါတယ်။ ဒါ့ကြောင့် ရဟန်း သံဃာတော်တွေရဲ့ အရေးကိစ္စ (သံဃာ့ကိစ္စ) ကြောင့် ပင့်ဖိတ်တာဆိုရင် ဘာကိစ္စကြောင့်ပဲပင့်ပင့် ဝါပန်ပြီး ကြွကောင်းပါတယ်။

'မပင့်ဘဲသွားခွင့်' မှာ ရဟန်းတစ်ပါး မကျန်းမမာဖျားနာနေတယ်၊ သာသနာ့ဘောင်မှာ မပျော်မွေ့ဘဲ ပျင်းရိနေတယ်၊ ဝိနည်းကုက္ကုစ္စ (ဝိနည်းသံသယ) ဖြစ်နေတယ်၊ အယူမှားနေတယ်၊ ကြီးလေးတဲ့ဝိနည်းအပြစ်သင့်နေတယ် .... စသည်အားဖြင့် အကြောင်းတရား ဆယ်ပါးတစ်ပါးပါး ဖြစ်နေတယ်ဆိုရင် ကာယကံရှင်က ကြွလာဖို့ မပင့်မဖိတ်လည်း ကိုယ့်ဘာသာကိုယ် ဝါပန်ပြီး ကြွကောင်းပါတယ်။ လူနာပြုစုခြင်း၊ သာသနာ့ဘောင်မှာ ပျော်မွေ့ဖို့ အားပေးစကားပြောခြင်း၊ ဝိနည်းသံသယဖြေရှင်းပေးခြင်း၊ တရားစကားပြောပေးခြင်း စသည် ပြုလုပ်ပေး

နိုင်ပါတယ်။

သာမဏေ (ကိုရင်) တွေမှာ မကျန်းမာခြင်း၊ မပျော်မွေ့ခြင်း၊ ရဟန်းခံလိုခြင်းဆိုတဲ့ အကြောင်းသုံးပါး တစ်ပါးပါး ရှိလာရင်လည်း ကာယကံရှင်ကိုရင်က ပင့်ပင့်မပင့်ပင့်၊ ဝါပန်ပြီး ကြွကောင်းပါတယ်။

ဒကာဘုန်းမြင့်ရေ ....

ဒီဝါတွင်း ပြီးခဲ့တဲ့ ဝါခေါင်လပြည့်နေ့တုန်းက ရန်ကုန်မှာ ဦးဇင်းရဲ့ ခမည်းတော်နဲ့ မယ်တော်က စာသင်တိုက်တစ်ခုက အသက်နှစ်ဆယ်ပြည့်ကိုရင်တစ်ပါးကို ပစ္စည်းလေးပါးဒကာခံပြီး ရဟန်းခံပေးခဲ့ကြပါတယ်။ အဲဒီရဟန်းခံပွဲကို ခမည်းတော်က ဦးဇင်းကို ကြွလာစေချင်ပါတယ်။ သူရဟန်းခံပေးမယ့် ကိုရင်ကို သားဦးဇင်းကိုယ်တိုင် ကမ္မဝါဖတ်ပြီး ချီးမြှောက်စေချင်တယ်ပေါ့။

ဝါတွင်းမှာ ကိုရင်တစ်ပါး ရဟန်းခံရင် ရဟန်းခံကိစ္စအတွက် ကူညီဆောင်ရွက်ပေးဖို့၊ သို့မဟုတ် ကမ္မဝါဖတ်ပေးဖို့၊ သို့မဟုတ် သိမ်ဝင်သံဃာပြည့်အောင် ဖြည့်ပေးဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ဘယ်သူမှ မပင့်ဖိတ်လည်း ဝါပန်ပြီး ကြွကောင်းတယ်လို့ မြတ်စွာဘုရား မိန့်ကြားထားတဲ့အတွက် 'ဦးဇင်းကြွရင် ကားလာကြိုမယ်' လို့ ဖုန်းဆက်တဲ့ ခမည်းတော်ကို ဖုန်းထဲကနေပဲ 'ကားလာကြိုရင် ဦးဇင်းကြွမယ်' လို့ ကတိပေးလိုက်ပါတယ်။

ဒါပေမဲ့ သွားမပင့်ဖို့ ကန့်ကွက်ပိတ်ပင်တဲ့သူတွေ ပေါ်လာလို့ ထင်ပါရဲ့။ ရန်ကုန်ကနေ သထုံကို ကားလာမကြိုပါဘူး။ ရန်ကုန်က ကားလာကြိုမှပဲ သွားမယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် ရဟန်းခံပွဲကို

http://www.dhammadownload.com

ဦးဇင်းမကြွဖြစ်လိုက်တော့ပါဘူး။ အမှန်ကတော့ ဘယ်သူမှ လာမပင့်လည်း ကြွကောင်းပါတယ်။ ကြွခြင်းကြောင့် ဘာအပြစ်မှ မဖြစ်ပါဘူး။ ဘာအာပတ်မှ မသင့်ပါဘူး။

လူဝတ်ကြောင်တွေ မကျန်းမမာ ဖျားနာတာနဲ့ ပတ်သက်ပြီး အဖေရင်း၊ အမေရင်းဆိုရင်တော့ မပင့်ဖိတ်လည်း ကြွကောင်းပါတယ်။ ညီ၊ အစ်ကို၊ အစ်မ၊ နှမ၊ ဆွေမျိုး၊ ကပ္ပိယ၊ ဝေယျာဝစ္စကရ စသည်တို့ဆိုရင်တော့ ပင့်ဖိတ်မှပဲ ကြွကောင်းပါတယ်။

ဝါပန်ပြီး ခရီးကြွတာနဲ့ပတ်သက်လို့ အကျယ်သိချင်ရင်တော့ ဝိနည်းမဟာဝါပါဠိတော်နဲ့ အဋ္ဌကထာတွေမှာ ရှာဖွေလေ့လာနိုင်ပါတယ်။

တကယ်တော့ ဝိနည်းဆိုတာ ရဟန်းသာမဏေတွေသာ သိသင့်တာ မဟုတ်ပါဘူး။ လူဝတ်ကြောင်တွေလည်း သိသင့်ပါတယ်။ ဒါမှသာ 'တပည့်လိမ္မာ ဆရာအာပတ်လွတ်' ဆိုတဲ့စကားအတိုင်း သာသနာပြုလုပ်ငန်းတွေကို အပ်အပ်စပ်စပ်နဲ့ နှံ့နှံ့စပ်စပ်ဆောင်ရွက်နိုင်ပါလိမ့်မယ်။ ဝိနည်းနဲ့အညီလုပ်တဲ့ ရဟန်းတော်တွေကို ဝိနည်းနားမလည်ဘဲ ရမ်းသမ်းကဲ့ရဲ့မိလို့ ရလာမယ့် အကုသိုလ်အပြစ်ဆိုးမျိုးတွေကလည်း လွတ်မြောက်နိုင်ပါလိမ့်မယ် ...လို့ ....။

အပ္ပမာဒေန သမ္ပာဒေထ

[အင်တာဗျူးဂျာနယ်၊အောက်တိုဘာ၊၁၇၊၂၀၀၁]

■

http://www.dhammadownload.com

■ လူ့လောကမှာညဆယ့်နှစ်နာရီကျော်ရင်
နောက်တစ်ရက်စပေမယ့်
ဝိနည်းလောကမှာတော့
အရုဏ်တက်ပြီးမှသာ
နောက်တစ်ရက်စတဲ့အတွက်
လဆန်းရှစ်ရက်ရဲ့အစ
အရုဏ်မတက်ခင်ဘယ်အချိန်
ပြန်ရောက်ရောက်ရပါတယ်။

■ တကယ်တော့ဝိနည်းဆိုတာ
ရဟန်းသာမဏေတွေသာ
သိသင့်တာမဟုတ်ပါဘူး။
လူ့ဝတ်ကြောင်တွေလည်း
သိသင့်ပါတယ်။ ဒါမှသာ
တပည့်လိမ္မာဆရာအာပတ်လွတ်
ဆိုတဲ့စကားအတိုင်းသာသနာပြု
လုပ်ငန်းတွေကိုအပ်အပ်စပ်စပ်နဲ့
နှံ့နှံ့စပ်စပ်ဆောင်ရွက်နိုင်ပါလိမ့်မယ်။

■ သွေးသည်အသက်၊အသက်သည်သွေး
လို့ဆိုတဲ့အတိုင်းသွေးဆိုတာ
လူတစ်ယောက်ရဲ့အသက်ပါ။
သွေးလှူတဲ့သူဟာအသက်ကို
ပေးလှူရာရောက်ပါတယ်။
သွေးလှူရှင်ဟာဖြစ်လေရာဘဝတိုင်း
အသက်ရှည်ခြင်း၊အနာရောဂါကင်းရှင်းခြင်း
ဆိုတဲ့ကောင်းကျိုးတွေရရှိနိုင်ပါတယ်။
အထူးသဖြင့်သွေးအားကောင်းတဲ့
ဒေါင်ဒေါင်မြည်ကျန်းမာရေးပိုင်ရှင်
ဖြစ်မှာသေချာပါတယ်။

http://www.dhammadownload.com



http://www.dhammadownload.com

| |
|---|
| ဘယ်လောက်ကောင်းတဲ့အလုပ်ကိုပဲလုပ်လုပ် |
| ဆန့်ကျင်ဘက်အဖျက်သမားဆိုတာ |
| ရှိတတ်စမြဲဖြစ်လို့ဘယ်သူတွေ |
| ဘယ်လိုပဲဖျက်ဖျက်ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ |
| အလုပ်ကောင်းတွေကိုဘာအကြောင်းကြောင့်မှ |
| နောက်မဆုတ်ဘဲမြန်မြန်ထက်ထက် |
| သွက်သွက်လက်လက်လုပ်သွားဖို့အရေးကြီးပါတယ်။ |

**အရှင်ဘုရား . . .**

အရှင်ဘုရားရဲ့ မေတ္တာရိပ်အောက်မှာ တပည့်တော် ဒုလ္လဘ ရဟန်းလာဝတ်မယ်ဆိုတာသိတော့ တချို့မိတ်ဆွေတွေက 'ဝါတွင်းကြီး ဒုလ္လဘမဝတ်ကောင်းဘူး' လို့ ပြောကြပါတယ်ဘုရား။ တပည့်တော် ဘယ်လိုဆုံးဖြတ်ရမလဲဆိုတာ မိန့်ကြားပေးတော်မူပါဘုရား။

**အကယ်ဒမီစိုးသူ၊ ရန်ကုန်မြို့။**

ဒကာစိုးသူရေ ....

ဒကာစိုးသူရဲ့မေးခွန်းကို ဖတ်လိုက်ရတယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင် လက်ထက်တုန်းက ဝါတွင်းကြီး ရှင်ရဟန်းပြုချင်ခဲ့တဲ့ ဝိသာခါရဲ့ မြေးငယ်လေးကို ချက်ချင်းသတိရလိုက်မိပါတယ်။

တစ်ခုသော ဝါတွင်းကာလတုန်းက သာဝတ္ထိမြို့မှာ ဝါဆို သီတင်းသုံးတဲ့ သံဃာတော်တွေ တညီတညွတ်တည်း ကတိကဝတ်တစ်

http://www.dhammadownload.com

ခု ပြုထားကြပါတယ်။ ဘယ်လိုကတိကဝတ်လဲဆိုတော့ 'ဒီဝါတွင်းမှာ ဘယ်သူ့ကိုမှ ရှင်ပြု ရဟန်းခံ လုပ်မပေးကြစတမ်း' ဆိုတဲ့ ကတိကဝတ်ပါ။

အဲဒီနှစ် ဝါတွင်းမှာမှ ဝိသာခါရဲ့ မြေးငယ်တစ်ယောက်က လည်း သင်္ကန်းဝတ်ချင်စိတ် ပြင်းပြလာတာကြောင့် ရဟန်းသံဃာတော် တွေထံ ချဉ်းကပ်ပြီး သူ့ကို ရှင်ပြုပေးဖို့၊ ရဟန်းခံပေးဖို့ လျှောက်ထား တောင်းပန်ပါတယ်။

'ဒကာလေး ....၊ ဝါတွင်းကြီး ဘယ်သူ့ကိုမှ ရှင်ပြု၊ ရဟန်းခံ လုပ်မပေးရဘူးလို့ ရဟန်းသံဃာတော်တွေ ကတိကဝတ် ပြုထားကြ တယ်ကွယ်၊ ဒီတော့ ဒကာလေး ဝါကျွတ်တဲ့အထိ စောင့်ဆိုင်းလိုက်ပါဦး နော်၊ ဝါကျွတ်မှပဲ ရှင်ပြုရဟန်းခံလုပ်ကြတာပေါ့။ ဟုတ်လား ဒကာ လေး'

ရဟန်းသံဃာတော်တွေရဲ့ မေတ္တာရပ်ခံ တုံ့ပြန်စကားကြောင့် ဝိသာခါရဲ့ မြေးငယ်လည်း သင်္ကန်းဝတ်ချင်စိတ်ကို မျိုသိပ်ရင်း စိတ်မ ချမ်းမြေ့စွာ ကျောင်းတော်က ပြန်လာခဲ့ပါတယ်။

ဝါလကင်းလွတ်သီတင်းကျွတ်ပြီဆိုတာနဲ့ ဝိသာခါရဲ့ မြေးငယ် ကို ရဟန်းသံဃာတော်တွေက 'လာလေ ဒကာလေး၊ သင်္ကန်းဆည်းပြီး ရှင်ပြုရဟန်းခံ လုပ်ကြရအောင်' လို့ သတိတရနဲ့ တကူးတက လာပြော ကြပါတယ်။

အဲဒီအခါ ဝိသာခါရဲ့ မြေးငယ်က ....

'အရှင်ဘုရားတို့ ....၊ သင်္ကန်းဝတ်ချင်စိတ်ထက်သန်ပြင်းပြနေ

http://www.dhammadownload.com

တဲ့ ဝါတွင်းတုန်းကသာ သင်္ကန်းဝတ်ဖြစ်ခဲ့မယ်ဆိုရင် အခုလောက်ဆို ဘုရားတပည့်တော် သာသနာ့ဘောင်မှာ အပျော်ကြီးပျော်၊ အမွေ့လျော်ကြီးမွေ့လျော်နေမှာ သေချာပါတယ်ဘုရား၊ အခုတော့ ဘုရားတပည့်တော် သင်္ကန်းဝတ်ချင်စိတ် မရှိတော့တဲ့အတွက် မဝတ်တော့ပါဘုရား၊ အဲဒီအတွက် ဘုရားတပည့်တော်ကို ခွင့်လွှတ်တော်မူပါဘုရား'

လို့ ရဟန်းသံဃာတော်တွေကို သူသင်္ကန်းမဝတ်ဖြစ်တော့တဲ့ အကြောင်း တရိုတသေ လျှောက်ထားလိုက်ပါတယ်။

မြေးလိမ္မာလေး သင်္ကန်းမဝတ်ဖြစ်တော့တဲ့အကြောင်းလည်း သိသွားရော၊ ဝိသာခါက ရဟန်းသံဃာတော်တွေကို အကြီးအကျယ် ကဲ့ရဲ့ရှုတ်ချပါတော့တယ်။

'ကိုယ်တော်တွေ ဘာဖြစ်လို့ ဒီလိုကတိကဝတ်မျိုး ပြုထားကြရတာလဲ၊ တကတဲ 'ဝါတွင်းကြီး ဘယ်သူ့ကိုမှ ရှင်ရဟန်း ပြုမပေးရဘူး' လို့ပဲ၊ တကယ်ဆို ဘယ်အချိန် ဘယ်ကာလမှာပဲဖြစ်ဖြစ် တရားကျင့်သင့်တာပဲမဟုတ်လား၊ တရားမကျင့်သင့်တဲ့ အချိန်အခါကာလရယ်လို့ ရှိလို့လား'

ဝိသာခါရဲ့ အပြစ်တင်စကားကို ရဟန်းတော်တွေ ကြားတော့ မြတ်စွာဘုရားရှင်ကို ပြန်လည်လျှောက်ထားကြပါတယ်။ အဲဒီမှာ မြတ်စွာဘုရားရှင်က အခုလို သိက္ခာပုဒ်တစ်ခု ပညတ်တော်မူလိုက်ပါတယ်။

'ဝါတွင်းမှာ ဘယ်သူ့ကိုမှ ရှင်ရဟန်းမပြုပေးရဘူးဆိုတဲ့ ကတိကဝတ်မျိုး ရဟန်းမှန်သမျှ လုံးဝမပြုလုပ်ရဘူး၊ ပြုလုပ်တဲ့ရဟန်း ဒုက္ကဋ်အာပတ်သင့်စေ'

http://www.dhammadownload.com

ဒီလောက်ဆို ဒကာစိုးသူ သဘောပေါက်လောက်ပါပြီနော်။ ဝါတွင်းမှာလည်း ရှင်ပြုကောင်းပါတယ်။ ရဟန်းခံကောင်းပါတယ်။ ဝါတွင်းမှာ ရှင်ပြုလို့၊ ရဟန်းခံလို့ ဘာအပြစ်မှ မဖြစ်ပါဘူး။ ရှင်ပြုမပေးတဲ့ရဟန်း၊ ရဟန်းခံမပေးတဲ့ ရဟန်းသာ အပြစ်ဖြစ်ပါတယ်။ အာပတ်သင့်ပါတယ်။

ဝါတွင်းမို့ဆိုပြီး ရှင်ပြုရဟန်းခံလုပ်မပေးတဲ့ ရဟန်းတွေမှာ အာပတ်သင့်သလို ဝါတွင်းမို့ ရှင်ပြုရဟန်းခံမလုပ်ပါနဲ့ဦးလို့ တားမြစ်တဲ့ လူတွေမှာလည်း တစ်ဖက်သားရဲ့ ကုသိုလ်ရပေါက် အခွင့်အလမ်းကို ပိတ်ပင်ရာ ရောက်တဲ့အတွက် အပြစ်ဖြစ်ပါတယ်။ မသိနားမလည်လို့ တားမြစ်မိတဲ့သူကို 'ဓမ္မန္တရာယ်ထိုက်တယ်' လို့လောက်ပဲ ပြောသင့်ပေမယ့် သိနားလည်ပါရက်နဲ့ အမုန်းတရားအခြေခံပြီး အဆိုးမြင်ဝါဒနဲ့ ရှင်ပြုရဟန်းခံ မလုပ်ဖြစ်အောင် နှောင့်ယှက်ဟန့်တား ပိတ်ပင်တားမြစ်တဲ့သူကိုတော့ 'သာသနာဖျက်မာရ်နတ်' လို့ ခြွင်းချက်မရှိ သတ်မှတ်လို့ ရပါတယ်။

ဒကာစိုးသူရေ ....

ဒကာစိုးသူ ဦးဇင်းဆီမှာ သင်္ကန်းလာဝတ်မယ်ဆိုတာ ကြားတော့ စိတ်ထားတတ်သူတွေ၊ စိတ်ကောင်းမွေးနိုင်သူတွေက ဂုဏ်ယူဝမ်းမြောက်ကြ၊ ကူညီအားပေးကြ၊ ကုသိုလ်ပွဲအောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်ကြနဲ့ အားတက်သရော ရှိနေကြသလောက် စိတ်ထားမတတ်သူတွေ၊ စိတ်ကောင်းမမွေးနိုင်သူတွေကတော့ ကဲ့ရဲ့ရှုတ်ချကြ၊ ချေးခြောက်ရေနှုးပြီး အပြစ်ဖော်မဲ့ရွဲ့ကြ၊ ကုသိုလ်ပွဲမအောင်မြင်အောင်

http://www.dhammadownload.com

ပိတ်ပင်တားမြစ်ကြနဲ့ အကုသိုလ်တရားတွေတိုးပွားပြီး စိတ်နှလုံးပူလောင် မည်းညစ်နေကြပါတယ်။

'အနုပညာရှင်တစ်ယောက်ကို ဒုလ္လဘရဟန်း ဝတ်မပေးသင့်ဘူး' တဲ့ ....။

'အနုပညာရှင်တစ်ယောက်က ဘုန်းကြီးတစ်ပါးနဲ့ အခုလို လာပြီး မပတ်သက် မဆက်ဆံသင့်ဘူး' တဲ့ ....။

'ဘုန်းကြီးက အနုပညာရှင်တစ်ယောက်နဲ့ အခုလိုပတ်သက်ဆက်ဆံတာကို လုံးဝမကြိုက်ဘူး' တဲ့ ....။

ဘုရား ....ဘုရား .... နားရှိလို့သာ ကြားရတယ် .... မယုံနိုင်စရာပါပဲလား ....၊ ဒီစကားမျိုး ပြောထွက်တဲ့လူတွေမှာ လူစိတ်မှရှိကြသေးရဲ့လား .... သားသမီးချင်း ကိုယ်ချင်းစာနာစိတ် ခေါင်းပါးလှချည်လား....။ သိပ်ကို အံ့သြလွန်းမိပါတယ် ဒကာစိုးသူ။

တကယ်တော့ ဒီလိုစကားမျိုး ပြောထွက်တဲ့လူတွေဟာ လူမဆန်တဲ့လူတွေ၊ အတ္တကြီးမားပြီး တစ်ကိုယ်ကောင်းဆန်တဲ့လူတွေ၊ အရာရာကို အဆိုးမြင်ဝါဒနဲ့ အပျက်မြင်တတ်တဲ့လူတွေ၊ ကိုယ်ချင်းစာတရား ခေါင်းပါးတဲ့လူတွေ၊ ကိုယ့်အတွက်အကျိုးရှိမှ တစ်ဖက်သားကို ပေါင်းသင်းဆက်ဆံတတ်တဲ့ မိတ်ဆွေတု၊ မိတ်ဆွေယောင်တွေဆိုတာ သံသယဖြစ်စရာမရှိပါဘူး။

သာသနာ့ဘောင်ကို အနုပညာရှင်တွေ ဝင်ရောက်ခွင့်မရှိဘူးလို့ မြတ်စွာဘုရား ပညတ်မထားပါဘူး။ အနုပညာရှင်ပဲဖြစ်ဖြစ်၊ အနုပညာရှင်မဟုတ်သူပဲ ဖြစ်ဖြစ်၊ မည်သူမဆို သာသနာ့ဘောင် ဝင်ရောက်

http://www.dhammadownload.com

ခွင့်ရှိပါတယ်။

ဘုန်းကြီးရဟန်းတွေက အနုပညာရှင်တွေကို ရှင်ပြုရဟန်းခံလုပ်မပေးရဘူး၊ ဒကာရင်း၊ ဒကာမရင်းတွေအဖြစ် မဆက်ဆံ မချီးမြှောက်ရဘူး၊ တရားဓမ္မ ဟောကြားပြသမပေးရဘူးလို့လည်း မြတ်စွာဘုရား ဟောကြားမထားပါဘူး။ လူသားအားလုံးအပေါ် တူမျှတဲ့ မေတ္တာစိတ်နဲ့ လိုအပ်သလို ချီးမြှောက်စောင့်ရှောက်ဖို့ပဲ ဟောကြားဆုံးမထားပါတယ်။ လူတွေကို အဆင့်အတန်းခွဲခြားပြီး ဆက်ဆံချီးမြှောက်တာကို မြတ်စွာဘုရား လိုလားတော်မမူပါဘူး။

မြတ်စွာဘုရား ဟောကြားထားတဲ့ ဘုန်းကြီးရဟန်းတွေ အကျွမ်းတဝင်မဆက်ဆံသင့်တဲ့ပုဂ္ဂိုလ်များစာရင်းမှာလည်း အနုပညာရှင်တွေ မပါပါဘူး။ ပြည့်တန်ဆာမ၊ မုဆိုးမ၊ အပျိုကြီး၊ နပုံးပဏ္ဍုက်တို့ပဲ ပါပါတယ်။ ဒါတောင် သူတို့ရဲ့ ဒါနပြုခွင့်၊ တရားနာခွင့်ကို ပိတ်ပင်မထားပါဘူး။ လိုအပ်ရင် လိုအပ်သလို ချီးမြှောက်ဖို့ ခွင့်ပြုထားပါတယ်။

လူထဲက လူဖြစ်တဲ့ အနုပညာရှင်တွေကို တခြားလူတွေလိုပဲ လူလိုသဘောထားပြီး ဆရာတော်သံဃာတော်တွေက မေတ္တာကရုဏာအပြည့်နဲ့ တရားဓမ္မအရိပ်ပေးရင်း ချီးမြှောက်စောင့်ရှောက်ကြတာကို မလိုမုန်းထားစိတ်နဲ့ မကျေမနပ်ဖြစ်နေကြသူတွေအနေနဲ့ ဘုရားရှင်ရဲ့ အနုပညာရှင် ဥဂ္ဂသေနချွတ်ခန်း၊ လူသတ်သမား အင်္ဂုလိမာလချွတ်ခန်း၊ သီရိမာပြည့်တန်ဆာမချွတ်ခန်း၊ အဖေသတ်ပြီး နန်းလုသူအဇာတသတ်ချွတ်ခန်း စတာတွေကို ရှာဖွေဖတ်ရှုကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။

ဘုရားသားတော်မို့ ဘုရားအတုလိုက်ပြီး ဘုရားလို မေတ္တာ၊

http://www.dhammadownload.com

ကရုဏာစိတ်မွေးကြတဲ့ ဘုရားသားတော် ရဟန်းတော်တွေရဲ့ မေတ္တာ၊ ကရုဏာကို ဘုရားသားတော်မဟုတ်တဲ့ လူဝတ်ကြောင် ဒကာဒကာမတွေက ဘယ်လိုမှ နားလည်ခံစားလို့ရမှာမဟုတ်ပါဘူး။ စိတ်သဘောထားပြည့်ဝသူ လူတချို့ကလွဲရင်ပေါ့။

အနုပညာရှင်တွေ ရဟန်းသံဃာထံ ချဉ်းကပ်ခွင့် မရှိဘူး၊ ကုသိုလ်ကောင်းမှုပြုခွင့် မရှိဘူး၊ တရားဓမ္မနာယူကျင့်သုံးခွင့် မရှိဘူးလို့လည်း မြတ်စွာဘုရား ဟောကြားမထားပါဘူး။ အနုပညာရှင်မဟုတ်တဲ့ တခြားလူတွေလိုပဲ ချဉ်းကပ်ခွင့်၊ ပြုခွင့်၊ နာယူကျင့်သုံးခွင့် အပြည့်အဝရှိပါတယ်။

အနုပညာလောကမှာပဲဖြစ်ဖြစ်၊ တခြားလောကမှာပဲဖြစ်ဖြစ်၊ ကောင်းတဲ့သူရှိသလို ဆိုးတဲ့သူလည်းရှိတာပါပဲ။ စင်းလုံးချောကောင်းတဲ့သူရယ်လို့ မရှိသလို စင်းလုံးကြမ်းဆိုးတဲ့သူရယ်လို့လည်း မရှိပါဘူး။ လူတစ်ယောက်တည်းမှာကို အကောင်းအဆိုး ဒွန်တွဲနေတာပါ။ ဆိုးသူတွေ ကောင်းခွင့် မရှိတော့ဘူးလား။ ဆိုးကွက်တွေကို ဖျောက်ဖျက်ပြီး ကောင်းကွက်တွေနဲ့ အစားထိုးခွင့် မရှိတော့ဘူးလား။

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ဟာ ဆိုးသူတွေကို ကောင်းခွင့်ပေးပြီး ကောင်းသူတွေကို ကောင်းသထက်ကောင်းခွင့်ပေးထားတဲ့ မွန်မွန်မြတ်မြတ် သာသနာတော်ကြီးဆိုတာကို လုံးဝမမေ့စေချင်ပါဘူး။ လူ့အလွှာတစ်ခုခုရဲ့ မူပိုင်သာသနာမဟုတ်ဘူးဆိုတာကို အမြဲသတိချပ်စေချင်ပါတယ်။ သာသနာက မူပိုင်မဟုတ်သလို သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေကလည်း ဘယ်သူတစ်ဦးတစ်ယောက်ရဲ့မှ မူပိုင်

http://www.dhammadownload.com

မဟုတ်ပါဘူး။ အားလုံးနဲ့ သက်ဆိုင်တဲ့ အများဆိုင်၊ ဘုံဆိုင်တွေပါ။

ဝိသာခါ့မြေးငယ်လေးရဲ့ အချိန်မီရှင်ရဟန်းပြုခွင့်မရလို့ သဒ္ဓါတရား ပျောက်ကွယ်ဆုံးရှုံးသွားပုံကိုလည်း သင်ခန်းစာယူသင့်ပါတယ် ဒကာစိုးသူ။ ကောင်းမှုကုသိုလ်အလုပ်ဆိုတာ လုပ်ချင်စိတ် ထက်ထက်သန်သန်ရှိတုန်း မြန်မြန်သွက်သွက် ထလုပ်လိုက်မှ ထမြောက်အောင်မြင်တတ်ပါတယ်။ အကြောင်းတစ်ခုခုပြပြီး အချိန်ဆွဲနေမယ်ဆိုရင် မလုပ်ဖြစ်တော့ဘဲ လွဲချော်သွားတတ်ပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားရှင်က ....

'ကောင်းမှုကုသိုလ်အလုပ်တွေကို မြန်မြန်ထက်ထက် ပြုလုပ်ကြပါ။ မိမိရဲ့စိတ်ကို မကောင်းမှုအကုသိုလ်တွေကနေ မြန်မြန်ထက်ထက် တားမြစ်လိုက်ကြပါ။ ကောင်းမှုကုသိုလ် အလုပ်တွေကို ဖြည်းဖြည်းနှေးနှေး လုပ်နေသူရဲ့စိတ်ဟာ မကောင်းမှုမှာပဲ မွေ့လျော်ပျော်ပိုက်တတ်ပါတယ်' လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဘယ်လောက်ကောင်းတဲ့အလုပ်ကိုပဲ လုပ်လုပ်၊ ဆန့်ကျင့်ဘက်အဖျက်သမားဆိုတာ ရှိတတ်စမြဲဖြစ်လို့၊ ဘယ်သူတွေ ဘယ်လိုပဲ ဖျက်ဖျက် ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကောင်းတွေကို ဘာအကြောင်းကြောင့်မှ နောက်မဆုတ်ဘဲ မြန်မြန်ထက်ထက် သွက်သွက်လက်လက် လုပ်သွားဖို့ အရေးကြီးပါတယ်။ အဲဒီလို လုပ်နိုင်မှ လူပီသတဲ့ လူဖြစ်ပြီး ဗုဒ္ဓသာသနာနဲ့ တွေ့ရကျိုးနပ်ပါတယ် .... လို့ ....။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊ အောက်တိုဘာ၊ ၃၊ ၂၀၀၁]

http://www.dhammadownload.com

■ ဝါတွင်းမှာလည်းရှင်ပြုကောင်းပါတယ်။
ရဟန်းခံကောင်းပါတယ်။
ဝါတွင်းမှာရှင်ပြုလို့ရဟန်းခံလို့
ဘာအပြစ်မှမဖြစ်ပါဘူး။
ရှင်ပြုမပေးတဲ့ရဟန်း
ရဟန်းခံမပေးတဲ့ရဟန်းသာ
အပြစ်ဖြစ်ပါတယ်။
အာပတ်သင့်ပါတယ်။

■ မြတ်စွာဘုရားရှင်ရဲ့သာသနာတော်ဟာ
ဆိုးသူတွေကိုကောင်းခွင့်ပေးပြီး
ကောင်းသူတွေကိုကောင်းသထက်
ကောင်းခွင့်ပေးထားတဲ့မွန်မွန်
မြတ်မြတ်သာသနာတော်ကြီးဆိုတာကို
လုံးဝမမေ့စေချင်ပါဘူး။
လူ့အလွှာတစ်ခုခုရဲ့မူပိုင်သာသနာ
မဟုတ်ဘူးဆိုတာကို
အမြဲသတိချပ်စေချင်ပါတယ်။
သာသနာ့ဝန်ထမ်းရှင်ရဟန်းတွေကလည်း
ဘယ်သူတစ်ဦးတစ်ယောက်ရဲ့မှ
မူပိုင်မဟုတ်ပါဘူး။

■ ကောင်းမှုကုသိုလ်အလုပ်ဆိုတာ
လုပ်ချင်စိတ်ထက်ထက်သန်သန်ရှိတုန်း
မြန်မြန်သွက်သွက်ထလုပ်လိုက်မှ
ထမြောက်အောင်မြင်တတ်ပါတယ်။
အကြောင်းတစ်ခုခုပြပြီး
အချိန်ဆွဲနေမယ်ဆိုရင်
မလုပ်ဖြစ်တော့ဘဲ
လွဲချော်သွားတတ်ပါတယ်။

http://www.dhammadownload.com



**အရှင်ဘုရား . . . .**

သက်သတ်လွတ် စားခြင်းဖြင့် ကုသိုလ်ရနိုင်၊ မရနိုင်နှင့် အသားစားခြင်းဖြင့် အကုသိုလ်ဖြစ်နိုင်၊ မဖြစ်နိုင်တို့အား ဖြေကြားပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား . . . .။

**ဗိုလ်မှူးမျိုးဦး၊ ရန်ကုန်မြို့။**

ဒကာမျိုးဦးရေ ....

မြတ်စွာဘုရားရှင်က ပဋ္ဌာန်းဒေသနာတော်ကြီးမှာ 'အစားအစာကလည်း လူတစ်ယောက်ကို ကုသိုလ်ဖြစ်အောင်၊ သို့မဟုတ် အကုသိုလ်ဖြစ်အောင် ကျေးဇူးပြုနိုင်တယ်' လို့ ဟောကြားတော်မူထားပါတယ်။ 'ဥပနိဿယပစ္စယော' ဆိုတဲ့ ပဋ္ဌာန်းပစ္စည်းရဲ့ အဖွင့်မှာပါ။ ဥပနိဿယပစ္စယသတ္တိ (အားကြီးသောမှီရာအကြောင်းတရားစွမ်းအင်) နဲ့ ကျေးဇူးပြုနိုင်တယ်လို့ ဆိုလိုပါတယ်။

အစားအစာတစ်ခုကြောင့် လူတစ်ယောက်မှာ ကုသိုလ်စိတ်လည်း ဖြစ်နိုင်သလို အကုသိုလ်စိတ်လည်း ဖြစ်နိုင်ပါတယ်။ ကုသိုလ်စိတ်ဖြစ်အောင် နှလုံးသွင်းပြီးစားရင် ကုသိုလ်စိတ်ဖြစ်နိုင်ပြီး အကုသိုလ်စိတ်ဖြစ်အောင်နှလုံးသွင်းပြီးစားရင် အကုသိုလ်စိတ်ဖြစ်နိုင်ပါတယ်။

အစားအစာသက်သက်ကြောင့် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်ဖြစ်တာ မဟုတ်ပါဘူး။ အစားအစာကို စားသုံးသူရဲ့ နှလုံးသွင်းကြောင့်သာ ကုသိုလ်စိတ်၊ အကုသိုလ်စိတ် ဖြစ်ရတာပါ။

အစားအစာကတော့ သူ့ချည်းသက်သက် ကုသိုလ်စိတ်ဖြစ်အောင်လည်း မစွမ်းဆောင်နိုင်သလို အကုသိုလ်စိတ်ဖြစ်အောင်လည်း

http://www.dhammadownload.com

မဖန်တီးနိုင်ပါဘူး။ သက်သတ်လွတ်အစားအစာကို စားလိုက်လို့ အလိုလို နေရင်း ကုသိုလ်တွေ ရမသွားနိုင်သလို အသားငါးအစားအစာကို စား လိုက်လို့လည်း အလကားနေရင်း အကုသိုလ်တွေ ဖြစ်မသွားနိုင်ပါဘူး။ အစားအစာဟာ အစားအစာပါပဲ။ ကုသိုလ်၊ အကုသိုလ်ဟာ ကုသိုလ်၊ အကုသိုလ်ပါပဲ။ တခြားစီပါ။ တိုက်ရိုက်ပတ်သက်ခြင်းမရှိပါဘူး။

'အစားအစာက ကုသိုလ်၊ အကုသိုလ် ဖြစ်အောင် ကျေးဇူးပြုနိုင် တယ်' ဆိုတာက အစားအစာကို စားသုံးနေသူရဲ့ စားသုံးနေဆဲမှာ ဖြစ် နေတဲ့ စိတ်အခြေအနေရယ်၊ အစားအစာကို စားသုံးပြီးနောက် စားသုံး သူမှာ ဖြစ်ပေါ်လာမယ့် ရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုရယ်၊ အဲဒီ ရုပ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကို အခြေခံတဲ့ နောက်ဆက်တွဲ လုပ်ရပ်တွေရယ်ကို ရည်ရွယ်ပြီး ပြောတာပါ။ အစားအစာရွေးချယ်မှု သက်သက်ကြောင့် ကုသိုလ်၊ အကုသိုလ်ဖြစ်တယ်လို့ ပြောတာ မဟုတ် ပါဘူး။

သက်သတ်လွတ်ပဲစားစား၊ သက်သတ်မလွတ်ပဲစားစား၊ ဘာ ဝနာတစ်ခုခု ပွားရင်း စားရင် ကုသိုလ်စိတ်ဖြစ်ပြီး ကုသိုလ်ရပါတယ်။ ဘာဝနာတစ်ခုခုပွားရင်း စားနေသူရဲ့ သန္တာန်မှာ စားနေဆဲအစားအစာ နဲ့ပတ်သက်ပြီး 'ကောင်းလိုက်တာ' ဆိုတဲ့လောဘ၊ 'မကောင်းဘူး'ဆိုတဲ့ ဒေါသ ဖြစ်ခွင့်မရတဲ့အတွက် အကုသိုလ်စိတ်ကင်းရှင်းနေပါတယ်။ မိမိ ပွားတဲ့ ဘာဝနာနဲ့ လိုက်လျောညီထွေတဲ့ ကုသိုလ်စိတ်ဖြစ်နေတဲ့အတွက် အစာစားရင်း ကုသိုလ်ရနေပါတယ်။

သက်သတ်လွတ်ပဲ စားစား၊ သက်သတ်မလွတ်ပဲ စားစား

လောဘ၊ ဒေါသစတဲ့ ကိလေသာတွေနဲ့ စားနေရင် အစာစားရင်း အကုသိုလ်စိတ်တွေဖြစ်ပြီး အကုသိုလ်တရားတွေ တိုးပွားနေပါတယ်။ ကိုယ်စားနေဆဲ အစားအစာနဲ့ပတ်သက်တဲ့ လောဘ၊ ဒေါသပဲဖြစ်ဖြစ်၊ အစာစားရင်း သူများအကြောင်း၊ တခြားအကြောင်းတွေးလို့ ဖြစ်လာတဲ့ လောဘ၊ ဒေါသပဲဖြစ်ဖြစ်၊ လောဘ၊ ဒေါသမှန်သမျှ အကုသိုလ်တွေချည်းပါပဲ။

လူတစ်ယောက် သက်သတ်လွတ် အစားအစာတစ်ခုကို စားနေတယ်ဆိုပါစို့။ 'ဟယ် ..၊ အသားတုဟင်းလေးကရှယ်ပဲ၊ အသားဟင်းအစစ်နဲ့တောင် မလဲနိုင်ဘူး၊ ကောင်းလိုက်တာ' ဆိုရင် သက်သတ်လွတ်စားရင်း လောဘကိလေသာနဲ့ အကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်။ 'ဟွန်း ....၊ ဒီနေ့ သက်သတ်လွတ်စားမှန်း သိရက်သားနဲ့ ဟင်းကို ကောင်းကောင်းချက်မထားဘူး၊ တစ်ခါလာ ကန်စွန်းရွက်၊ တစ်ခါလာ ပဲပင်ပေါက်၊ သိပ်စိတ်ညစ်တာပဲ' ဆိုရင် သက်သတ်လွတ်စားရင်း ဒေါသကိလေသာနဲ့ အကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်။

'ဟင်း ....ဟင်း၊ ငါမို့လို့ သက်သတ်လွတ်စားနိုင်တာ၊ ဟိုကောင်တွေ ဟိုကောင်မတွေ ငါ့လို သက်သတ်လွတ်စားနိုင်တာမဟုတ်ဘူး' ဆိုရင် သက်သတ်လွတ်စားရင်း မာနကိလေသာနဲ့ အကုသိုလ်စိတ်တွေဖြစ်နေပါတယ်။ 'သက်သတ်လွတ်စားမှ မေတ္တာသမား၊ သက်သတ်လွတ်စားတာ ကုသိုလ်ရတယ်၊ ငါတော့ ဒီနေ့ သက်သတ်လွတ်စားလို့ ကုသိုလ်တွေ တော်တော်ရသွားပြီ' ဆိုရင် သက်သတ်လွတ်စားရင်း ဒိဋ္ဌိကိလေသာနဲ့ အကုသိုလ်စိတ်တွေ ဖြစ်နေပါတယ်။

http://www.dhammadownload.com

ဒါက အစားအစာနဲ့ တိုက်ရိုက်ပတ်သက်တဲ့ အကုသိုလ်စိတ်တွေပါ။ သက်သတ်လွတ်အစားအစာကို စားနေရင်း သူများအကြောင်းတွေးပြီး လောဘ၊ ဒေါသ ဖြစ်နေမယ်၊ တခြားအကြောင်း တွေးပြီး ဣဿာ၊ မစ္ဆရိယဖြစ်နေမယ်ဆိုရင်လည်း သက်သတ်လွတ်စားရင်း အကုသိုလ်စိတ်တွေ တိုးပွားနေတာပါပဲ။

သက်သတ်လွတ်အစားအစာကို စားလိုက်ရုံနဲ့ လူတစ်ယောက်ဟာအလိုလိုနေရင်း ကုသိုလ်ရမသွားပါဘူး။ ကုသိုလ်စိတ်နဲ့စားမှ ကုသိုလ်ရနိုင်ပါတယ်။ ကုသိုလ်စိတ်ကလည်း သက်သတ်လွတ်အစားအစာကြောင့် မဖြစ်နိုင်ပါဘူး။ ဘာဝနာတစ်ခုခုပွားများခြင်း၊ လောဘ၊ ဒေါသစတဲ့ ကိလေသာမဖြစ်အောင် နှလုံးသွင်းဆင်ခြင်ခြင်းကြောင့်ပဲ ဖြစ်နိုင်ပါတယ်။

'သက်သတ်လွတ်စားတဲ့အလုပ်ဟာ ကုသိုလ်အလုပ်ပဲ'၊ 'သက်သတ်လွတ်စားရင် ကုသိုလ်ရတယ်' လို့ ယူဆရင် အဲဒီအယူအဆဟာ မိစ္ဆာဒိဋ္ဌိ (မှားယွင်းတဲ့အမြင်) ပါပဲ။ ဘာလို့လဲဆိုတော့ သက်သတ်လွတ်စားရုံသက်သက်နဲ့ ကုသိုလ်မရနိုင်လို့ပါ။ သက်သက်လွတ်အစားအစာက စားသုံးသူကို အလိုအလျောက် ကုသိုလ်မပေးနိုင်လို့ပါ။

သက်သတ်လွတ်အစားအစာ စားရုံနဲ့ ကုသိုလ်ရတယ်ဆိုရင် သက်သတ်လွတ်မစားတဲ့သူတွေ အစာစားပြီး အချိုတည်းတဲ့အနေနဲ့ ငှက်ပျောသီး၊ သရက်သီး စားနေတဲ့အချိန်မှာလည်း ကုသိုလ်ရနေမှာပေါ့။ အရက်သမားတွေ အရက်သောက်နေရင်း အာလူးကြော်၊ မြေပဲလှော်မြည်းနေတဲ့ အချိန်မှာလည်း ကုသိုလ်ရနေမှာပေါ့။ အဲဒါတွေအားလုံး

http://www.dhammadownload.com

သက်သတ်လွတ်အစားအစာတွေပဲ မဟုတ်လား။

သူငယ်ချင်းငါးယောက် ထမင်းဝိုင်းဖွဲ့စားကြတယ် ဆိုပါစို့။ တစ်ယောက်က သက်သတ်လွတ်သမား၊ ကျန်လေးယောက်က အစုံစားသမား၊ သက်သတ်လွတ်သမားက အသီးအရွက်တွေပဲ စားတယ်။ အစုံစားသမားတွေက အသီးအရွက်ရော၊ သားငါးတွေရော စားကြတယ်။ ရောက်တတ်ရာရာ ဟိုအကြောင်းပြော၊ ဒီအကြောင်းပြောရင်း တစ်ယောက်နဲ့တစ်ယောက် စကြ၊ နောက်ကြနဲ့ တပျော်တပါး စားကြတယ်။

ဟင်းချင်းတော့ မတူကြဘူး။ စိတ်ဖြစ်နေပုံချင်းတော့ တူကြတယ်။ စကြနောက်ကြ၊ ပြောကြဆိုကြနဲ့ တပျော်တပါး စားနေကြတာဆိုတော့ သူငယ်ချင်းငါးယောက်လုံး အပျော်စိတ်တွေ၊ လောဘစိတ်တွေဖြစ်နေကြတာပေါ့။ ကဲ ....သက်သတ်လွတ်စားတဲ့ သူငယ်ချင်း ကုသိုလ်ရရောလား။ အစုံစားတဲ့သူငယ်ချင်းတွေပဲ ကွက်ပြီး အကုသိုလ်ဖြစ်ရောလား။ မဟုတ်ဘူးနော်။ အားလုံး အတူတူပဲ။

အကုသိုလ်အကြောင်းတွေ ပြောရင်း အကုသိုလ်စိတ်တွေနဲ့ စားရင် သူငယ်ချင်းငါးယောက်လုံး အကုသိုလ် အတူတူဖြစ်ပါတယ်။ ကုသိုလ်အကြောင်းတွေ ပြောရင်း ကုသိုလ်စိတ်တွေနဲ့ စားရင် သူငယ်ချင်းငါးယောက်လုံး ကုသိုလ် အတူတူဖြစ်ပါတယ်။ သက်သတ်လွတ်သမားက အစုံစားသမားတွေထက် ခေါင်းတစ်လုံးပိုမြင့်ပြီး ကုသိုလ်ပိုမရသလို အစုံစားသမားတွေကလည်း သက်သတ်လွတ်သမားအောက် ခေါင်းတစ်လုံးပိုနိမ့်ပြီး အကုသိုလ်မဖြစ်နိုင်ပါဘူး။

http://www.dhammadownload.com

အစားအစာမတူပေမယ့် စိတ်ချင်းတူရင် ကုသိုလ်၊ အကုသိုလ် ဖြစ်ပုံချင်းအတူတူပါပဲ။ အစားအစာတူပေမယ့် စိတ်ချင်းမတူရင်ကုသိုလ်၊ အကုသိုလ်ဖြစ်ပုံချင်း ကွဲပြားပါတယ်။ အစားအစာက အဓိကမကျဘဲ စိတ်က အဓိကကျပါတယ်။ ဘာပဲစားစား၊ ကုသိုလ်စိတ်နဲ့ စားရင် ကုသိုလ်ဖြစ်ပြီး အကုသိုလ်စိတ်နဲ့ စားရင် အကုသိုလ်ဖြစ်ပါတယ်။

သက်သတ်လွတ်စားရုံနဲ့ ကုသိုလ်မရဘူးဆိုတာကို အမေး အဖြေပုံစံလေးနဲ့ တစ်မျိုးပြောကြည့်ရအောင်ပါ။

'သက်သတ်လွတ်စားတာနဲ့ အသားငါးစားတာ၊ ဘာစားတာ က ကုသိုလ်ရလဲ'

'သက်သတ်လွတ်စားတာက ကုသိုလ်ရတာပေါ့'

'ကောင်းပြီ၊ ဒါဆို ထပ်မေးမယ်၊ လိမ္မော်သီးစားတဲ့သူနဲ့ ပန်းသီး စားတဲ့သူ၊ ဘယ်သူ ကုသိုလ်ရလဲ'

'ဘယ်သူမှ ကုသိုလ်မရဘူး'

'ဟင် ....၊ ခုနပြောတော့ သက်သတ်လွတ်စားတာ ကုသိုလ်ရ တယ်ဆို၊ လိမ္မော်သီးရော ပန်းသီးရော သက်သတ်လွတ်တွေပဲ မဟုတ် လား၊ သက်သတ်လွတ်စားတာ ကုသိုလ်ရစတမ်းဆိုရင် လိမ္မော်သီးစား သူရော၊ ပန်းသီးစားသူပါ နှစ်ယောက်လုံး ကုသိုလ်ရနေမှာပေါ့'

'ဟဲ .... ဟဲ.... ဒါကတော့ ....'

'ဒီလောက်ဆို သဘောပေါက်ပါတယ်နော်'

သက်သတ်လွတ်စားရုံနဲ့ ကုသိုလ်မရနိုင်သလို အသားငါးစားရုံ နဲ့လည်း အကုသိုလ်မဖြစ်နိုင်ပါဘူး။ အသားငါးစားရုံနဲ့ အကုသိုလ်ဖြစ်

http://www.dhammadownload.com

တယ်လို့ ယူဆရင် မြတ်စွာဘုရားရှင်ကိုလည်း အကုသိုလ်စိတ်ဖြစ်သေးတယ်လို့ စွပ်စွဲရာရောက်ပါတယ်။ ဘာလို့လဲဆိုတော့ မြတ်စွာဘုရားရှင်က အသားငါးကို ဘုဉ်းပေးတော်မူလို့ပါပဲ။

အသားငါးဘုဉ်းပေးပေမယ့် မြတ်စွာဘုရားရဲ့ သန္တာန်မှာ အကုသိုလ်စိတ် လုံးဝမဖြစ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ အကုသိုလ်စိတ်ဖြစ်စေနိုင်တဲ့ ကိလေသာတွေကို အရဟတ္တမဂ်နဲ့ အကြွင်းမဲ့ ပယ်သတ်ထားပြီးဖြစ်လို့ပါ။

ဒါကို ထောက်ရှုခြင်းအားဖြင့် 'အစားအစာကြောင့် ကုသိုလ်၊ အကုသိုလ် ဖြစ်တာမဟုတ်ဘူး၊ ကိလေသာပယ်ခြင်း၊ မပယ်ခြင်းကြောင့်သာ ကုသိုလ်၊ အကုသိုလ် ဖြစ်တာ' ဆိုတာ ထင်ရှားပါတယ်။ ကိလေသာပယ်ဖို့ကိုတော့ မကြိုးစားဘဲ အစားအစာပယ်ဖို့ကိုပဲ ကြိုးစားနေမယ်ဆိုရင်တော့ လမ်းမှားလျှောက်နေတာဖြစ်တဲ့အတွက် စခန်းမှန်၊ ပန်းတိုင်မှန်ကို ဘယ်လိုနည်းနဲ့မှ မရောက်နိုင်တော့ပါဘူး။

ကုသိုလ်ရတယ်အထင်နဲ့ သက်သတ်လွတ်စားနေသူတွေကို မိုးကုတ်ဆရာတော်ဘုရားကြီးက 'အတော်ဝဋ်ကြီးတဲ့သူတွေပဲ' လို့ ကရုဏာသက်တော်မူခဲ့ဖူးသလို ဓမ္မဒူတဆရာတော်ကြီးကလည်း 'ဝဋ်ကြွေးရှိလို့ အငတ်ခံနေကြရတာ' လို့ သနားတော်မူခဲ့ဖူးပါတယ်။ သက်သတ်လွတ် စားသူတိုင်းကို ရည်ရွယ်ပြီး မိန့်တော်မူကြတာ မဟုတ်ပါဘူး။ ကုသိုလ်ရတယ်အထင်၊ ကံကောင်းလိမ့်မယ်အထင်နဲ့ သက်သတ်လွတ်စားနေကြသူတွေကိုသာ ရည်ရွယ်ပြီး မိန့်တော်မူကြတာပါ။

ဒကာမျိုးဦးရေ ....

စာနယ်ဇင်းတွေထဲက အနုပညာရှင်များရဲ့ အင်တာဗျူးအမေး အဖြေတွေမှာပဲဖြစ်ဖြစ်၊ ပြင်ပလောကမှာ မိတ်ဆွေအချင်းချင်းတွေ့ဆုံလို့ တစ်ယောက်နဲ့တစ်ယောက် မေးကြပြောကြတဲ့အခါမှာပဲဖြစ်ဖြစ် ....

'ဘာသာရေးအနေနဲ့ ဘာတွေလုပ်ဖြစ်လဲ'

ဆိုတဲ့မေးခွန်းကို ....

'မွေးနေ့တိုင်း သက်သတ်လွတ်စားဖြစ်ပါတယ်'

'ဝါတွင်းသုံးလတိုင်း သက်သတ်လွတ်စားပါတယ်'

လို့ ဖြေကြားကြတာကို မကြာခဏ ဖတ်ဖူး၊ ကြားဖူးပါတယ်။

တကယ်တော့ သက်သတ်လွတ်စားတာဟာ ဘာသာရေး အလုပ် မဟုတ်ပါဘူး။ တခြားဘာသာရေးတွေရဲ့ အလုပ်တော့ ဟုတ်ချင် ဟုတ်ပါလိမ့်မယ်။ ထေရဝါဒဗုဒ္ဓဘာသာရေးရဲ့ အလုပ်ကတော့ လုံးဝ မဟုတ်ပါဘူး။

ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်ရကြောင်း အလုပ်တွေထဲမှာ သက်သတ်လွတ်စားတဲ့အလုပ် လုံးဝ မပါပါဘူး။ 'သက်သတ်လွတ်စားတဲ့အလုပ်ဟာ ကုသိုလ်အလုပ်လို့ မြတ်စွာဘုရား ဟောကြားမထားဘူး'လို့ ဆိုလိုပါတယ်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်ရကြောင်းအလုပ်တွေက ဆယ်မျိုးရှိပါတယ်။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါနအလုပ်၊ ကိုယ်နှုတ်လွန်ကျူးမှုစောင့်ထိန်းခြင်း သီလ အလုပ်၊ စိတ်ကောင်းစိတ်မြတ်ပွားထုံခြင်း ဘာဝနာအလုပ်၊ အသက် သိက္ခာဂုဏ်ဝါကြီးသူကိုရိုသေခြင်း အပစာယနအလုပ်၊ ကုသိုလ်ကိစ္စ

ကူညီလုပ်ဆောင်ခြင်း ဝေယျာဝစ္စအလုပ်၊ ကိုယ့်ကုသိုလ် သူတစ်ပါး မျှဝေခြင်း ပတ္တိဒါနအလုပ်၊ သူတစ်ပါးကုသိုလ် ကိုယ် ဝမ်းမြောက်ခြင်း ပတ္တာနုမောဒနအလုပ်၊ သူတော်ကောင်းတရားနာကြားခြင်း ဓမ္မဿဝန အလုပ်၊ သူတော်ကောင်းတရားဟောပြောခြင်း ဓမ္မဒေသနာအလုပ်နဲ့ အယူအမြင်ဖြောင့်မှန်ခြင်း ဒိဋ္ဌိဇုကမ္မအလုပ်တို့ဖြစ်ပါတယ်။

အဲဒီအလုပ်ဆယ်မျိုးကို 'ပုညကြိယဝတ္ထုဆယ်ပါး' လို့ ခေါ်ပါ တယ်။ 'ကုသိုလ်လိုလားသူတိုင်း ပြုသင့်ပြုထိုက်တဲ့ ချမ်းသာစီးပွားတွေရဲ့ တည်ရာဆယ်ပါး' လို့ ဆိုလိုပါတယ်။ လိုရင်းကတော့ 'ကုသိုလ်ရကြောင်း အလုပ်ဆယ်မျိုး' ပေါ့။ အဲဒီ အလုပ်ဆယ်မျိုးထဲက ဘယ်အလုပ်ကိုပဲ လုပ်လုပ် ကုသိုလ်ရနိုင်ပါတယ်။

တကယ်လို့ သက်သတ်လွတ်စားတဲ့ အလုပ်ဟာ ကုသိုလ်ရ ကြောင်းအလုပ်၊ ကုသိုလ်ရစေနိုင်တဲ့အလုပ်ဆိုရင် ပုညကြိယဝတ္ထုတွေ ထဲမှာ တစ်ပါးအဖြစ် မြတ်စွာဘုရား ထည့်သွင်းဟောကြားတော်မူခဲ့မှာ ပါ။ သက်သတ်လွတ်စားရုံနဲ့ ကုသိုလ်မရနိုင်လို့ မြတ်စွာဘုရား ဟော ကြားတော်မမူခဲ့တာကို အထူးသတိပြုရပါမယ်။

တစ်ခေတ်တစ်ခါတုန်းက ရဟန္တာလို့ ထင်ရှားကျော်ကြားခဲ့တဲ့ 'ဘုန်းတော်ကြီးဦးသီလ' ဟာ သက်သတ်လွတ် ဘုဉ်းပေးတဲ့ဆရာတော် ကြီးတစ်ပါးဖြစ်ပါတယ်။ ဘုန်းတော်ကြီးနဲ့အတူနေပြီး ဘုန်းတော်ကြီးလို ပဲ သက်သတ်လွတ်စားပါမယ်လို့ လျှောက်ထားလာတဲ့ ရဟန်းတော် တစ်ပါးကို ဆရာတော်ကြီးက ....

'တို့များ သက်သတ်လွတ်စားနေတာကို ကုသိုလ်ဖြစ် ကျင့်နေ

တယ်လို့များ မထင်လိုက်ပါနဲ့ကွယ်၊ သွားနာသက်သာလို့ စားနေတာပါ’

လို့ ရိုးရိုးရှင်းရှင်း မိန့်ကြားတော်မူခဲ့ဖူးပါတယ်။

သက်သတ်လွတ်စားခြင်းကို ကုသိုလ်ကျင့်စဉ်တစ်ခု၊ သူတော်ကောင်းကျင့်စဉ်တစ်ခုလို့ မှားယွင်းစွာ ထင်မှတ်ယူဆသွားမှာစိုးလို့ ဆရာတော်ကြီးက ပွင့်ပွင့်လင်းလင်း မိန့်ကြားတော်မူလိုက်တာပါ။

မှန်ပါတယ်။ သက်သတ်လွတ်စားခြင်းဟာ ကုသိုလ်ကျင့်စဉ်တစ်ခုမဟုတ်သလို သူတော်ကောင်းကျင့်စဉ်တစ်ခုလည်း မဟုတ်ပါဘူး။ သက်သတ်လွတ်စားခြင်းကြောင့် ကုသိုလ်လည်း ရမသွားနိုင်သလို သူတော်ကောင်းလည်း ဖြစ်မသွားနိုင်ပါဘူး။

အတိတ် သာသနာဝင်မှာရော၊ ပစ္စုပ္ပန် သာသနာဝင်မှာပါ သက်သတ်လွတ်ဘုဉ်းပေးတဲ့ ဆရာတော်ကြီးတွေ ရှိကြပါတယ်။ သူတို့ဟာ ‘ကုသိုလ်ရတယ်’ ဆိုတဲ့ ခံယူချက်နဲ့ သက်သတ်လွတ် ဘုဉ်းပေးကြတာ မဟုတ်ပါဘူး။ သူတို့မှာ ဖြစ်ခဲ့တဲ့၊ ဖြစ်နေတဲ့ အနာရောဂါတွေက အသားငါးနဲ့ မတည့်လို့၊ သူတို့ရဲ့ ကျန်းမာရေးက အသီးအရွက်နဲ့မှ အဆင်ပြေလို့ အနာရောဂါနဲ့ ကျန်းမာရေးကို ငဲ့ပြီး သက်သတ်လွတ် ဘုဉ်းပေးတော်မူကြတာပါ။

လူတစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ်သွေးသား တည်ဆောက်ပုံချင်း မတူညီကြတဲ့အတွက် ခန္ဓာကိုယ်က တောင်းဆိုတဲ့ အာဟာရလိုအပ်ချက်ချင်းလည်း တစ်ယောက်နဲ့တစ်ယောက် မတူညီကြပါဘူး။ တချို့က အသီးအရွက်လောက်ပဲ စားရုံနဲ့ အာဟာရမျှတပြီး ကျန်း

http://www.dhammadownload.com

မာကြသလို၊ တချို့ကတော့ အသီးအရွက်ရော၊ အသားငါးပါ အစုံစား မှ အာဟာရမျှတပြီး ကျန်းမာကြပါတယ်။

အသီးအရွက်စားရုံနဲ့ ကျန်းမာရေးအဆင်ပြေတဲ့ သူတွေက အသီးအရွက်ပဲစားပြီး 'သက်သတ်လွတ်သမားဘဝ' ခံယူပိုင်ခွင့်ရှိသလို အစုံစားမှ ကျန်းမာရေးအဆင်ပြေတဲ့သူကလည်း အစုံစားပြီး 'အစုံစား သမားဘဝ' ခံယူပိုင်ခွင့်ရှိပါတယ်။ လူသားတိုင်းမှာ ကိုယ်စားလိုတဲ့ အစား အစာကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်။ ကိုယ်ကြိုက်ရာ ကိုယ် စားတာ လူ့သဘာဝပဲ မဟုတ်လား။

ဘယ်အစားအစာကိုပဲ ရွေးချယ်ရွေးချယ်၊ အာဟာရမျှတပြီး အနာရောဂါကင်းရှင်းဖို့၊ ကျန်းမာဖို့က အဓိကပါပဲ။ ကျန်းမာမှ အလုပ် လုပ်နိုင်မယ်မဟုတ်လား။ ကျန်းမာတဲ့ ခန္ဓာကိုယ်နဲ့ ကုသိုလ်အလုပ် လုပ် ရင် ကုသိုလ်တရား တိုးပွားပြီး အကုသိုလ်အလုပ်လုပ်ရင် အကုသိုလ် တရား တိုးပွားပါလိမ့်မယ်။ ဒါကို ရည်ရွယ်ပြီးတော့ပဲ မြတ်စွာဘုရားရှင် က 'အစားအစာက ကုသိုလ် သို့မဟုတ်၊ အကုသိုလ်ဖြစ်အောင် ကျေးဇူး ပြုတယ်' လို့ မိန့်ကြားတော်မူခဲ့တာပါ။ အစားအစာသက်သက်ကြောင့် ကုသိုလ်၊ အကုသိုလ်ဖြစ်တယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။

လူ့စိတ်ဆိုတာကလည်း သိပ်ဆန်းကြယ်ပါတယ်။ (ဆန်း ကြယ်လို့လည်း စိတ်လို့ခေါ်တာပါ။ စိတ် = စိတ္တ = ဆန်းကြယ်သော အရာ) တချို့က သက်သတ်လွတ်စားမှ ကုသိုလ်စိတ်မွေးနိုင်ပြီး ကုသိုလ် အလုပ်လုပ်နိုင်ပါတယ်။ ကုသိုလ်စိတ်တိုင်းကိုတော့ မဟုတ်ပါဘူး။ တချို့ ကုသိုလ်စိတ်တွေကိုပါ။

http://www.dhammadownload.com

ရက်အကန့်အသတ်နဲ့ သက်သတ်လွတ်စားနေတဲ့ လူငယ် ဒကာတစ်ယောက်ကို 'သက်သတ်လွတ်စားတာ ဘာအကျိုးထူးလဲ' လို့ မေးကြည့်တော့ ....

'သက်သတ်လွတ်စားတာ ငါးပါးသီလ လုံတယ်၊ ငါ သက်သတ်လွတ်စားနေတယ်ဆိုတဲ့ အသိနဲ့ ခြင်ကအစ မရိုက်ဖြစ်တော့ဘူး၊ စကားကိုလည်း လိမ်ညာပြီး မပြောဖြစ်တော့ဘူး၊ အထူးသဖြင့် အရက်၊ ဘီယာလုံးဝမသောက်ဖြစ်တော့ဘူး၊ အသားငါးစားခွင့်မရတော့ အမြည်း မကောင်းတော့လို့၊ ဟဲ ....ဟဲ ....'

လို့ ရယ်ရယ်မောမော ပြန်ဖြေခဲ့ပါတယ်။ သူ့အနေနဲ့ အမြည်း မကောင်းလို့ အရက်၊ ဘီယာ မသောက်ဖြစ်ပေမယ့် အာလူးကြော်၊ မြေပဲလှော်၊ အသားတုကင် စတဲ့ သက်သတ်လွတ် အမြည်းတွေနဲ့ အရက်၊ ဘီယာ သောက်နေကြတဲ့ သက်သတ်လွတ် အရက်သမားတွေ လည်း အများကြီး ရှိပါတယ်။ သက်သတ်လွတ် စားပြီး ကာမဂုဏ် ဖောက်ပြန်နေတဲ့ ဒုသနသောတွေလည်း ဒုနဲ့ဒေးပါ။

လူတစ်ယောက်အတွက် သက်သတ်လွတ်စားခြင်းက ငါးပါး သီလ လုံခြုံအောင် စောင့်ထိန်းဖြစ်ဖို့ တွန်းအားပေးပေမယ့် တခြားလူ တစ်ယောက်အတွက်တော့ အဲဒီလို ဖြစ်ချင်မှဖြစ်မှာပါ။ သက်သတ်လွတ် စားပြီး ငါးပါးသီလမလုံတဲ့သူတွေ အများကြီးရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သက်သတ်လွတ်စားမှ ကုသိုလ်စိတ်မွေးနိုင် ပြီး ကုသိုလ်အလုပ်လုပ်ဖြစ်တဲ့သူတွေအနေနဲ့ ကိုယ်စွမ်းနိုင်သလောက် အချိန်ကန့်သတ်ပြီး သက်သတ်လွတ်စားတာ သဘာဝကျပါတယ်။

(မစားရဘူးလို့မဆိုပါဘူးကွယ်။) သက်သတ်လွတ်စားစား၊ မစားစား ကုသိုလ်စိတ်မွေးနိုင်တဲ့သူ၊ ကုသိုလ်အလုပ် လုပ်ဖြစ်တဲ့သူတွေကတော့ 'သက်သတ်လွတ်မှ' ရယ်လို့ ရွေးချယ်ချေးများ (ဂျီးများ) နေစရာမလိုဘဲ ရရာအစားအစာကို အဆင်သင့်သလို အကုန် စားသုံးနိုင်ပါတယ်။

ဘုရား၊ ရဟန္တာတွေ၊ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့သူတော်ကောင်း၊ သူမြတ်လောင်းကြီးတွေ အသားငါး ရှောင်ကြဉ်တော်မမူကြတာကို ကြည့်ခြင်းအားဖြင့် အသားငါး စားရုံသက်သက်နဲ့ အကုသိုလ် မဖြစ်နိုင်ဘူးဆိုတာ ထင်ရှားပြီးသားပါ။ အသားငါး ရှောင်တာ သူတော်ကောင်း အကျင့်လို့ယူဆရင် မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်း 'အာမဂန္ဓသုတ္တန်' မှာ မြတ်စွာဘုရား တိုက်ရိုက်ဟောကြားထားပါတယ်။

အသားငါး စားရုံသက်သက်နဲ့ အကုသိုလ် မဖြစ်နိုင်ဘူးဆိုပေမယ့် အဲဒီအသားငါးက နောက်ခံ သမိုင်းကြောင်း မကောင်းဘူးဆိုရင်တော့ စားသုံးသူမှာ အကုသိုလ်ဖြစ်နိုင်ပါတယ်။ 'အစွန်းသုံးပါး' မလွတ်တဲ့ အသားငါးကို စားသုံးရင် စားသုံးသူမှာ ပါဏာတိပါတကံထိုက်ပြီး အကုသိုလ်ဖြစ်ပါတယ်။ ရဟန်းတော်များဆိုရင်တော့ ပါဏာတိပါတကံ ထိုက်ရုံမက ဒုက္ကဋ်အာပတ်ပါ သင့်ပါတယ်။

အစွန်းသုံးပါး ဆိုတာကတော့ 'မြင်ခြင်း' 'ကြားခြင်း' နဲ့ 'ယုံမှားခြင်း' တို့ပါပဲ။ 'ဒီအသားငါးဟာ ငါ့အတွက် ရည်စူးပြီး သတ်ထားတာ၊ ငါစားဖို့ ရည်ရွယ်ပြီး သတ်ထားတာ' လို့မြင်ခဲ့ရင်၊ သို့မဟုတ် ကြားခဲ့ရင်၊ သို့မဟုတ် ယုံမှားသံသယဖြစ်ခဲ့ရင် အဲဒီ အသားငါးဟာ အစွန်းသုံးပါး (တစ်ပါးပါး) မလွတ်တဲ့ အသားငါး ဖြစ်သွားပါပြီ။ လုံး၀

http://www.dhammadownload.com

မစားထိုက်တော့ပါဘူး။ စားရင် အကုသိုလ်ဖြစ်ပါတယ်။

လူဝတ်ကြောင်တွေအနေနဲ့ အစွန်းသုံးပါးလွတ်ရင် ဘယ်အသားငါးကိုမဆို လွတ်လပ်စွာ စားသုံးနိုင်ခွင့်ရှိပေမယ့် ရဟန်းတော်များကတော့ 'အသားကြီးဆယ်မျိုး' ကို လုံးဝရှောင်ကြဉ်တော်မူကြရပါတယ်။ မရှောင်ဘဲ စားမိရင် သက်ဆိုင်ရာ အာပတ်သင့်ပြီး အကုသိုလ်ဖြစ်ပါတယ်။

အသားကြီးဆယ်မျိုးကတော့ 'လူ၊ ခွေး၊ မြင်း၊ ဆင်၊ ကျား၊ ကျားသစ်၊ ခြသေ့်၊ ဝံ၊ အောင်း၊ မြွေ' တို့ရဲ့ အသားတွေပါပဲ။ အသားကိုသာ မစားကောင်းတာမဟုတ်ပါဘူး။ သူတို့ရဲ့ အရိုး၊ အရေ၊ အသွေး၊ အမွေး ဘာကိုမှ အသုံးမပြုကောင်းပါဘူး။ (ဆင်စွယ်ပုတီး၊ စပါးကြီးသည်းခြေဆေး စသည်တို့ကို ရဟန်းတော်များ လုံးဝ မသုံးကောင်းပါ) အသုံးပြုရင် အာပတ်သင့်ပြီး သုံးတိုင်း သုံးတိုင်း အကုသိုလ်တရား တိုးပွားပါတယ်။

သက်သတ်လွတ်ပဲ စားစား၊ ကြုံရာရရာပဲစားစား၊ အရေးအကြီးဆုံးကတော့ စိတ်ကောင်းရှိဖို့၊ သူတော်ကောင်းအလုပ် လုပ်နိုင်ဖို့နဲ့ ဘဝသံသရာဝဋ်ဆင်းရဲက အပြီးတိုင်လွတ်မြောက်ဖို့ပါပဲ။ 'ကြိုက်ရာရွေးစား လူ့ငနွား' မဖြစ်စေဘဲ၊ 'သင့်ရာစားသူ လူ့ထက်လူ' ဖြစ်စေဖို့က အဓိကပါပဲ ....ဒကာမျိုးဦးရေ ....။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊နိုဝင်ဘာ၊၇နှင့်၁၄၊၂၀၀၁]

■

- အစားအစာကတော့ သူချည်းသက်သက်
  ကုသိုလ်စိတ်ဖြစ်အောင်လည်း
  မစွမ်းဆောင်နိုင်သလို
  အကုသိုလ်စိတ်ဖြစ်အောင်လည်း
  မဖန်တီးနိုင်ပါဘူး။
  သက်သတ်လွတ်အစားအစာကို
  စားလိုက်လို့အလိုလိုနေရင်း
  ကုသိုလ်တွေရမသွားနိုင်သလို
  အသားငါးအစားအစာကို
  စားလိုက်လို့လည်းအလကားနေရင်း
  အကုသိုလ်တွေဖြစ်မသွားနိုင်ပါဘူး။

- သက်သတ်လွတ်အစားအစာ
  စားရုံနဲ့ကုသိုလ်ရတယ်ဆိုရင်
  သက်သတ်လွတ်မစားတဲ့သူတွေ
  အစာစားပြီးအချိုတည်းတဲ့အနေနဲ့
  ငှက်ပျောသီး၊သရက်သီးစားနေတဲ့
  အချိန်မှာလည်းကုသိုလ်ရနေမှာပေါ့။
  အရက်သမားတွေအရက်သောက်နေရင်း
  အာလူးကြော်၊မြေပဲလှော်မြည်းနေတဲ့
  အချိန်မှာလည်းကုသိုလ်ရနေမှာပေါ့။

- ဘုရား၊ရဟန္တာတွေ၊သီလသမာဓိ
  ပညာနဲ့ပြည့်စုံတဲ့သူတော်ကောင်း
  သူမြတ်လောင်းကြီးတွေ
  အသားငါးရှောင်ကြဉ်တော်မမူကြတာကို
  ကြည့်ခြင်းအားဖြင့်အသားငါး
  စားရုံသက်သက်နဲ့အကုသိုလ်
  မဖြစ်နိုင်ဘူးဆိုတာထင်ရှားပြီးသားပါ။

http://www.dhammadownload.com



http://www.dhammadownload.com

**အရှင်ဘုရား . . . .**

မြတ်စွာဘုရားရှင်ဟာ ဝက်သားဘုဉ်းပေးလို့ ဝမ်းလျှောပြီး ပရိနိဗ္ဗာန်စံရတာလို့ ပြောကြပါတယ်ဘုရား။ ဟုတ် မဟုတ် ဖြေကြား ပေးတော်မူပါဘုရား။

**ဦးအေးသက်၊ သထုံမြို့။**

ဒကာကြီးဦးအေးသက်ရေ ....

ပြီးခဲ့တဲ့ ဇန်နဝါရီလ(၉)ရက်နေ့က ပရိယတ္တိစာသင်တိုက်တစ် ခုမှာ ပြုလုပ်တဲ့ ဦးဇင်းရဲ့ မွေးနေ့အလှူပွဲကို ငါးထပ်ကွမ်းအကယ်ဒမီ ဒကာရန်အောင် ရောက်လာခဲ့ပါတယ်။ မြန်မာ့ရုပ်ရှင်သမိုင်းမှာ တစ်ဦး တည်းသာရှိသေးတဲ့ အမျိုးသားဇာတ်ဆောင် အကယ်ဒမီဆုငါးဆုရှင် ဒကာရန်အောင်ကို ....

'ထမင်းဝင်စားပြီးပြီလား၊ ဒကာရန်လေးကြိုက်တဲ့ ဝက်သား ဟင်းလည်း ပါတယ်လေ' လို့ပြောတော့ သူက ....

'တပည့်တော် အခု ဝက်သားရှောင်ထားတယ်ဘုရား၊ အရမ်း ဝနေလို့'

လို့ ရယ်ရယ်မောမော ပြန်ပြောပါတယ်။

ခါတိုင်း ဝက်သားစားနေကျ ရွှေပါရမီကျောင်းဒကာကြီး ဦး ရှိန်ဝင်းကိုလည်း ခုရက်ပိုင်း ဝက်သားရှောင်နေတာတွေ့လို့ အကြောင်း ရင်း မေးကြည့်တော့ ....

'တပည့်တော် ခန္ဓာကိုယ်ထဲမှာ အဆီဓာတ်တွေ သိပ်များနေလို့ ရှောင်တာပါဘုရား၊ မစားမဖြစ်တဲ့ အခြေအနေမျိုး ကြုံရင်တော့ နည်း

http://www.dhammadownload.com

နည်းပါးပါး စားပါတယ်’

လို့ ပြန်ဖြေပါတယ်။

‘လူအမျိုးမျိုး စိတ်အထွေထွေ’ ဆိုတဲ့အတိုင်း လူတွေရဲ့ အကြိုက်ကလည်း အမျိုးမျိုး ကွဲပြားနေပါတယ်။ တစ်ဦးနဲ့တစ်ဦး အကြိုက်ချင်း မတူညီကြပါဘူး။ ဝက်သားကြိုက်တဲ့လူ ရှိသလို ဝက်သားမကြိုက်တဲ့ လူလည်း ရှိပါတယ်။ ဝက်သားစားရုံနဲ့ အကုသိုလ်ဖြစ်မသွားသလို ဝက်သားရှောင်ရုံနဲ့လည်း ကုသိုလ်ရမသွားပါဘူး။

ဝက်သားမကြိုက်လို့ ဝက်သားရှောင်သူတွေရှိသလို ဝက်သားကြိုက်ရက်သားနဲ့ ခန္ဓာကိုယ်နဲ့ မတည့်လို့ ဝက်သားရှောင်သူတွေလည်းရှိပါတယ်။ ဝမှာစိုးလို့၊ အဆီတက်မှာစိုးလို့၊ ဝိတ်ချချင်လို့ ဝက်သားရှောင်တာဟာ ကျန်းမာရေးသဘောတရားအရ လုပ်သင့်လုပ်ထိုက်တဲ့ အပြုအမူတွေပါပဲ။ မြတ်စွာဘုရားရှင်ကလည်း ‘ကိုယ်နဲ့မတည့်တဲ့၊ ကိုယ်နဲ့ သပ္ပါယ မမျှတတဲ့ အစာအာဟာရတွေကို ရှောင်ကြဉ်ရမယ်’ လို့ မိန့်ကြားတော်မူထားပါတယ်။

ဝက်သားမကြိုက်လို့ ဝက်သားရှောင်သူထက် ဝက်သားကြိုက်ရက်သားနဲ့ ခန္ဓာကိုယ်နဲ့မတည့်လို့ ဝက်သားရှောင်သူက ပိုပြီး ချီးမွမ်းစရာကောင်းပါတယ်။ ကိုယ့်စိတ်ကိုယ် ထိန်းချုပ်နိုင်လို့ပါ။ ကိုယ့်တဏှာ ကိုယ်ပယ်သတ်နိုင်လို့ပါ။ မကြိုက်လို့ ရှောင်သူက သတိ၊ ဉာဏ်မပါတဲ့ အတွက် ဘာကုသိုလ်မှ မရပေမယ့် မတည့်လို့ ရှောင်သူကတော့ သတိ၊ ဉာဏ်ပါတဲ့အတွက် အထိုက်အလျောက် ကုသိုလ်ရပါတယ်။

ဝမှာစိုးရိမ်တာဟာ လှချင်လို့ ဆိုရင်တော့ လှချင်တဲ့စိတ်ဟာ

http://www.dhammadownload.com

တဏှာလောဘစိတ်ဖြစ်တဲ့အတွက် ဝက်သားရှောင်နေခိုက်မှာ ကုသိုလ်စိတ်မဖြစ်တော့ပါဘူး။ အဆီဓာတ်မလွန်ကဲဘဲ ကျန်းမာနေမှ ကုသိုလ်အလုပ်၊ ကောင်းမှုအလုပ်တွေ လုပ်ပြီး အများအကျိုး၊ သာသနာ့အကျိုးသယ်ပိုးနိုင်မယ်ဆိုတဲ့ စိတ်နဲ့ ဝက်သားရှောင်ရင်တော့ ဝက်သားရှောင်တိုင်း ကုသိုလ်စိတ်တွေ တရိပ်ရိပ် တိုးပွားလာနိုင်ပါတယ်။

ဘာ အစားအစာကိုပဲ စားစား၊ ဘာ အစားအစာကိုပဲ ရှောင်ရှောင်၊ ရည်ရွယ်ချက်မှန်ဖို့၊ ဦးတည်ချက်ကောင်းဖို့ အရေးကြီးပါတယ်။ လုချင်၊ ပချင်၊ ပြေပြစ်ချင်တာဟာ တရားဓမ္မရှုထောင့်အရ အကုသိုလ်လို့ဆိုပေမယ့် လောကဓမ္မရှုထောင့်အရကတော့ လက်ခံနိုင်စရာသဘာဝကျပါသေးတယ်။

'မြတ်စွာဘုရား ဝက်သားစားလို့ ပရိနိဗ္ဗာန်စံရတယ်၊ ဒါကြောင့်တို့ ဝက်သားရှောင်တယ်' ဆိုတာကတော့ လောကဓမ္မရှုထောင့်အရပါ လက်ခံနိုင်စရာ ဘာမှမရှိပါဘူး။ အကြောင်းပြချက် မခိုင်လုံတဲ့ လုပ်ရပ်တစ်ခု၊ သို့မဟုတ် အကြောင်းပြချက် မလှပတဲ့ လုပ်ရပ်တစ်ခုကို မြတ်စွာဘုရားနဲ့ ခုတုံးလုပ်ပြီး အကာအကွယ်ယူလိုက်တာပါပဲ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတာကို အကြောင်းပြပြီး ဝက်သားရှောင်တဲ့သူတွေဟာ တကယ်စင်စစ်ကတော့ နတ်ကိုးကွယ်လို့၊ ဘာဂိုဏ်း ညာဂိုဏ်း ဝင်ထားလို့ ဝက်သားရှောင်ကြတဲ့သူတွေပါ။

'တို့ကိုးကွယ်တဲ့နတ်က ဝက်သားစားတာ မကြိုက်လို့'

'တို့ဂိုဏ်းဆရာ၊ တို့ဂိုဏ်းဘုန်းကြီးက ဝက်သားရှောင်ခိုင်းလို့'

ဆိုတဲ့ အကြောင်းပြချက်တွေက မလှပတော့ အကြောင်းပြ

http://www.dhammadownload.com

ချက် လုပအောင် မြတ်စွာဘုရားကို ခုတုံးလုပ် အသုံးချလိုက်တာပါပဲ။

'နတ်ကိုးကွယ်လို့ ဝက်သားမစားတာပါ'

'ဘယ်ဂိုဏ်းဝင်ထားလို့ ဝက်သားမစားတာပါ'

လို့ ဖြေလိုက်ရင် ဖြေသူရဲ့ ရိုးသားမှုအတွက် ဖြေသူကို ဘယ်သူမှ မကဲ့ရဲ့ကြပါဘူး။ 'ရိုးသားလိုက်တာ' ဆိုပြီး ချီးတောင် ချီးမွမ်းကြပါလိမ့်ဦးမယ်။ မြတ်စွာဘုရားနဲ့ ကိုင်တုပ်ပြီး ဖြေလိုက်တော့ ဖြေသူရဲ့ မရိုးသားမှုအတွက် ဖြေသူဟာ ရွံ့ရှာစက်ဆုပ်စရာ သိပ်ကောင်းသွားပါတယ်။ အကြောင်းရင်းကို မသိဘဲ လိုရာဆွဲ ဖြေထားတာမို့ ဖြေသူရဲ့ အသိဉာဏ်နည်းပါးမှုအတွက်လည်း ဖြေသူကို သနားကရုဏာ သက်ကြရပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့မူမယ့်နေ့မှာ ပါဝါမြို့နေ ရွှေပန်းထိမ်သည်သား စုန္ဒဥပါသကာက မြတ်စွာဘုရားရှင်ကို သူ့ရဲ့နေအိမ်ကို ပင့်ပြီး ဆွမ်းဆက်ကပ်လုပ်ကျွေးပါတယ်။

မြတ်စွာဘုရား နောက်ဆုံးဘုဉ်းပေးတော်မူရတဲ့ အဲဒီဆွမ်းကျွေးပွဲမှာ အထူးစီမံချက်ပြုတ်ထားတဲ့ 'ဝက်ပျို့သားဟင်း' ပါပါတယ်။ မကြီးလွန်း၊ မငယ်လွန်း၊ အလယ်အလတ်ဖြစ်တဲ့ တောဝက်ပျို့တစ်ကောင်ရဲ့ နူးညံ့သိမ်မွေ့တဲ့ အသားတွေကို ဟင်းခတ်အမွှေးအကြိုင် စုံလင်စွာနဲ့ အနံ့အရသာအကောင်းဆုံး၊ အဆီသြဇာအပြည့်ဝဆုံးဖြစ်အောင် အထူးစီမံချက်ပြုတ်ထားတာပါ။

အဲဒီ ဝက်ပျို့သားဟင်းကို မြတ်စွာဘုရားတစ်ပါးတည်းသာ ဘုဉ်းပေးတော်မူပါတယ်။ နတ်တွေက နတ်သြဇာထည့်ထားတဲ့အတွက်

http://www.dhammadownload.com

မြတ်စွာဘုရားရှင်ကလွဲရင် အဲဒီ ဝက်ပျိုသားဟင်းကို အစာကြေကျက်အောင် ချေချက်နိုင်တဲ့သူ တစ်လောကလုံးမှာ တစ်ဦးတစ်ယောက်မှ မရှိလို့ပါ။ မြတ်စွာဘုရား ဘုဉ်းပေးပြီးတာနဲ့ ဝက်သားဟင်းကျန်တွေကို တွင်းတူးပြီး မြေမြှုပ်ပစ်လိုက်ရပါတယ်။

ဝက်သားဟင်းပါဝင်တဲ့ စုန္ဒဥပါသကာရဲ့ ဆွမ်းကို ဘုဉ်းပေးပြီး မကြာခင်မှာပဲ မြတ်စွာဘုရားရှင်ရဲ့ကိုယ်တော်မှာ သေလောက်အောင် ပြင်းထန်တဲ့ 'ဝမ်းသွေးသွန်ရောဂါ' ကြမ်းတမ်းစွာ ဖြစ်ပေါ်လာပါတယ်။

ဝက်သားဟင်းဘုဉ်းပေးလို့ ဝမ်းသွေးသွန်တာ မဟုတ်ပါဘူး။ အတိတ်က အကုသိုလ်ကံတစ်ခုအကျိုးပေးလို့ ဝမ်းသွေးသွန်တာပါ။

ပါရမီဖြည့်စဉ် အတိတ်ဘဝတစ်ခုတုန်းက မြတ်စွာဘုရား အလောင်းတော်ဟာ ဆေးဆရာဖြစ်ခဲ့ဖူးပါတယ်။ ရောဂါပျောက်ရက်သားနဲ့ ဆေးဖိုးဝါးခမပေးချင်လို့ 'ရောဂါမပျောက်သေးဘူး' ပြောလာတဲ့ သူဌေးသားတစ်ယောက်ကို 'ဒါဆို ရောဂါပျောက်သွားအောင် ဒီဆေးလေး သောက်လိုက်ပါဦး' ဆိုပြီး ဝမ်းလျှောဆေးတွေကို ရောဂါပျောက်ဆေးအဖြစ် လိမ်ညာတိုက်ကျွေးခဲ့ဖူးပါတယ်။

ဆေးဆရာဘဝတုန်းက ပြုလုပ်ခဲ့တဲ့ အဲဒီအကုသိုလ်ကံက ပရိနိဗ္ဗာန်စံတော်မူမယ့်နေ့မှာ အကျိုးပေးချိန်ကျရောက်လာလို့ စုန္ဒဥပါသကာရဲ့ဆွမ်းကို ဘုဉ်းပေးပြီး မကြာခင်မှာ အကြီးအကျယ် ဝမ်းတော်လားရပါတယ်။

စုန္ဒဥပါသကာရဲ့ ဝက်သားဟင်းပါဝင်တဲ့ဆွမ်းကို ဘုဉ်းပေးပြီးချိန်နဲ့တိုက်ဆိုင်သွားတဲ့အတွက် 'ဝက်သားစားလို့ ဝမ်းတော်လားတာ'

http://www.dhammadownload.com

လို့ ပြောစရာဖြစ်သွားတာပါ။ တကယ်လို့ အဲဒီနေ့မှာ ဝက်သားဟင်း မဟုတ်ဘဲ ဆိတ်သားဟင်း၊ ကြက်သားဟင်း ဘုဉ်းပေးမယ်ဆိုရင်လည်း မြတ်စွာဘုရား ဝမ်းတော်လားမှာပါပဲ။ အသားငါးဟင်း လုံးဝ မပါတဲ့ အသီးအရွက်ဟင်း၊ သက်သတ်လွတ်ဟင်း ဘုဉ်းပေးမယ်ဆိုရင်လည်း မြတ်စွာဘုရား ဝမ်းတော်လားမှာပါပဲ။ ဘာဟင်းနဲ့ပဲ ဘုဉ်းပေးဘုဉ်းပေး ဝမ်းတော်လားခြင်းဆိုတဲ့ အကုသိုလ်အကျိုးပေးကနေ ဘယ်လိုနည်းနဲ့မှ မလွတ်မြောက်နိုင်ပါဘူး။

ဘယ်လောကကုသိုလ်အင်အားကြီးမားတဲ့သူပဲဖြစ်ဖြစ် မိမိပြုလုပ်ထားတဲ့ အကုသိုလ်ကံတစ်ခုကို အကျိုးပေးခွင့်မရအောင် တားဆီးနိုင်စွမ်းမရှိပါဘူး။ ကုသိုလ်ကံက ကုသိုလ်အကျိုးပေးပြီး၊ အကုသိုလ်ကံက အကုသိုလ်အကျိုးပေးပါတယ်။ ကိုယ်လုပ်ထားတဲ့ အကုသိုလ်တွေကို အကျိုးမပေးအောင် ကုသိုလ်နဲ့ ချေဖျက်ချင်နေသူများ အထူးသတိပြုစရာပါ။ ဘုရားတောင်မှ မရတဲ့ကိစ္စ၊ ကိုယ်က ဘာလို့ ရချင်နေရတာလဲ။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက ဝေသာလီမြို့သား ဥဂ္ဂသူဌေးဆိုတာ 'မနာပဒါန = နှစ်သက်မြတ်နိုးဖွယ်အလှူ' ပေးလှူတဲ့နေရာမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ရရှိသူဖြစ်ပါတယ်။ သူ့ရဲ့ နှစ်သက်မြတ်နိုးဖွယ်အလှူတွေထဲမှာ မြတ်စွာဘုရားရှင်ကို ဆီးသီးနဲ့ ရောချက်ထားတဲ့ ဝက်သားဟင်း လှူတဲ့အလှူလည်း ပါဝင်ပါတယ်။ သူလှူဒါန်းတဲ့ 'ဆီးသီးဝက်သားချက်' ကို မြတ်စွာဘုရား အကြိမ်ကြိမ် ဘုဉ်းပေးတော်မူခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဝမ်းတော်မလားခဲ့ပါဘူး။

'မြတ်စွာဘုရား ဝက်သားစားလို့ ဝမ်းတော်လားပြီး ပရိနိဗ္ဗာန်

http://www.dhammadownload.com

စံရတယ်၊ ဒါကြောင့် ဝက်သားကို တစ်သက်လုံး ရှောင်ရမယ်၊ ဒါမှ မဟုတ် စွမ်းနိုင်သလောက် ရက်အကန့်အသတ်နဲ့ ရှောင်ရမယ်’ ဆိုတဲ့ လမ်းညွှန်ချက်ဟာ နတ်ကိုးကွယ်တဲ့သူတွေ၊ ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို ဂိုဏ်းဆရာတွေ၊ ဂိုဏ်းဘုန်းကြီးတွေရဲ့ ကိုယ့်အပြစ်ကိုယ်ဖုံးကွယ်တဲ့ မလိမ့်တစ်ပတ် လမ်းညွှန်ချက်အမှားကြီးဆိုတာ အသိဉာဏ်ရှိသူတိုင်း သိနိုင်ကြပါတယ်။

‘ဝက်သားစားရင် ဉာဏ်ထိုင်းတတ်တယ်’ လို့လည်း တချို့က ပြောကြပါတယ်။ မြန်မာပြည်က စာရေးဆရာတချို့ မကြာခဏ ကိုးကားကြတဲ့ တရုတ်တွေးခေါ်ပညာရှင်ကြီးတွေဟာ ဝက်သားစားတဲ့ တရုတ်စစ်စစ်ကြီးတွေပါ။ ဝက်သားစားတဲ့ တရုတ်သိပ္ပံပညာရှင်တွေ၊ တရုတ်မဟုတ်တဲ့သိပ္ပံပညာရှင်တွေလည်း ဒုနဲ့ဒေးပါပဲ။

သိစရာအားလုံး အကုန်အစင်သိမြင်တော်မူတဲ့ မြတ်စွာဘုရားရှင်ဟာ သဗ္ဗညုတဉာဏ်တော် မရခင်မှာရော၊ ရပြီး နောက်မှာပါ ဝက်သား ဘုဉ်းပေးခဲ့ပါတယ်။ ဒါပေမယ့် ဉာဏ်မထိုင်းခဲ့ပါဘူး။ အတုမရှိ၊ အတူမရှိတဲ့ အနိုင်းမဲ့ဉာဏ်တော်ကြီးနဲ့ သတ္တဝါအများရဲ့ လောကီ၊ လောကုတ္တရာ ကောင်းကျိုးတွေကို ရွက်ဆောင်တော်မူနိုင်ခဲ့ပါတယ်။

လူတစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ် သွေးသားတည်ဆောက်ပုံချင်းမတူညီကြတဲ့အတွက် လူတချို့ကို ဝက်သားက ခန္ဓာကိုယ် လေးလံထိုင်းမှိုင်းမှု ဖြစ်စေကောင်း ဖြစ်စေနိုင်ပါလိမ့်မယ်။ ကိုယ်နဲ့မတည့်ရင် ကိုယ် ရှောင်လိုက်ရုံပါပဲ။ ‘ လူသားအားလုံးနဲ့ မတည့်’ လို့တော့ ဥပဒေသ ထုတ်ဖို့ လိုမယ်မထင်ပါဘူး။

http://www.dhammadownload.com

'ဝက်သားရှောင်ပြီး အဓိဋ္ဌာန်ဝင်ရင် ပိုစွမ်းတယ်' လို့လည်း ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို လိုင်းပူးကြောင်တွေက ဆရာကြီးလုပ်တတ်ကြပါသေးတယ်။ သူတို့ တီထွင်ထားတဲ့၊ သူတို့ ဖြတ်ညှပ်ကပ်လုပ်ထားတဲ့ ကျင့်စဉ်တွေကို ဘာမှမပြောလိုပေမယ့်၊ မြတ်စွာဘုရားရှင်ရဲ့ ထေရဝါဒကျင့်စဉ်စစ်စစ်တွေကတော့ ဝက်သားနဲ့မတည့်တဲ့ကျင့်စဉ် တစ်ခုမှ မရှိပါဘူး။ ကျင့်စဉ်သာ မှန်လို့ကတော့ ဝက်သားစားပြီးပဲ ကျင့်ကျင့်၊ ဝက်သားမစားဘဲပဲ ကျင့်ကျင့် အစွမ်းထက်ပုံချင်း အတူတူပါပဲ။

ဒီနေ့ခေတ် စာနယ်ဇင်းတချို့မှာပါတဲ့ 'ဘယ်နေ့မှာ ဝက်သား ရှောင်ကြဉ်ပြီး လိုရာဆုတောင်းပါ'၊ 'ဝက်သားတုံးပေါ်မှာ ကိုယ့်နာမည်ရေးပြီး အောင်ပြီ၊ အောင်ပြီ လို့ ကြွေးကြော်ပါ'၊ 'မွေးနေ့မှာ ဝက်ပေါင်ခြောက်ကြော်သုံးခုကို ကြွပ်ကြွပ်အိတ်အဝါရောင်နဲ့ ထည့်ပြီး အိတ်ကပ်ထဲ ဆောင်ထားပါ' .... ဆိုတဲ့ .... ပေါကြောင်ကြောင် ယတြာတွေ၊ ပေါက်ကရ အဆောင်တွေကလည်း အသိဉာဏ်နည်းသူတွေကို အရူးဖြစ်အောင်လုပ်တဲ့ ရယ်စရာ မောစရာ ဟာသတွေပါပဲ။

မြတ်စွာဘုရားရှင်ဟာ ဝက်သားစားလို့ ဝမ်းတော်လားရတာ မဟုတ်တဲ့အပြင် ဝက်သားရဲ့ အဆီဩဇာကြောင့်သာ ပါဝါမြို့ကနေ ကုသိနာရုံအထိ (၆) မိုင်ခရီးကို ဝမ်းသွေးသွန်ရောဂါဒဏ် သည်းခံရင်း ခြေကျင်ခရီး ကြွချီနိုင်ခဲ့တာဖြစ်ပါတယ် ဒကာကြီးဦးအေးသက်ရေ။

အပ္ပမာဒေန သမ္ပာဒေထ။

[အင်တာဗျူးဂျာနယ်၊ ဖေဖော်ဝါရီလ၊ ၂၀၊ ၂၀၀၀]

■ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတာကို
အကြောင်းပြပြီးဝက်သားရှောင်တဲ့သူတွေဟာ
တကယ်စင်စစ်ကတော့
နတ်ကိုးကွယ်လို့
ဘာဂိုဏ်းညာဂိုဏ်းဝင်ထားလို့
ဝက်သားရှောင်ကြတဲ့သူတွေပါ။
တို့ကိုးကွယ်တဲ့နတ်က
ဝက်သားစားတာမကြိုက်လို့
တို့ဂိုဏ်းဆရာ၊တို့ဂိုဏ်းဘုန်းကြီးက
ဝက်သားရှောင်ခိုင်းလို့ဆိုတဲ့
အကြောင်းပြချက်တွေက
မလှပတော့အကြောင်းပြချက်
လှပအောင်မြတ်စွာဘုရားကို
ခုတုံးလုပ်အသုံးချလိုက်တာပါပဲ။

■ ဝက်သားဟင်းဘုဉ်းပေးလို့
ဝမ်းသွေးသွန်တာမဟုတ်ပါဘူး။
ရှေးအတိတ်ဆေးဆရာဘဝတုန်းက
ရောဂါပျောက်ရက်သားနဲ့
ဆေးဖိုးဝါးခမပေးချင်လို့
ရောဂါမပျောက်သေးဘူးပြောလာတဲ့
သူဌေးသားတစ်ယောက်ကို
ရောဂါပျောက်သွားအောင်ဒီဆေးလေး
ထပ်သောက်လိုက်ပါဦးဆိုပြီး
ဝမ်းလျှောဆေးတွေလိမ်ညာတိုက်ကျွေးခဲ့တဲ့
အကုသိုလ်ကံကြောင့်ဝမ်းသွေးသွန်တာပါ။

■ မြတ်စွာဘုရားရှင်ရဲ့ထေရဝါဒကျင့်စဉ်
စစ်စစ်တွေကတော့ဝက်သားနဲ့မတည့်တဲ့
ကျင့်စဉ်တစ်ခုမှမရှိပါဘူး။

http://www.dhammadownload.com



http://www.dhammadownload.com

ရောဂါပျောက်ချင်လို့တရားအားထုတ်တာ
မကောင်းဘူးလို့ဆိုလိုက်ခြင်းအားဖြင့်
မြတ်စွာဘုရားဟာမကောင်းတဲ့အလုပ်
ညံ့ဖျင်းသေးသိမ်တဲ့အလုပ်ကို
လုပ်တယ်လို့ဆိုလိုက်ရာရောက်ပါတယ်။
ရောဂါပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ထစ်ခနဲရှိ
ဗေဒင်ယတြာခေတ်ရိုက်ခေတ်ဆင်ကိုပဲ
လွဲမှားစွာအားကိုးနေကြတဲ့ဒီခေတ်ကြီးထဲမှာ
တရားအားထုတ်ခြင်းကိုအားကိုးလာတာဟာ
မုဒိတာပွားသင့်တဲ့ကိစ္စရပ်ကြီးတစ်ခုအပါ။
□ □ □ □ □ □ □

၈.၉.၉၈ ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်ထဲက ဆောင်းပါး တစ်ပုဒ်မှာ ဆောင်းပါးရှင်က “ရောဂါပျောက်ချင်လို့ တရားအားထုတ် တာ မကောင်းကြောင်း၊ ရောဂါပျောက်ချင်လို့ တရားအားထုတ်တာဟာ တရားကို ခုတုံးလုပ် အသုံးချတာဖြစ်ကြောင်း၊ ရိပ်သာတွေမှာ ရောဂါ ပျောက်ချင်ရင် တရားအားထုတ်ပါလို့ မှားယွင်းစွာ မြှူဆွယ်နေကြ ကြောင်း” ရေးသားထားတာကို ဖတ်ရှုလိုက်ရပါတယ်။

အဲဒီရေးသားချက်ကို ဖတ်ရှုလိုက်ရတော့ အတိတ်က ဖတ်ခဲ့၊ မှတ်ခဲ့၊ ကြားနာခဲ့ဖူးတဲ့ အကြောင်းအရာလေးတွေဟာ စာရေးသူရဲ့

http://www.dhammadownload.com

အတွေးအာရုံထဲကိုတစ်ခုပြီးတစ်ခု စီကာစဉ်ကာ ဝင်ရောက်လာပါတယ်။

ပထမဆုံး ဝင်ရောက်လာတဲ့ အကြောင်းအရာကတော့ နန္ဒမင်းသားတစ်ဖြစ်လဲ အရှင်နန္ဒရဲ့ အကြောင်းပါ။

အရှင်နန္ဒဟာ သာသနာ့ဘောင်ကို သံသရာလွတ်ဖို့၊ နိဗ္ဗာန်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝင်ရောက်လာသူ မဟုတ်ပါဘူး။ ဇနပဒကလျာဏီနဲ့ လက်ထပ်ပွဲဆင်နွှဲတဲ့နေ့မှာ မြတ်စွာဘုရားက တိုက်တွန်းလို့ မြတ်စွာဘုရားကို ရိုသေညွှတ်ကိုင်းတဲ့စိတ်နဲ့ ဝင်ရောက်လာရသူပါ။

သဒ္ဓါတရားအစစ်အမှန်နဲ့ သက်န်းဝတ်လာသူမဟုတ်တော့ သာသနာ့ဘောင်မှာ မပျော်ပါဘူး။ ဇနပဒကလျာဏီကိုပဲ တမ်းတမ်းတတ သတိရနေပါတယ်။ သာသနာ့ဘောင်မှာ မပျော်မွေ့ဘဲ ငြီးငွေ့စိတ်ပျက်နေတဲ့ အရှင်နန္ဒကို မြတ်စွာဘုရားက တာဝတိံသာနတ်ပြည် ခေါ်သွားခဲ့ပါတယ်။ ဇနပဒကလျာဏီထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် လှပတဲ့ နတ်သမီးလေးတွေကို မြင်တွေ့ရတော့ အရှင်နန္ဒဟာ နတ်သမီးလေးတွေကို လိုချင်တဲ့စိတ် ဖြစ်လာပါတယ်။

နတ်သမီးလေးတွေ လိုချင်ရင် တရားအားထုတ်ပါ၊ တရားအားထုတ်ရင် နတ်သမီးလေးတွေ ရရစေ့မယ်လို့ မြတ်စွာဘုရားက အာမခံတိုက်တွန်းလိုက်တော့ အရှင်နန္ဒလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး နတ်သမီးလိုချင်တဲ့စိတ်နဲ့ တရားအားထုတ်တော်မူပါတယ်။ နောက်ပိုင်းမှာ တခြားရဟန်းတော်များက ကဲ့ရဲ့ကြတဲ့အတွက် ရည်ရွယ်ချက်ပြောင်းသွားပြီး အားထုတ်လိုက်တာ မကြာခင်မှာပဲ အရှင်နန္ဒရဟန္တာဖြစ်တော်မူသွားပါတယ်။

http://www.dhammadownload.com

အရှင်နန္ဒ တရားအားထုတ်ခြင်းရဲ့ မူလရည်ရွယ်ချက်က နတ်သမီးရဖို့ပါ။ နိဗ္ဗာန်ရဖို့ မဟုတ်ပါဘူး။ နတ်သမီးရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်သာ မရှိရင် တရားအားထုတ်ဖြစ်မှာ မဟုတ်ပါဘူး။ အစကတည်းကမှ တရားအားမထုတ်ဖြစ်ရင် ရည်ရွယ်ချက်လည်း ပြောင်းစရာမရှိ၊ ရဟန္တာလည်း ဖြစ်စရာမရှိပါဘူး။

မူလရည်ရွယ်ချက်က အဆင့်နိမ့်ပေမယ့် တရားအားထုတ်ရင်းနဲ့ တရားအသိဉာဏ် ရင့်ကျက်သွားရင် ရည်ရွယ်ချက်လည်း အဆင့်မြင့်သွားနိုင်ပါတယ်။ လမ်းဆုံးရင် ရွာတွေ့ရစမြဲ ဖြစ်သလို တရားကို နည်းမှန်လမ်းမှန် အားထုတ်နေရင်လည်း ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ် အားထုတ် နောက်ဆုံးမှာ တရားရဲ့ အဓိကပန်းတိုင်ကို မလွဲမသွေဆိုက်ရောက်သွားမှာပါပဲ။ တရားအားထုတ်ဖြစ်ဖို့နဲ့ တရားအားထုတ်ပုံနည်းလမ်းမှန်ဖို့သာ အရေးကြီးပါတယ်။

ရောဂါပျောက်ချင်ရင် တရားအားထုတ်ပါဆိုတဲ့ တိုက်တွန်းချက်ကို မှားယွင်းတဲ့ မြှုဆွယ်မှုလို့ စွပ်စွဲခဲ့ရင် နတ်သမီးလိုချင်ရင် တရားအားထုတ်ပါလို့ တိုက်တွန်းခဲ့တဲ့ မြတ်စွာဘုရားကိုလည်း အမှားမြှုသမားကြီးလို့ လက်ညှိုးထိုး ရှုတ်ချရာ ရောက်ပါတယ်။

အတွေးအာရုံထဲ ဝင်ရောက်လာတဲ့ နောက်အကြောင်းအရာတစ်ခုက အနာထပိဏ်သူဌေးကြီးရဲ့သား ကာဠ အကြောင်းပါ။

အဖေက သောတာပန်ကျောင်းဒကာကြီး ဖြစ်ပေမယ့် သားကာဠကတော့ ဘုရားကျောင်းလည်း မသွား၊ တရားလည်း မနာ သာမန်လူတစ်ယောက်လိုပဲ မေ့မေ့လျော့လျော့ နေနေပါတယ်။

http://www.dhammadownload.com

တစ်နေ့တော့ ဘုရားကျောင်းသွားပြီး ဥပုသ်စောင့်၊ တရားနာရင် အသပြာတစ်ရာပေးမယ်လို့ ဖခင်သူဌေးကြီးက ပြောတဲ့အတွက် အသပြာတစ်ရာလိုချင်တဲ့စိတ်နဲ့ ဘုရားကျောင်းသွား၊ ဥပုသ်စောင့်ခဲ့ပါတယ်။ တရားတော့ မနာခဲ့ပါဘူး။ တော်ရာမှာ အိပ်ပြီး ပြန်လာခဲ့ပါတယ်။

နောက်တစ်နေ့မှာ တရားတစ်ပုဒ် မှတ်မိအောင် နာပြီး ပြန်ပြောပြနိုင်ရင် အသပြာတစ်ထောင် ပေးမယ်လို့ ပြောပြန်တဲ့အတွက် အသပြာတစ်ထောင် ရလိုတဲ့စိတ်နဲ့ တရားကို သေချာအာရုံစိုက်ပြီး နာပါတယ်။ တရားနာရင်း တရားနာရင်း တရားအဓိပ္ပာယ်ကို ထိုးထွင်းသိမြင်သွားရာက တရားနာရင်း တရားအားထုတ်လိုက်တာ သောတာပန် တည်သွားခဲ့ပါတယ်။

မူလရည်ရွယ်ချက်က အသပြာတစ်ထောင်ရဖို့၊ ပိုက်ဆံတစ်ထောင်ရဖို့ပါ။ ဒါပေမဲ့ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ခဲ့ပါတယ်။

မူလ ရည်ရွယ်ချက်က မမှန်ပေမယ့် အလုပ်က မှန်နေရင် အလုပ်ရဲ့ အကျိုးတရားကို ထိုက်ထိုက်တန်တန် အမှန်အတိုင်း ခံစားရမှာ မလွဲပါဘူး။

ကလေးဘဝမှာ မိဘက ပိုက်ဆံပေးမယ်ဆိုလို့ ပိုက်ဆံလိုချင်စိတ်နဲ့ ဥပုသ်စောင့်၊ တရားထိုင်ရာက တဖြည်းဖြည်းနဲ့ ဘာသာရေးအသိဉာဏ်ရင့်ကျက်ပြီး အမှန်အကန် တရားသမားဖြစ်လာတဲ့ လူငယ်၊ လူရွယ်၊ လူကြီးတွေ မျက်မှောက်ခေတ်မှာ မရေမတွက်နိုင်အောင် အများကြီး

http://www.dhammadownload.com

ရှိပါတယ်။

တချို့ နာမည်ကျော် ဆရာတော်ကြီး၊ ဆရာတော်ငယ်တွေ၊ နာမည်ကျော်လူပုဂ္ဂိုလ်တွေလည်း အထင်အရှားရှိပါတယ်။ နာမည်ထုတ်ပြီးရေးရင် ကာယကံရှင်တွေ မကြိုက်မှာစိုးလို့ နာမည်တော့ ထုတ်ဖော်မရေးတော့ပါဘူး။

ဆရာတော်ကြီးတစ်ပါးဆို ဆရာသမား မဖြေစေချင်တဲ့ အဘိဓံသစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးမှ ဆရာသမား မကြိုက်တာ လုပ်ခဲ့မိတဲ့အတွက် နောင်တရပြီး စိတ်ညစ်လွန်းလို့ စိတ်ညစ်တာပျောက်အောင်ဆိုပြီး ရိပ်သာကြီးတစ်ခုမှာ ဝင်ရောက် တရားအားထုတ်ရာက တရားတွေ့သွားပြီး ရည်ရွယ်ချက်တွေ မှန်သွားလိုက်တာ ခုဆို ပြည်တွင်း ပြည်ပ သာသနာပြု ရိပ်သာဆရာတော်ကြီးတစ်ပါး ဖြစ်လို့နေပါပြီ။

နာမည်ကြီးကာစ ဆရာတော်တစ်ပါးဆိုရင်လည်း လူ့ဘဝတုန်းက အိပ်မပျော်တဲ့အတွက် အိပ်ပျော်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တရားအားထုတ်ခဲ့ရာက တရားအရသာတွေ့သွားပြီး နိဗ္ဗာန်ကိုလည်း လိုချင်ရမှန်း သိလာ၊ ဘာသာမဲ့ဘဝကနေလည်း ဗုဒ္ဓဘာသာဝင် ဖြစ်လာတဲ့အပြင် ဇနီး၊ သမီးတို့ကို စွန့်ပြီး ရဟန်းဘဝကိုပါ တက်လှမ်းနိုင်ခဲ့ပါတယ်။

ကမ္ဘာကျော် ဝိပဿနာဆရာကြီး တစ်ယောက်ဆိုရင်လည်း ခေါင်းတစ်ခြမ်းကိုက်တဲ့ရောဂါ ပျောက်ချင်လို့ တရားအားထုတ်ရာက တရားလမ်းမှန် ရောက်သွားလိုက်တာ ခုဆို ရုပ်နာမ်ဒုက္ခချုပ်ငြိမ်းရေး၊ နိဗ္ဗာန်မျက်မှောက်ပြုရေး တရားတွေကို ကမ္ဘာအနှံ့ တွင်တွင်ကျယ်ကျယ်

http://www.dhammadownload.com

ကြီး ဟောပြောလို့နေပါပြီ။

ဒီလို ရည်ရွယ်ချက် ပြောင်းလဲမှန်ကန်သွားသူတွေအကြောင်းကို ပြောပြ၊ ရေးပြလို့တောင် ကုန်နိုင်ဖွယ်မရှိပါဘူး။ ရောဂါပျောက်ချင်လို့ တရားအားထုတ်ရာကနေ တရားအရသာ တွေ့သွားပြီး မဂ်ဖိုလ်နိဗ္ဗာန် ဦးတည်ချက်နဲ့ စွဲစွဲမြဲမြဲ တရားအားထုတ်နေသူတွေ ဒုနဲ့ဒေးပါ။

ဘာဖြစ်ချင်လို့၊ ညာဖြစ်ချင်လို့ဆိုတဲ့ လောကီအကျိုးကို မျှော်ကိုးပြီး တရားအားထုတ်တာကို မဆိုထားနဲ့၊ ဘာအကျိုးကိုမှ မလိုချင်ဘဲ၊ အကျိုးရလိမ့်မယ်လို့လည်း မယုံကြည်ဘဲ လူမှုရေးအရ မလုပ်ရင်မကောင်းတတ်လို့ အားနာပါးနာနဲ့ လုပ်လိုက်မိတဲ့ ဘာသာရေးအလုပ်ကတောင် မျှော်လင့်မထားတဲ့ အကျိုးတရားကြီးကို ဖြစ်ပွားစေခဲ့တဲ့ သာဓက ပိဋကတ်တော်မှာ အထင်အရှား ရှိခဲ့ပါတယ်။

သာဝတ္ထိမြို့က သူရမ္ဗဋ္ဌဆိုတဲ့ သူဌေးတစ်ယောက်ဟာ သာသနာပတိတ္ထိတွေကို အလုပ်အကျွေးပြုနေတဲ့ မိစ္ဆာဒိဋ္ဌိတစ်ယောက် ဖြစ်ပါတယ်။ တစ်နေ့တော့ သူ့ရဲ့ အိမ်တံခါးဝမှာ မြတ်စွာဘုရား ဆွမ်းခံလာရပ်ပါတယ်။ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့အတွက် ကန်တော့ဆွမ်းလောင်းလိုက်ရင် ရပေမယ့် သူရမ္ဗဋ္ဌက အဲဒီလို မလုပ်ပါဘူး။

'ရဟန်းဂေါတမဟာ မင်းမျိုးမင်းနွယ်က ဆင်းသက်လာသူမို့ အမျိုးမြတ်သူဖြစ်တယ်။ လောကမှာလည်း ဘုရားရယ်လို့ အလွန်ထင်ရှားကျော်ကြားသူဖြစ်တယ်။ ဒီလိုပုဂ္ဂိုလ်တစ်ယောက်ကို သွားမတွေ့လို့ မသင့်တော်ပါဘူးလေ' လို့ စဉ်းစားတွေးတောပြီး သူရမ္ဗဋ္ဌဟာ မြတ်စွာဘုရားကို သွားတွေ့ရှိခိုးရုံမက အိမ်ထဲပင့်ပြီး ဆွမ်းဆက်ကပ်လုပ်ကျွေး

ပါတယ်။

ဆွမ်းစားအပြီး မြတ်စွာဘုရားဟောကြားတဲ့တရားကို နာရတဲ့အခါ တရားအဆုံးမှာ သောတာပန်ဖြစ်သွားခဲ့ပါတယ်။ နောက်တော့ သာသနာတော်ကို ဉာဏ်သက်ဝင်ပြီး မတုန်မလှုပ်ကြည်ညိုတဲ့နေရာမှာ အသာဆုံး၊ အမြတ်ဆုံး၊ ဧတဒဂ်ရာထူးကိုတောင် ဆွတ်ခူးရရှိခဲ့ပါတယ်။

လူမှုရေးဝတ္တရားကျေပွန်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်လိုက်တဲ့ တရားအလုပ်က သောတာပတ္တိမဂ်ဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ကျေးဇူးပြုသွားခဲ့တာဟာ အံ့သြစရာမကောင်းဘူးလား။ ဒါဟာ မှန်ကန်တဲ့ တရားတော်ရဲ့ သဘာဝစွမ်းရည်သတ္တိပါ။ တရားက မှန်နေရင် ဘာရည်ရွယ်ချက်နဲ့ပဲလုပ်လုပ် အကျိုးတရားမှန်မှာပါပဲ။

တရားအားထုတ်တဲ့နေရာမှာ ရောဂါပျောက်ရုံ၊ စိတ်ချမ်းသာရုံလေးနဲ့ ကျေနပ်မနေကြနဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ၊ ရဟန္တာဖြစ်သည်အထိ အားထုတ်ပါလို့ ရိုးရိုးလေး တိုက်တွန်းလိုက်ရင် မှန်လည်းမှန်ပါတယ်။ အပြစ်လည်း ကင်းပါတယ်။ ခုတော့ တရားအားထုတ်ဖို့ တိုက်တွန်းသူတွေကို "မှားယွင်း" ဆိုတဲ့ စကားလုံး၊ "မြူဆွယ်"ဆိုတဲ့ စကားလုံးတွေနဲ့ စွပ်စွဲပုတ်ခတ်လာလို့ ဒီစာလေးနဲ့ အကျဉ်းချုပ် ဖြေရှင်းပြလိုက်ရပါတယ်။

ဒါကြောင့် တရားအားထုတ်ချင်သူတွေကိုရော၊ တရားအားထုတ်နေသူတွေကိုပါ "ဘာရည်ရွယ်ချက်နဲ့ပဲ တရား အားထုတ်အား

http://www.dhammadownload.com

ထုတ်၊ တရားကို အားထုတ်ပါ၊ အားထုတ်ဖြစ်ဖို့နဲ့ အားထုတ်နည်း မှန်ကန်ဖို့သာ အဓိကပါ” လို့ လေးလေးနက်နက် ပြောချင်ပါတယ်။

တကယ်တော့လည်း ရောဂါပျောက်အောင် တရားအားထုတ်ပါဆိုတဲ့ တိုက်တွန်းချက်ဟာ မြတ်စွာဘုရားစကားတော်နဲ့ မဆန့်ကျင်ပါဘူး။ မဟာသတိပဋ္ဌာနသုတ္တန်မှာ မြတ်စွာဘုရားရှင်က အကျိုးတရားခုနစ်ပါးရဖို့ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ပါလို့ တိုက်တွန်းတော်မူပါတယ်။

အကျိုးတရား ခုနစ်ပါးက မဂ်ဖိုလ်နိဗ္ဗာန်သက်သက် မဟုတ်ပါဘူး။ စိတ်စင်ကြယ်ဖို့၊ စိုးရိမ်ပူဆွေးမှု, ငိုကြွေးမှု လွန်မြောက်ဖို့နဲ့ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု ချုပ်ငြိမ်းဖို့လည်း ပါပါတယ်။ ရောဂါပျောက်အောင် တရားအားထုတ်ပါဆိုတဲ့ စကားဟာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ချုပ်ငြိမ်းအောင် တရားအားထုတ်ပါ (ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ) ဆိုတဲ့ မြတ်စွာဘုရားစကားတော်နဲ့ တစ်ထပ်တည်းပါပဲ။

ဒါ့ကြောင့် ရောဂါပျောက်အောင် တရားအားထုတ်ပါဆိုတဲ့ တိုက်တွန်းချက်ကို မှားယွင်းစွာ မြှူဆွယ်မှုလို့ စွပ်စွဲခဲ့ရင် မြတ်စွာဘုရားကိုလည်း မှားယွင်းစွာ မြှူဆွယ်သူလို့ စွပ်စွဲရာရောက်ပါတယ်။

ရောဂါပျောက်ချင်လို့ တရားအားထုတ်တာ မကောင်းဘူးလို့ ဆိုလိုက်တာဟာ ရောဂါပျောက်ဖို့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ တရားအားထုတ်ချင်သူ၊ တရားအားထုတ်နေသူကို အားမထုတ်နဲ့လို့ တားမြစ်ပိတ်ပင်လိုက်တာပါပဲ။ ဒါဟာ ဓမ္မန္တရာယ်ဖြစ်ပါတယ်။

လောကအလုပ်တွေထဲမှာ တရားအားထုတ်တဲ့ အလုပ်ဟာ

http://www.dhammadownload.com

အကောင်းဆုံးအလုပ်ဖြစ်ပါတယ်။ ရောဂါပျောက်ဖို့ လုပ်ရမယ့် အလုပ်တွေအများကြီးရှိတဲ့အထဲက အကောင်းဆုံးအလုပ်ဖြစ်တဲ့ တရားအားထုတ်ခြင်းကို ရွေးချယ်လိုက်တာဟာ ကြိုဆိုစရာ အပြုသဘောတစ်ခုပါပဲ။

ထမင်းဟာ ဘာရည်ရွယ်ချက်နဲ့ပဲ စားစား၊ စားသူကို ဗိုက်ပြည့်စေ၊ အားရှိစေမှာဖြစ်သလို တရားဟာလည်း ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ်အားထုတ်၊ အားထုတ်သူကို ငြိမ်းအေးစေ၊ လွတ်မြောက်စေမှာ သေချာပါတယ်။

တရားကို တရားနဲ့တူအောင် အားထုတ်ဖို့တော့ လိုတာပေါ့။ ဘေးလူအထင်ကြီးအောင်ဆိုပြီး တရားသဘော နှလုံးမသွင်းဘဲနဲ့ ငုတ်တုတ်ထိုင်နေရုံသက်သက်နဲ့တော့ ဘာမှ အကျိုးမထူးနိုင်ဘူးပေါ့။ ဒါတောင် ကာယကံထိန်းချုပ်မှုရဲ့ အသီးအပွင့်ကို အနည်းနဲ့အများ ခံစားနိုင်ပါသေးတယ်။

ရောဂါပျောက်ချင်လို့ပဲဖြစ်ဖြစ်၊ နိဗ္ဗာန်လိုချင်လို့ပဲဖြစ်ဖြစ် တရားအားထုတ်ပြီဆိုရင်တော့ သတိ၊ သမာဓိ၊ ပညာ အစရှိတဲ့ ဗောဇ္ဈင်တရားတွေ၊ ဗောဓိပက္ခိယတရားတွေဟာ အားထုတ်မှုအလိုက်၊ ပါရမီအလိုက် ဖြစ်ပေါ်လာတော့တာပါပဲ။

ရောဂါပျောက်တယ်ဆိုတာကလည်း အဲဒီတရားတွေရဲ့ အစွမ်းသတ္တိကြောင့် ပျောက်တာပါ။ ရောဂါပျောက်ချင်တယ်ဆိုတာဟာ အဲဒီ ဗောဇ္ဈင်တရား၊ဗောဓိပက္ခိယတရားတွေ ဖြစ်ချင်တယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

http://www.dhammadownload.com

ထန်းလျက်ဟာ ချိုချင်လို့ စားသူတွေအတွက်လည်း ချိုသလို အစာကြေချင်လို့ စားသူတွေအတွက်လည်း ချိုပါတယ်။

ရောဂါပျောက်ချင်လို့ တရားအားထုတ်တာကို တရားကို ခုတုံးလုပ် အသုံးချတယ်လို့ ကဲ့ရဲ့လိုက်တာဟာ ဗောဇ္ဈင်သုတ်သမိုင်းကြောင်းထဲက မြတ်စွာဘုရားနဲ့ ရဟန္တာ အရှင်မြတ်ကြီးတွေကိုလည်း ကဲ့ရဲ့လိုက်တာပါပဲ။

အရှင်မဟာမောဂ္ဂလာန်နဲ့ အရှင်မဟာကဿပ မကျန်းမမာ ရောဂါစွဲကပ်နေတုန်းက မြတ်စွာဘုရားကိုယ်တော်တိုင် ရောဂါပျောက်အောင် ဗောဇ္ဈင်သုတ် ရွတ်ပေးခဲ့လို့ ရောဂါပျောက်သွားခဲ့ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် မကျန်းမမာ ရောဂါပြင်းထန်တုန်းကလည်း အရှင်စုန္ဒကို မြတ်စွာဘုရား ကိုယ်တော်တိုင် ရောဂါပျောက်အောင် ဗောဇ္ဈင်သုတ်ရွတ်ပေးဖို့ မိန့်တော်မူခဲ့ပါတယ်။ အရှင်စုန္ဒက ရွတ်ပေးလို့ မြတ်စွာဘုရား ရောဂါပျောက်တော်မူခဲ့ပါတယ်။

ဗောဇ္ဈင်သုတ်နာယူတယ်ဆိုတာဟာ ဗောဇ္ဈင်တရားတွေ ဖြစ်ပွားလာအောင် တရားအားထုတ်တာပါပဲ။ မြတ်စွာဘုရားထုံး နှလုံးမူပြီး ရောဂါပျောက်ချင်လို့ တရားအားထုတ်တာဟာ မြတ်စွာဘုရားလမ်းစဉ်လိုက်တာပါပဲ။ ဒီလမ်းစဉ်ကို ကဲ့ရဲ့လိုက်တာဟာ မြတ်စွာဘုရားကိုလည်း တရားကို ခုတုံးလုပ် အသုံးချတယ်လို့ ကဲ့ရဲ့လိုက်တာပါပဲ။

ရောဂါပျောက်ချင်လို့ တရားအားထုတ်တာ မကောင်းဘူးလို့ ဆိုလိုက်ခြင်းအားဖြင့် မြတ်စွာဘုရားဟာ မကောင်းတဲ့အလုပ်၊ ညံ့ဖျင်းသေးသိမ်တဲ့အလုပ်ကို လုပ်တယ်လို့ ဆိုလိုက်ရာရောက်ပါတယ်။

http://www.dhammadownload.com

ရောဂါပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ထစ်ကနဲရှိ ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ကိုပဲ လွဲမှားစွာ အားကိုးနေကြတဲ့ ဒီခေတ်ကြီးထဲမှာ တရားအားထုတ်ခြင်းကို အားကိုးလာတာဟာ မုဒိတာပွားသင့်တဲ့ ကိစ္စရပ်ကြီးတစ်ခုပါ။

အမျိုးသမီးအဆိုတော်တစ်ဦးက ရိပ်သာဆရာတော်ကြီးတစ်ပါးကို သူမ အောင်မြင်ကျော်ကြားအောင် ဘာလုပ်ရမလဲလို့ မေးလျှောက်တော့ ဆရာတော်ကြီးက ဝိပဿနာတရားအားထုတ်ပါလို့ မိန့်တော်မူလိုက်ပါတယ်။

အနုပညာလောကမှာ အောင်မြင်ကျော်ကြားအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့များ အနုပညာသမားအားလုံး တရားအားထုတ်ကြမယ်ဆိုရင် စာရေးသူကတော့ တရားအားထုတ်သူဦးရေ တိုးပွားလာတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေမှာပါပဲ။ မုဆိုးစိုင်သင်ဆိုတာလို တရားက လူကို သင်သွားမှာမို့ ဒီလို ရည်ရွယ်ချက်နဲ့ တရားအားထုတ်တာကို မကောင်းဘူးလို့ စာရေးသူကတော့ ဘယ်တော့မှ မကန့်ကွက်ပါဘူး။

ဒါ့ကြောင့် ထပ်ပြီး ပြောချင်တာက " ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ် အားထုတ်၊ တရားအားထုတ်တာ ကောင်းပါတယ်၊ အားထုတ်ပါ၊ အဟုတ်တကယ် အားထုတ်ဖြစ်ဖို့နဲ့ အားထုတ်ပုံနည်းလမ်းမှန်ဖို့သာ အရေးကြီးပါတယ် "

" ရောဂါပျောက်ချင်လို့ တရားအားထုတ်တာလည်း ကောင်းပါတယ်။ စီးပွားရေး၊ လူမှုရေး အဆင်ပြေတိုးတက်ချင်လို့ တရားအားထုတ်တာလည်း ကောင်းပါတယ်။ စိတ်ဓာတ်ခိုင်မာ ငြိမ်းချမ်းပြီး စိတ်နေ

http://www.dhammadownload.com

သဘောထား ကြီးကျယ် မြင့်မြတ်ချင်လို့ တရားအားထုတ်တာလည်း ကောင်းပါတယ်။ ခန္ဓာဇာတ်သိမ်း ဒုက္ခငြိမ်းချင်လို့ တရားအားထုတ်တာကတော့ အကောင်းဆုံးပါပဲ။"

ဗုဒ္ဓဘာသာဝင်တွေထဲက ဘာသာရေးအသိဉာဏ် နုနယ်သေးသူတွေကို တဖြည်းဖြည်းရင့်ကျက်လာအောင် ဆွဲခေါ်ရမယ့်အစား အသိဉာဏ်ရှုပ်ထွေးပြီး ဇဝေဇဝါထင်ယောင်ထင်မှားဖြစ်အောင် အာဃာတနဲ့ ပွဲလှန့်နေတာကတော့ လုံးဝ မသင့်တော်ဘူးလို့ ထင်ပါတယ်။

ဆရာတော်၊ သမားတော်တွေကလည်း ရည်ရွယ်ချက်နိမ့်နေသူတွေကို မြင့်လာအောင် မေတ္တာ၊ ကရုဏာနဲ့ တဖြည်းဖြည်းချင်း ဆွဲခေါ်မြှင့်တင်နေကြတာပါ။

ဣဿာမစ္ဆရိယအမြင်နဲ့ အမြဲ ကြည့်တတ်သူတွေအတွက် အရာရာတိုင်းဟာ အဆိုးတွေ၊ အပြစ်တွေချည်း ဖြစ်နေမှာပါ။ အရာရာကို ယောနိသောမနသိကာရအမြင်နဲ့ မှန်မှန်ကန်ကန် နားလည် နှလုံးသွင်းတတ်ခြင်းကသာ တကယ့်သူတော်ကောင်းစိတ်ထား ဖြစ်ပါတယ်။

အပ္ပမာဒေန သမ္ပာဒေထ။

**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**

၉-၉-၉၈

[၁၀-၁၁-၉၈ရက်နေ့ထုတ်ပေါ်ပြူလာဂျာနယ်မှ]

■ ရောဂါပျောက်ချင်လို့တရားအားထုတ်တာ
မကောင်းဘူးလို့ဆိုလိုက်တာဟာ
ရောဂါပျောက်ဖို့ရည်ရွယ်ချက်
တစ်ခုတည်းနဲ့တရားအားထုတ်ချင်သူ
တရားအားထုတ်နေသူကို
အားမထုတ်နဲ့လို့
တားမြစ်ပိတ်ပင်လိုက်တာပါပဲ။
ဒါဟာဓမ္မန္တရာယ်ဖြစ်ပါတယ်။

■ လောကအလုပ်တွေထဲမှာ
တရားအားထုတ်တဲ့အလုပ်ဟာ
အကောင်းဆုံးအလုပ်ဖြစ်ပါတယ်။
ရောဂါပျောက်ဖို့လုပ်ရမယ့်
အလုပ်တွေအများကြီးရှိတဲ့အထဲက
အကောင်းဆုံးအလုပ်ဖြစ်တဲ့
တရားအားထုတ်ခြင်းကို
ရွေးချယ်လိုက်တာဟာ
ကြိုဆိုစရာအပြုသဘောတစ်ခုပါပဲ။

■ ရောဂါပျောက်ချင်လို့တရား
အားထုတ်တာလည်းကောင်းပါတယ်။
စီးပွားရေး၊လူမှုရေးအဆင်ပြေ
တိုးတက်ချင်လို့တရား
အားထုတ်တာလည်းကောင်းပါတယ်။
စိတ်ခံစားချက်တွေငြိမ်းချမ်းပြီး
စိတ်နေသဘောထားကြီးကျယ်
မြင့်မြတ်ချင်လို့တရား
အားထုတ်တာလည်းကောင်းပါတယ်။
ခန္ဓာဇာတ်သိမ်းဒုက္ခငြိမ်းချင်လို့တရား
အားထုတ်တာကတော့အကောင်းဆုံးပါပဲ။

http://www.dhammadownload.com

■ အများနဲ့ရောနှောပြီးနေရင်ကိုယ့်စိတ်နဲ့
ကိုယ့်ကိုယ်ဖြစ်ဖို့သိပ်မလွယ်ဘူး။
အများအားဖြင့်သူများစိတ်နဲ့
ကိုယ့်ကိုယ်ဖြစ်နေရတာများတယ်။
အားနာမှုတွေ၊ငဲ့ညှာထောက်ထားရမှုတွေနဲ့
ဘဝဟာလွတ်လပ်မှုမရှိတော့ဘူး။
သူများဆန္ဒကိုဖြည့်ဖြည့်ပေးနေရတာနဲ့
ကိုယ့်ရဲ့တကယ့်ကိုယ်ပိုင်ဆန္ဒတွေဟာ
တဖြည်းဖြည်းနဲ့နောက်ကို
ရောက်ရောက်သွားရတယ်။

■ လမင်းကြီးရဲ့ဘဝကိုသိပ်အားကျတယ်။
လမင်းကြီးဟာလောကလူသားတွေကို
အအေးဓာတ်နဲ့အလင်းဓာတ်
ပေးပြီးကျေးဇူးပြုတယ်။
ဒါပေမယ့် လောကလူသားတွေနဲ့
လိမ်းကျံကပ်ငြိခြင်းမရှိဘူး။
ဝေးဝေးမှာပဲသီးသန့်နေတယ်။
မေတ္တာအအေးဓာတ်နဲ့အသိဉာဏ်
အလင်းဓာတ်ပေးပြီးဝေးဝေးကနေ
ကျေးဇူးပြုနေရတဲ့လူသားလမင်း
ဘဝမျိုးကိုပိုပြီးလိုလားပါတယ်။

■ ဘာသာရေးဆိုတာအဆင့်အတန်း
ရှိတဲ့လူသားတိုင်း၊အဆင့်အတန်း
ရှိလိုတဲ့လူသားတိုင်းအတွက်
မရှိမဖြစ်လိုအပ်တဲ့
အရေးကြီးဆုံးအရာတစ်ခုဖြစ်ပါတယ်။

http://www.dhammadownload.com

မနိုင်ဝန်ကိုမသယ်မရပ်ထမ်းပြီး
စိတ်ပင်ပန်းဆင်းရဲနေမယ့်အစား
ကိုယ်နိုင်တဲ့ဝန်ကိုသယ်သယ်ရပ်ရပ်ထမ်းပြီး
စိတ်ကျေနပ်ချမ်းသာနေရတာက
ပိုကောင်းမယ်ထင်တာလေ. . . ။

# အရှင်ဆန္ဒာဓိကနှင့်တွေ့ဆုံခြင်း

## (ဒုတိယပိုင်း)

**'အရှင်ဘုရား ဓမ္မစာပေတွေ ရေးသားရခြင်းရဲ့ ရည်ရွယ်ချက်လေး သိပါရစေဘုရား'**

'လူသားတိုင်းရဲ့ နှလုံးသားမှာ မြတ်စွာဘုရားရှင်ရဲ့ တရားအဆုံးအမတွေ စိမ့်ဝင်ပျံ့နှံ့သွားစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဓမ္မစာပေတွေ ရေးသားနေတာပါ။ မသိသေးတဲ့အကြောင်းအရာတွေ သိအောင်၊ သိပြီးသားအကြောင်းအရာတွေ ထပ်မံ နှလုံးသွင်းဖြစ်ပြီး လေးလေးနက်နက် ရှင်းရှင်းလင်းလင်း သိအောင်ဆိုတဲ့ မေတ္တာစေတနာ အပြည့်အဝနဲ့ ရေးနေတာပါ။

အရမ်းကို သိနေ၊ တတ်နေတဲ့ 'ဆရာကြီး'တွေအတွက် မရည်ရွယ်ပါဘူး။ ငါမှငါလို့ အထင်ရောက်၊ ဘဝင်မောက်နေတဲ့ 'ဘဝင်

http://www.dhammadownload.com

ကြီး'တွေအတွက်လည်း မရည်စူးပါဘူး။

ရိုးရိုးသားသား သိချင်သူတွေ၊ ကြိုးကြိုးစားစား အားထုတ်ချင်သူတွေ သိနိုင်ကြပါစေ၊ အားထုတ်နိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်သန့်သန့်လေးနဲ့ပဲ ဓမ္မစာပေတွေ ရေးသားနေပါတယ်။

'လူသားတိုင်း' ဆိုတဲ့အထဲမှာ ဦးဇင်းလည်းတစ်ယောက်အပါအဝင်ပါပဲ။ ဦးဇင်းလည်း ဦးဇင်းစာအုပ်တွေရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ ကိုယ့်ဘက်က ပြည့်စုံလွန်းလို့ စာတွေ ရေးနေတာ မဟုတ်ပါဘူး။ ကိုယ်လည်း ဖတ်ဖို့ ဖတ်ပြီး ပြည့်စုံအောင်ကျင့်သုံးဖို့ ရေးနေတာပါ။ ဆရာကြီးလုပ်တာ မဟုတ်ပါဘူး။

ကိုယ်ရေးတဲ့စာတွေက သူတစ်ပါးကို ရင့်ကျက်သွားအောင် မစွမ်းဆောင်နိုင်တောင် ကိုယ့်ကိုယ်ကိုယ်တော့ ရင့်ကျက်အောင် စွမ်းဆောင်သွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။ 'ကိုယ်က သူ့ကို ဆုံးမတာ မဟုတ်၊ ဘုရားက ကိုယ့်ကို ဆုံးမနေတာ' လို့ ကိုယ်ရေးတဲ့စာတွေအပေါ် အမြဲ နှလုံးသွင်းပါတယ်။ ကိုယ့်ကိုယ်ကိုယ် စာရေးပြီး ဆုံးမနေတာလို့ ပြောရင် မမှားပါဘူး။

မလိုလားသူ တချို့က ဦးဇင်းစာရေးနေတာကို ထင်ပေါ်ကျော်ကြားချင်လို့ ရေးနေတာလို့ စွပ်စွဲကဲ့ရဲ့ကြပါတယ်။ ကိုယ့်စိတ်နဲ့ နှိုင်းပြီး ပြောနေကြတာမို့ ပြောကြပါစေ။ ကြား-ကြားတယ်လို့ ရှုမှတ်နေလိုက်ရုံပါပဲ။

**'ဒါဆို အရှင်ဘုရား စာရေးနေတာကို ကဲ့ရဲ့ရှုတ်ချတဲ့သူက ရှိနေတာပေါ့ဘုရား'**

'ဪ. . . ဒကာကြီးရယ်၊ ဘယ်လောက် ကောင်းတဲ့အ

http://www.dhammadownload.com

လုပ်ကိုပဲလုပ်လုပ်၊ ကဲ့ရဲ့ရှုတ်ချမယ့်သူတွေ၊ ဝေဖန်အပြစ်ပြောမယ့် သူတွေ ဆိုတာကတော့ အဆင်သင့်ရှိနေကြစမြဲပဲလေ။ မဆန်းပါဘူး။ ဘုရားရှင်တောင်မှ ကင်းခဲ့တာမှ မဟုတ်ဘဲ။ ဦးဇင်းတို့လို သာမန်လူ တွေကတော့ မပြောနဲ့တော့ပေါ့'

**'ကျော်ကြားမှုနဲ့ ကဲ့ရဲ့မှုအပေါ် အရှင်ဘုရား ဘယ်လို နှလုံး သွင်းပါသလဲ ဘုရား'**

'တကယ်တော့ ဦးဇင်းရဲ့ ပတ်ဝန်းကျင်မှာ ကျော်ကြားမှုဆို တာ မရှိပါဘူး။ သစ်ပင်တောတောင်တွေ၊ ရေတံခွန် စိမ့်စမ်းတွေပဲရှိ ပါတယ်။

ကျော်ကြားမှုဆိုတာ ဦးဇင်းရဲ့ စိတ်အစဉ်မှာရှိတဲ့အရာလည်း မဟုတ်ဘူး။ ဦးဇင်းရဲ့ ပတ်ဝန်းကျင်မှာ ရှိတဲ့အရာလည်း မဟုတ်ဘူး။ ဦးဇင်းကို သိတဲ့သူ၊ အသိအမှတ်ပြုတဲ့သူရဲ့ စိတ်အစဉ်မှာပဲ ရှိတာ ပါ။ ဒါလည်း အမြဲရှိနေတာ မဟုတ်ပါဘူး။ တစ်ခါတစ်ရံ ဦးဇင်းကို သတိရလိုက်တဲ့ အခိုက်မှာပဲ ခေတ္တခဏ ရှိတာပါ။

ကဲ့ရဲ့မှုလည်း ဒီအတိုင်းပဲပေါ့။ ဦးဇင်းရဲ့ စိတ်အစဉ်မှာ ရှိတာ လည်း မဟုတ်ဘူး။ ဦးဇင်းရဲ့ ပတ်ဝန်းကျင်မှာရှိတာလည်း မဟုတ်ဘူး။ ဦးဇင်းကို မလိုလားတဲ့သူ၊ ဦးဇင်းကို မနှစ်မြို့တဲ့သူရဲ့ စိတ်အစဉ်မှာ ပဲ ဦးဇင်းကို သတိရတဲ့အခိုက် ခေတ္တခဏရှိတာပါ။

သူတစ်ပါးရဲ့ စိတ်အစဉ်မှာပဲ တစ်ခါတရံမှ ခေတ္တခဏ ပေါ် လာတတ်တဲ့ ကျော်ကြားမှု၊ ကဲ့ရဲ့မှုဆိုတဲ့ အရာတွေအတွက် ကိုယ်က ဘာလို့ ခံစားနေရမှာလဲ။ ကျော်ကြားမှုကြောင့် စိတ်တက်စရာ မလို သလို ကဲ့ရဲ့မှုကြောင့်လည်း စိတ်ပျက်စရာ မလိုပါဘူး။

http://www.dhammadownload.com

ကျော်ကြားမှုဆိုတာ သူတစ်ပါးရဲ့ စိတ်အစဉ်မှာ 'ဒီလို အရှင်ဆန္ဒာဓိက' လို့ ခေတ္တခဏပေါ်လာတဲ့အတွေးစတစ်ခု၊ ခံစားမှုတစ်ခုပါပဲ။ ကဲ့ရဲ့မှုဆိုတာ သူတစ်ပါးရဲ့စိတ်အစဉ်မှာ 'အရှင်ဆန္ဒာဓိက ဒီလို' လို့ ခေတ္တခဏပေါ်လာတဲ့ အတွေးစတစ်ခု၊ ခံစားမှုတစ်ခုပါပဲ။

'ဒီလို အရှင်ဆန္ဒာဓိက' ဆိုတဲ့ အတွေးစနဲ့ 'အရှင်ဆန္ဒာဓိက ဒီလို' ဆိုတဲ့ အတွေးစနှစ်ခုတို့ရဲ့ကြားမှာ 'ဒီလို' တွေကို ဖျောက်လိုက်ရင် အရှင်ဆန္ဒာဓိကဟာ အရှင်ဆန္ဒာဓိက ပါပဲ။ ဘာနဲ့မှ မရောပါဘူး။ တစ်ယောက်တည်းပါ။ သန့်သန့်လေးပါ။

**'ဒီနေ့အထိ စာအုပ်ဘယ်နှအုပ် ရေးသား ထုတ်ဝေပြီးပါပြီလဲဘုရား'**

'ငါးအုပ်ရှိသွားပါပြီ။ နှုန်းထားအနေနဲ့ ကြည့်မယ်ဆိုရင်တော့ တစ်နှစ်မှ နှစ်အုပ်ပဲ ရေးသားထုတ်ဝေနိုင်ခဲ့ပါသေးတယ်။ ၁၉၉၈ က'တစ်ယောက်တည်းနေ တစ်စိတ်တည်းထား' နဲ့ 'ကိုယ့်စိတ်ကိုယ်စစ်'၊ ၁၉၉၉ က 'မသေခင်ဘာလုပ်ကြမလဲ' နဲ့ 'ရဲရင့်သူတို့၏ နေရာ'၊ ဒီနှစ် ၂၀၀၀မှာတော့ "ငြိမ်းအေးသောဘဝပိုင်ရှင်" တစ်အုပ်ပဲ ထွက်ပါသေးတယ်။

**'အခုဘာစာအုပ်တွေ ရေးနေပါသလဲဘုရား'**

'မကြာခင်ရက်ပိုင်းမှာ 'လောက၌အကောင်းဆုံးသောအရာ' ထွက်ပါလိမ့်မယ်။ လောလောဆယ်တော့ ဝါတွင်းမှာ ထွက်ဖို့ တရားနှစ်ပုဒ်ကို စစ်ဆေးနေပါတယ်။ ထွက်လာရင် ခေါင်းစဉ် သိပါလိမ့်မယ်'

**'အရှင်ဘုရားရဲ့ ပရိယတ်၊ ပဋိပတ် အချိန်ထဲကနေ စာရေးဖို့ အချိန် ဘယ်လိုယူပါသလဲဘုရား'**

http://www.dhammadownload.com

'နေ့စဉ် မနက်ကိုးနာရီကနေ ဆယ်နာရီအထိ တစ်နာရီကို စာရေးချိန် သတ်မှတ်ထားပါတယ်။ ဒါပေမယ့် ဒီနေ့ထိတော့ နေ့စဉ် မရေးဖြစ်သေးပါဘူး။ စာအုပ်အသစ်တစ်အုပ် ထွက်ချိန်တန်ပြီဆိုမှပဲ တစ်ပတ်၊ ဆယ်ရက်လောက် အချိန်ယူပြီး ရေးဖြစ်ပါတယ်။ ရေးရင်တော့ အဲဒီအချိန်မှာပဲ ရေးပါတယ်။ ဖြည့်စွက် ရေးသားချက်တွေများရင်တော့ တစ်ပတ်၊ ဆယ်ရက်မကပါဘူး။ ဖြည့်ရေးရင် ရေးသလောက်ကြာပါတယ်'

**'စာရေးတဲ့အတွက် တရားအားထုတ်ချိန် ထိခိုက်သွားပါသလားဘုရား'**

'နေ့-ပရိယတ်၊ ည-ပဋိပတ်' ဆိုတဲ့ မူနဲ့ အလုပ်လုပ်နေတာဆိုတော့ စာရေးတဲ့အတွက် တရားအားထုတ်ချိန် ထိခိုက်မသွားပါဘူး။ ဒါပေမဲ့ စာဖတ်ချိန်တော့ ထိခိုက်ပွန်းပဲ့သွားပါတယ်။ အများအတွက် စာရေးတိုင်းရေးတိုင်း ကိုယ့်အတွက် စာဖတ်ချိန် လျော့လျော့ သွားပါတယ်။

စာရေးရတာထက် စာဖတ်ရတာက ပိုပြီးအရသာရှိပါတယ်။ စာရေးနေတဲ့အချိန်မှာ စာဖတ်ရတဲ့အရသာ ဆုံးရှုံးနေပါတယ်။ စာဖတ်ရတဲ့အရသာကို စွန့်လွှတ်ပြီးမှ စာရေးရတာပါ။ စာဖတ် ဝါသနာပါသူတစ်ယောက်အတွက်တော့ ကြီးမားတဲ့ စွန့်လွှတ်ခြင်းတစ်ရပ်ပါပဲ။

ကြီးမားတဲ့ စွန့်လွှတ်ခြင်းကို အရင်းတည်ပြီး ရေးရတာမို့ စာရေးတိုင်းရေးတိုင်း စာဖတ်ပရိသတ်ကို အထူးမေတ္တာပို့ပြီးမှ ရေးပါတယ်။ စာဖတ်ပရိသတ် ရှင်းရှင်းလင်းလင်း ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်စေချင်တဲ့ မေတ္တာက ဦးစီးနေတာမို့ စာရေးနေတဲ့

http://www.dhammadownload.com

အချိန်ဟာ ဦးဇင်းအတွက်တော့ မေတ္တာအား အကောင်းဆုံးအချိန်ပါပဲ။

စာဖတ်ပရိသတ် အသိဉာဏ် တိုးတက်မြင့်မားအောင် စွမ်းဆောင်ဖြန့်ဝေပေးနေရတာမို့ စာတစ်လုံး ရေးတိုင်းရေးတိုင်း ပညာပါရမီတွေ တရိပ်ရိပ်တက်လာသလို ခံစားရပါတယ်။ ပညာပါရမီတွေ အတုံးလိုက်အတစ်လိုက် တိုးလာတာကို မျက်စိနဲ့ မြင်နေရသလိုကို စိတ်ထဲမှာ မြင်နေရပါတယ်။

**'စာရေးတိုင်း ပညာပါရမီဖြစ်ပါသလားဘုရား'**

'စာရေးတိုင်းတော့ ပညာပါရမီ မဖြစ်ပါဘူး။ စာဖတ်ပရိသတ်အတွက် အသိအမြင်မှန်ကန်စေတဲ့ ဗဟုသုတကို ပေးနိုင်မှ ပညာပါရမီဖြစ်တာပါ။

အသိဉာဏ်ဖြန့်ဝေမှ ပညာပါရမီဖြစ်တာမို့ စာဖတ်ပရိသတ်ကို အသိအမြင်လွဲမှားစေတဲ့စာ၊ အတင်းအဖျင်း , ကောလာဟလစာ၊ ငယ်ကျိုးငယ်နာဖော်ပြီး ကဲ့ရဲ့ရှုတ်ချတဲ့စာ၊ အပြစ်မရှိ အပြစ်ရှာပြီး ဝေဖန်ပုတ်ခတ်တဲ့စာတွေ ရေးနေလို့ကတော့ ပညာပါရမီ ကုသိုလ်တွေ မရတဲ့အပြင် ဝစီဒုစရိုက်အကုသိုလ်တွေပဲ တနင့်တပိုး ရပါလိမ့်မယ်။

စာမျက်နှာပေါ် ရောက်လာလို့ မလွှဲမရှောင်သာ ဖတ်လိုက်ရတဲ့ စာဖတ်ပရိသတ်ကတော့ ကြံဖန်နှလုံးသွင်းပြီး အသိဉာဏ် တစ်ခုခု ရအောင် ဆွဲယူရမှာပါပဲ။ ရေးတဲ့သူကို ရေးရကောင်းလားလို့ ဒေါသထွက်နေရင် ကိုယ်ပါ အကုသိုလ် အဆစ်ရနေဦးမယ်။

သူ့စေတနာက သူ့ကို ပြန်ပြီး အကျိုးပေးပါလိမ့်မယ်။ စာရေးတယ်ဆိုတာ ကောင်းတာရေးရင်လည်း ကောင်းတဲ့စေတနာ အင်အား

ပြင်းထန်သလို မကောင်းတာရေးရင်လည်း မကောင်းတဲ့စေတနာ အင်အားပြင်းထန်ပါတယ်’

**‘အရှင်ဘုရားရဲ့ တစ်နေ့တာ အချိန်ခွဲဝေသုံးစွဲမှုကို အမိန့်ရှိ ပါဦးဘုရား’**

‘ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ မူအတိုင်း ‘နေ့-ပရိယတ်၊ ည-ပဋိပတ်’ ဆိုတဲ့ လမ်းစဉ်ကို ကျင့်သုံးနေပါတယ်။ သဘာဝအလင်းရောင်ရှိတဲ့ နေ့ပိုင်းမှာ ပရိယတ်အလုပ်ကို အဓိကထားပြီး လုပ်ပါတယ်။ သဘာဝအလင်းရောင် မရှိတဲ့ ညပိုင်းမှာတော့ ပဋိပတ်အလုပ်ကို ပဓာနထားပြီး လုပ်ပါတယ်။ ဒါပေမယ့် ပရိယတ်လုပ်ချိန်မှာလည်း ကြိုးကြားကြိုးကြား ပဋိပတ်ပါသလို၊ ပဋိပတ်လုပ်ချိန်မှာလည်း ကြိုးကြားကြိုးကြား ပရိယတ်ပါပါတယ်။

ပရိယတ်လုပ်ချိန်မှာလည်း အလေးစာ၊ အပေါ့စာ၊ ပါဠိစာ၊ မြန်မာစာ၊ သူ့အချိန်နဲ့သူ ခွဲခြားသတ်မှတ်ပြီး လေ့လာပါတယ်။ ပဋိပတ်လုပ်ချိန်မှာလည်း ဂုဏ်တော်၊ မေတ္တာ၊ ဝိပဿနာ၊ သူ့အခြေအနေနဲ့သူ ချင့်ချိန်နှိုင်းဆပြီး ပွားများပါတယ်’

**‘အရှင်ဘုရား တရားရိပ်သာဖွင့်ဖို့ အစီအစဉ် ရှိပါသလား ဘုရား’**

‘သင်္ကြန်တွင်းတိုင်းတော့ အောက်ကျောင်းမှာ ခုနစ်ရက်စခန်းဖွင့်ပြီး တရားဟော၊ တရားပြ လုပ်ပေးပါတယ်။ (နေမိန္ဒရတောင်ခြေရှိ မြစိမ်းကျောင်း။) တစ်နှစ်တစ်ကြိမ်ပေါ့။ အမြဲတမ်း တရားပြတဲ့ရိပ်သာတော့ ဖွင့်ဖို့ အစီအစဉ်မရှိပါဘူး။ အချိန်အခက်အခဲရှိလို့ပါ။

ဦးဇင်း ကိုရင်ဘဝတုန်းက စစ်ကိုင်းတောင်ရိုး၊ ချောင်တစ်ခု

မှာ တစ်ပါးတည်း ကေစာရီ သီတင်းသုံးနေတဲ့ ဆရာတော်ကြီး တစ်ပါး ဆီမှာ ကမ္မဋ္ဌာန်းနည်းခံခဲ့ဖူးတယ်။ ဆရာတော်ကြီးက အားထုတ်နည်း တစ်ဆင့်ပေးလိုက်ပြီး တစ်ပတ်ပြည့်ရင် ပြန်လာဖို့ မိန့်တယ်။ ဆရာ တော်ဘုရားကျောင်းမှာနေပြီး အားထုတ်ပါရစေဆိုတော့ ကိုယ့်နေရာ မှာကိုယ်ပဲ အားထုတ်ပါ၊ ဒီမှာတော့ လက်မခံပါရစေနဲ့တဲ့။ ဘာလို့လဲ ဘုရားဆိုတော့ တစ်ယောက်လက်ခံ၊ တစ်ယောက်လက်ခံနဲ့ လူများ လာပြီး တော်ကြာ ရိပ်သာဖြစ်သွားလိမ့်မယ်တဲ့။

ရိပ်သာ ဖြစ်သွားတော့ မကောင်းဘူးလား ဘုရား ဆိုတော့ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် စိတ်ဆင်းရဲရမယ်၊ ပြဿ နာပေါင်းစုံ ဖြေရှင်းနေရမယ်တဲ့။ လူရှုပ်ရင် ပြဿနာရှုပ်တယ်တဲ့။ ဒကာက တစ်မျိုး၊ ဒကာမက တစ်မျိုး၊ အမှုဆောင်က တစ်မျိုး၊ မီးဖို ချောင်က တစ်မျိုး၊ ဒီကြားထဲ ဘာသာရေးခုတုံးလုပ်ပြီး ကိုယ်ကျိုးစီး ပွားရှာတဲ့ အပါယ်မကြောက်၊ သံသရာမကြောက်တွေက တစ်မျိုး . . . တဲ့။

အခုတော့ အဲဒီဆရာတော်ဘုရားကြီး ပျံလွန်တော်မူသွားပါ ပြီ။ ဒါပေမယ့် ဆရာတော်ဘုရားကြီးရဲ့ လျှပ်တစ်ပြက် မိန့်ကြားချက်ကို တော့ ဒီနေ့ထိ ဦးဇင်း မမေ့သေးဘူး။ ရင်ထဲမှာ အစဉ်စွဲနေပါတယ်။ အသက်ကြီးလာလေ၊ ပိုသတိရလေပါပဲ’

**‘အရှင်ဘုရားရဲ့ တရားပွဲများမှာ တရားနာပရိသတ် အလွန် များပြားတာ တွေ့ရပါတယ်ဘုရား၊ တစ်နှစ်ကို တရားပွဲ ဘယ်နှပွဲ လောက် ဟောပါသလဲဘုရား’**

‘တရားစခန်းရက်အတွင်းမှာပဲ အဓိကထားပြီး တရားဟော

http://www.dhammadownload.com

ပါတယ်။ အချိန်ပြည့် တရားအားထုတ်နေတဲ့ ယောဂီတွေကို တရားဟောရတာကမှ ပိုပြီး ထိရောက်တယ် ထင်လို့ပါ။

ပြင်ပတရားပွဲတွေကိုတော့ ပင့်တိုင်း လိုက်မဟောပါဘူး။ မလွဲမရှောင်သာတဲ့ တရားပွဲ၊ ငြင်းမကောင်းတဲ့ တရားပွဲတွေလောက်ပဲ ဟောပါတယ်။ တစ်ခါတစ်ရံလောက်ပါပဲ။

ရန်ကုန်မှာ တစ်နှစ်ကို တရားပွဲနှစ်ပွဲပဲ မူသေလက်ခံထားပါတယ်။ တာမွေ၊ ၁၃၃လမ်းနဲ့ ၊ စမ်းချောင်း ကံမြင့်ကျောင်းတိုက်တို့ပါ။ ဦးဇင်းတရား နာချင်တဲ့ တရားနာပရိသတ်များ အဲဒီ နှစ်ပွဲမှာပဲ အားရပါးရ တဝကြီးနာကြပါလို့။

ဦးဇင်းရဲ့ တရားပွဲတွေမှာ တရားနာပရိသတ် များတာက တော့ ဦးဇင်းက တစ်ခါတစ်ရံမှ တရားဟောတာမို့လို့ပါ။ အမြဲတမ်းသာ ပင့်တိုင်းဟောနေရင်တော့ ဦးဇင်းတရားပွဲမှာ လူသိပ်ရှိမှာ မဟုတ်ပါဘူး။ ဦးဇင်းက အသံနေ အသံထားနဲ့ ဆွဲငင်မဟောဘဲ ရိုးရိုး စကားပြောသလို အေးအေးဆေးဆေး ဟောတာ ဆိုတော့ ခဏခဏသာ ဟောရင် လူတွေ ပျင်းသွားကြမှာ သေချာပါတယ်’

**‘တရားပွဲများ လာရောက်ပင့်ဖိတ်တိုင်း ဘာ့ကြောင့် လက်မခံရတာပါလဲဘုရား’**

‘ဟောတရားမှန်သမျှ စာအုပ်ဖြစ်စေရမယ်’ ဆိုတဲ့ မူကိုချမှတ်ထားတဲ့အတွက် တစ်နှစ်ကို တရားသုံးလေးပုဒ်ပဲ ဟောချင်ပါတယ်။ တကယ်တော့ တရားဟောရတာ ဘာမှ မခက်ပါဘူး။ နှစ်ရက် သုံးရက်လောက် အချိန်ယူ ပြင်ဆင်လိုက်ရင် တရား အသစ်တစ်ပုဒ် ကောင်းကောင်း ဟောလို့ ရပါတယ်။ ဒါပေမယ့် ဟောပြီးသားတရားကို စာအုပ်

http://www.dhammadownload.com

ဖြစ်အောင် လုပ်ဖို့ကျတော့ တော်တော် အချိန်ယူရပါတယ်။

တိပ်ခွေထဲကအတိုင်း ကူးယူပြီး တိုက်ရိုက်စာအုပ်ထုတ်လိုက်ရင်တော့ မခက်ပါဘူး။ တစ်ပတ်တစ်အုပ်တောင် ထုတ်လို့ရပါတယ်။ ဒါပေမဲ့ ဦးဇင်းက အဲဒီလို ပြီးစလွယ် ဘယ်တော့မှ မလုပ်ပါဘူး။

အပြင်မှာ စကားပြောသလို ပြောထားတဲ့ မူရင်းစာသားတွေကိုလည်း ဖတ်လို့ချောအောင် ပြင်ဆင်ပါတယ်။ ဖြည့်စွက်သင့် ဖြည့်စွက်ထိုက်တဲ့ စကားလုံးတွေ၊ ဝါကျတွေ၊ စာပိုဒ်တွေ၊ အခန်းကဏ္ဍတွေလည်း လိုအပ်သလို အသစ်ထပ်ဖြည့်ရေးပါတယ်။ နောက်ဆုံး ကွန်ပျူတာစာစီ ပရုဖ်ကိုတောင် သုံးဆင့်လောက် ကိုယ်တိုင်ဖတ်၊ ကိုယ်တိုင်ပြင်ပါတယ်။ စာရေးတဲ့အလုပ်တစ်ခုတည်းရှိတာ မဟုတ်တော့ အချိန်အတော်ကြာ ယူရပါတယ်။

တစ်နှစ်အတွင်း ဟောတဲ့တရားတွေကို တစ်နှစ်အတွင်းမှာပဲ အကုန်လုံး စာအုပ်ဖြစ်သွားစေချင်တဲ့ ဆန္ဒရှိပါတယ်။ ဒါပေမယ့် ဒီနေ့ထိတော့ ဖြစ်မလာသေးဘူး။ အချိန်မပေးနိုင်လို့ပါ။ ဖြစ်အောင် လုပ်သွားမယ်လို့တော့ စိတ်ကူးထားပါတယ်။

ဒီတော့ ဦးဇင်းက အလုပ်ကြွေး မတင်ချင်ဘူး။ ဟောတရားနောက် စာအုပ်က အလျဉ်မီအောင် မလိုက်နိုင်ရင် အလုပ်ကြွေးတင်နေမယ်လေ။ အလုပ်ကြွေးတန်းလန်းနဲ့လည်း မသေချင်ပါဘူး။ ကိုယ်မသေခင် ကိုယ့်ဟောတရားတွေ ကိုယ်ကိုယ်တိုင် စာအုပ်ဖြစ်အောင် လုပ်ပေးသွားမယ်လို့ ဆုံးဖြတ်ထားတယ်။ သေမင်းက ခွင့်မပေးရင်တော့ မတတ်နိုင်ဘူးပေါ့။

တရားပွဲတွေ ပင့်တိုင်းလိုက်မဟောတာ အလုပ်ကြွေးမတင်

http://www.dhammadownload.com

ချင်လို့ပါ။ အချိန်အခက်အခဲရှိလို့ပါ'

**'တရားပွဲလာပင့်တဲ့သူတွေကတော့ အရှင်ဘုရား ငြင်းလိုက်တဲ့အတွက် စိတ်မကောင်းဖြစ်ကြမှာပေါ့ဘုရား'**

'အကြောင်းအကျိုး ရှင်းပြပြီး တောင်းပန်တာကို တချို့က တော့ နားလည်လက်ခံကြပါတယ်။ တချို့ကတော့ ကိုယ့်အလို မပြည့် ရင် ငြိုငြင်တတ်တဲ့ လူ့သဘာဝအတိုင်း မကျေနပ်ကြဘူးပေါ့။ ကွယ်ရာ မှာ 'သိပ်ကြီးကျယ်တာပဲ' လို့တောင် ပြောကြတယ်ဆိုပဲ။

လူတိုင်းမှာ ကိုယ့်ဘဝအတွက် ကိုယ်ကိုယ်တိုင် ချမှတ်ထား တဲ့ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ကျင့်ဝတ်၊ ကိုယ်ပိုင်စည်းကမ်းချက်ဆိုတာ မရှိသင့်ဘူးလား။ ကိုယ့်မူ၊ ကိုယ့်ကျင့်ဝတ်၊ ကိုယ့်စည်းကမ်းချက်ကို လိုက်နာတဲ့အနေနဲ့ ပင့်သမျှတရားပွဲတိုင်းကို လက်မခံတာ၊ မဟောတာ ကိုယ့်အပြစ်လား။

ကိုယ့်လိုအင်ဆန္ဒ မပြည့်ဝတာနဲ့ဘဲ ဖြည့်မပေးသူကို ကြီး ကျယ်တယ်လို့ အပြစ်ပြောတာ သဘာဝကျပါ့မလား။ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာမူ၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ထိပါး စော် ကားရာ မရောက်ဘူးလား။

ကိုယ့်မူ၊ ကိုယ့်လွတ်လပ်ခွင့်က သူတစ်ပါးကို ထိခိုက်ပျက်စီး အောင် လုပ်နေတာမှ မဟုတ်ဘဲ။ ကိုယ့်ခံယူချက်နဲ့ကိုယ်၊ ကိုယ့်ဦးတည် ချက်နဲ့ကိုယ်၊ အေးအေးဆေးဆေး နေနေတာပဲ။ လူတကာရဲ့ လိုအင်၊ လူတိုင်းရဲ့ ဆန္ဒကို တစ်ယောက်တည်းက အကုန် ဖြည့်ပေးဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာနော်'

**'ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ရှေ့**

http://www.dhammadownload.com

**ဆက်ပြီး ဘယ်လို သာသနာပြုလုပ်ငန်းတွေ လုပ်ဖို့ စိတ်ကူးထားပါသလဲဘုရား'**

'ဒီအတိုင်းပဲ ကောင်းပါတယ် ဒကာကြီးရယ်၊ ကိုယ့်ကျန်းမာရေး၊ ကိုယ့်ပင်ကိုစရိုက်နဲ့ အကိုက်ညီဆုံး၊ အလိုက်ဖက်ဆုံး သာသနာပြုနည်းကတော့ အခုလို တောထဲတောင်ထဲမှာ တစ်ယောက်တည်းနေပြီး စွမ်းနိုင်သမျှ သာသနာပြုတဲ့နည်းပဲလို့ ဦးဇင်း ထင်တယ်လေ။ ကိုယ်လည်း စွမ်းနိုင်သမျှကျင့်၊ သူတစ်ပါးကိုလည်း စွမ်းနိုင်သမျှ အကျင့်ခိုင်း၊ မဟုတ်ဘူးလား။ ဦးဇင်းရဲ့ ကိုယ်ရေး ကိုယ်တာဘဝနဲ့ အံဝင်ခွင်ကျအဖြစ်ဆုံး သာသာနာပြုနည်းကို ဦးဇင်း ရွေးချယ်ရမယ် မဟုတ်လား။

လူတိုင်းမှာ ကိုယ်အားကျတဲ့ ဘဝပုံစံတစ်ခုတော့ ရှိကြစမြဲပါ။ ဒါပေမယ့် တခြားလူတစ်ယောက်ရဲ့ ဘဝပုံစံကို ထပ်တူထပ်မျှ ပုံတူကူးချဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်။ ဖြစ်နိုင်တယ်ပဲထား၊ ဦးဇင်းကတော့ သူတစ်ပါးရဲ့ ဘဝပုံစံကို ဘယ်တော့မှ ထပ်တူထပ်မျှ ပုံတူကူးမချချင်ပါဘူး။ ကိုယ့်ပုံစံနဲ့ကိုယ်၊ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ်ပဲ ကိုယ့်ဘဝကို တည်ဆောက်ချင်ပါတယ်။ လူငယ်စကားနဲ့ ပြောရရင် ကိုယ့်စတိုင်လ်နဲ့ကိုယ်ပေါ့။

ကိုရင်ဘဝကတည်းက ဦးဇင်းအားကျခဲ့တဲ့ ဘဝပုံစံကတော့ (ပထမ)သပိတ်အိုင်တောရဆရာတော်ဘုရားကြီး (ဦးကိတ္တိ) ရဲ့ ဘဝပုံစံပါပဲ။ ဆရာတော်ဘုရားကြီးက ရာသက်ပန်တောထဲတောင်ထဲမှာပဲ တစ်ပါးတည်းနေသွားခဲ့ပါတယ်။ ပျံလွန်တော်မူတာတောင် အနားမှာ ဘယ်သူမှ မရှိခဲ့ပါဘူး။

စာသင်တိုက်တွေ တည်ထောင်၊ ရိပ်သာတွေ ဖွင့်လှစ်ပြီး သာသနာပြုနေကြတဲ့ ဆရာတော်၊ သံဃာတော်တွေကို အရမ်းကြည်ညိုပါတယ်။ အရမ်းလေးစားပါတယ်။ သူတို့ရဲ့ အောင်မြင်မှုတွေကိုလည်း အရမ်းဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒါပေမယ့် ကိုယ်ကိုယ်တိုင်တော့ စာသင်တိုက်လည်း တည်ထောင်ဖြစ်မှာ မဟုတ်ပါဘူး။ ရိပ်သာလည်း ဖွင့်လှစ်ဖြစ်မှာ မဟုတ်ပါဘူး။ သူတို့လို မစွမ်းနိုင်လို့ပါ။

မနိုင်ဝန်ကို မသပ်မရပ် ထမ်းပြီး စိတ်ပင်ပန်းဆင်းရဲနေမယ့်အစား ကိုယ်နိုင်တဲ့ဝန်ကို သပ်သပ်ရပ်ရပ် ထမ်းပြီး စိတ်ကျေနပ်ချမ်းသာနေရတာက ပိုကောင်းမယ်ထင်တယ်လေ။

ဝန်တစ်ခုကို နိုင်တယ်၊ မနိုင်ဘူးဆိုတာက ဘေးလူ အမြင်နဲ့ သတ်မှတ်လို့မရပါဘူး။ ကာယကံရှင်ရဲ့ ဘဝအတွေ့အကြုံ၊ ဘဝခံစားချက်၊ ကျန်းမာရေးအခြေအနေ၊ ပင်ကိုစရိုက်လက္ခဏာ၊ စိတ်နေသဘာဝ . . . စတဲ့ အကြောင်းတရားအမျိုးမျိုးအပေါ် မူတည်ပြီး ကာယကံရှင်ကိုယ်တိုင်ကပဲ သတ်မှတ်လို့ရပါတယ်။ ဘယ်ဝန်ကို ကိုယ်ထမ်းနိုင်တယ်၊ မထမ်းနိုင်ဘူးဆိုတာ ကာယကံရှင်က အသိဆုံးပါ။

ကိုယ်လည်း အေးအေးချမ်းချမ်းနေရ၊ အများအတွက်လည်း တကယ်ထိရောက်၊ သာသနာအတွက်လည်း ရေရှည်တည်တံ့တဲ့ 'တစ်ယောက်တည်းနေပြီး စာရေးတဲ့သာသနာပြုနည်း' ကိုတော့ ဦးဇင်း အနှစ်သက်ဆုံးပါပဲ'

**'ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့ တည်ထောင်ရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းအခြေအနေကိုလည်း သိပါရစေဘုရား'**

'ဦးဇင်းရဲ့ တရားစာအုပ်တွေကို အရည်အသွေး ကောင်း

http://www.dhammadownload.com

ကောင်းနဲ့ စီးပွားရေးလုံးဝမဖက် သာသနာ့အကျိုးသက်သက် အတွက် ထုတ်ဝေသွားဖို့ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့ကို တည်ထောင်ထားတာပါ။ ဦးဇင်းဟောပြောရေးသားတဲ့ တရားစာအုပ်မှန်သမျှကို ဒီအဖွဲ့တစ်ခုတည်းကပဲ မူပိုင်အဖြစ် ထုတ်ဝေဖြန့်ချိ သွားပါလိမ့်မယ်။ ရွှေပါရမီတောရကျောင်းရဲ့ တရားဝင်အဖွဲ့အစည်းတစ်ခုပါပဲ။

စာအုပ်ထုတ်ဝေဖြန့်ချိခြင်းကြောင့် ထွက်ပေါ်တိုးပွားလာတဲ့ အလှူငွေတွေကို သာသနာအတွက် တကယ်လိုအပ်တဲ့ နေရာဌာနတွေမှာ သင့်တော်သလို ခွဲဝေလှူဒါန်းသွားမှာပါ။ အခုလည်း စွမ်းနိုင်သမျှ လှူဒါန်းနေပါတယ်။ ငွေပင်စိုက်ထူလှူဒါန်းသူတွေ၊ စာအုပ်စီစဉ်ဆောင်ရွက်သူတွေ၊ စာအုပ်ဝယ်ယူဖတ်ရှုသူတွေ၊ ရွှေပါရမီဓမ္မစာပေနဲ့ ပတ်သက်သူအားလုံးရဲ့ သာသနာပြုမဟာကုသိုလ်ကောင်းမှုပါပဲ။

ဒီအဖွဲ့အတွက် ဘယ်သူ့ဆီကမှ အလှူမခံပါဘူး။ ကိုယ့်သဒ္ဓါဆန္ဒနဲ့ ကိုယ့်အလိုအလျောက် လာရောက်လှူဒါန်းသူတွေကိုပဲ ချီးမြှောက်တဲ့အနေနဲ့ လက်ခံတာပါ။ ဓမ္မစာပေ ငွေပဒေသာပင်တွေအတွက် ရေစက်ချတရားပွဲလုပ်ပေးဖို့ လျှောက်ထားကြတာတောင် အလှူခံသလိုဖြစ်သွားမှာစိုးလို့ လုံးဝ မဟောပါဘူး။

ဒီနေ့အထိ အဖွဲ့က စာအုပ်ငါးအုပ် ထုတ်ဝေပြီးသွားပါပြီ။ ရှေ့ဆက်ပြီးတော့လည်း အရည်အသွေးကောင်းကောင်း၊ အရှိန်အဟုန်ကောင်းကောင်းနဲ့ ရွှေပါရမီတရားစာအုပ်တွေ အဆက်မပြတ်ထုတ်ဝေဖြန့်ချိသွားပါလိမ့်မယ်'

**'အရှင်ဘုရားရဲ့ ဘာသာရေးယုံကြည်ချက်နဲ့ ဗုဒ္ဓဘာသာရဲ့ သတ္တဝါများအပေါ် အကျိုးပြုပုံကို အကျဉ်းမျှ ရှင်းပြပေးစေလိုပါ**

http://www.dhammadownload.com

**တယ် ဘုရား'**

'ဘာသာရေးဆိုတာ အဆင့်အတန်းရှိတဲ့ လူသားတိုင်း၊ အဆင့်အတန်းရှိလိုတဲ့ လူသားတိုင်းအတွက် မရှိမဖြစ် လိုအပ်တဲ့ အရေးကြီးဆုံးအရာတစ်ခု ဖြစ်ပါတယ်။ ဘာသာရေးကို လုံးဝ ပစ်ပယ်ထားတဲ့သူ၊ လုံးဝ မပစ်ပယ်တောင်မှ အလေးအနက်မထားတဲ့သူဟာ ဘယ်လိုနည်းနဲ့မှ အဆင့်အတန်းရှိတဲ့ လူတစ်ယောက်၊ ကြီးကျယ်မြင့်မြတ်တဲ့လူတစ်ယောက် ဖြစ်မလာနိုင်ပါဘူး။

ဗုဒ္ဓဘာသာဟာ သတ္တဝါအားလုံးရဲ့ ပစ္စုပ္ပန်ဘဝငြိမ်းချမ်းရေး၊ သံသရာဘဝ ပြည့်စုံရေးနဲ့ ဆင်းရဲဒုက္ခအားလုံးမှ အပြီးတိုင် လွတ်မြောက်ရေးအတွက် အားအကိုးထိုက်ဆုံး ဘာသာတစ်ခုပါ။

ဗုဒ္ဓဆိုတာ အမှန်တရားကို သိသူ၊ ဘာသာဆိုတာ စကား၊ ဗုဒ္ဓဘာသာဆိုတော့ အမှန်တရားကို သိသူရဲ့စကားပေါ့။ အမှန်တရားကိုသိပြီး အမှန်တရားကိုညွှန်ကြားပြောဆိုနေသူတစ်ယောက်ရဲ့ စကားတွေဟာ လိုက်နာကျင့်သုံးသူအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းမယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ မရှိပါဘူး။

များများမလိုက်နာရင် နေပါ။ 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဆိုတဲ့ ဗုဒ္ဓစကားသုံးခွန်းကို ပြတ်ပြတ်သားသား လိုက်နာကျင့်သုံးမယ်ဆိုရင်ပဲ လူသားအပါအဝင် သက်ရှိလောကကြီး ဘယ်လောက်ငြိမ်းချမ်းသွားလိုက်မလဲ။

'မသတ်၊ မခိုး၊ မမှား၊ မညာ၊ မသောက်' ဆိုတဲ့ 'မ-ငါးလုံး' 'ငါးပါးသီလ' တပြေးညီ မြဲမြံကြမယ်ဆိုရင်ပဲ ကမ္ဘာကြီး တော်တော်ငြိမ်းချမ်းနေပါပြီ။

http://www.dhammadownload.com

'မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ပါ' ဆိုတဲ့ ပထမ ဗုဒ္ဓစကားက သတ္တဝါအားလုံးရဲ့ ပစ္စုပ္ပန်ဘဝငြိမ်းချမ်းရေးကို အကျိုးပြုပါတယ်။ 'ကောင်းမှုမှန်သမျှ ပြုလုပ်ပါ' ဆိုတဲ့ ဒုတိယ ဗုဒ္ဓစကားက သတ္တဝါအားလုံးရဲ့ သံသရာဘဝပြည့်စုံရေးကို အကျိုးပြုပါတယ်။ 'စိတ်ကို ဖြူစင်အောင် အားထုတ်ပါ' ဆိုတဲ့ တတိယ ဗုဒ္ဓစကားက သတ္တဝါအားလုံးကို ဆင်းရဲဒုက္ခအားလုံးမှ အပြီးတိုင် လွတ်မြောက်အောင် အကျိုးပြုပါတယ်။ ဒါက ယေဘုယျသဘောရှင်းအောင်ပြောတာပါ။ အကြောင်းသုံးမျိုးလုံးက အကျိုးသုံးမျိုးလုံးကို ပြည့်စုံစေနိုင်တာချည်းပါပဲ။

**'ဗုဒ္ဓဘာသာဝင်များအတွက် ဘာသာရေးနဲ့ ပတ်သက်တဲ့ စကားလက်ဆောင်လေးတစ်ခု အင်တာဗျူးဂျာနယ်ကတစ်ဆင့် ချီးမြှင့် တော်မူပါ ဘုရား။'**

"အုတ်မြစ်ခိုင်မာပြီး ကိုယ်ထည်လှပတဲ့ ဘာသာရေး စံအိမ်လေးတွေ တည်ဆောက်ကြပါ" လို့ လက်တို့စကားပြောပါရစေ။ ဦးဇင်းအတွက်ရော၊ အားလုံးအတွက်ပါ မေတ္တာနဲ့ သတိပေးတာပါနော်။

အုတ်မြစ်ခိုင်မာတယ်ဆိုတာကတော့ ကံနဲ့ ကံရဲ့အကျိုးကို အလေးအနက် ယုံကြည်လိုက်နာတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ခိုင်မြဲတာကို ပြောတာပါ။ ကိုယ်ထည်လှပတယ်ဆိုတာကတော့ ခန္ဓာအရှိကို အမှန်အတိုင်းသိအောင် စောင့်ကြည့်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိ စွဲမြဲတာကိုပြောတာပါ။

'ဝိပဿနာ၊ ဝိပဿနာ' နဲ့ အသံကောင်းဟစ်ပြီး မဟုတ်တာတွေ လုပ်နေမယ်၊ မမှန်တာတွေ လုပ်နေမယ်ဆိုရင် ကိုယ့်ရဲ့ ဘာသာရေးစံအိမ်ဟာ ကိုယ်ထည်လှသလိုလိုနဲ့ (တကယ်တော့ မလှပါဘူး)

http://www.dhammadownload.com

အုတ်မြစ်ယိုင်နဲ့နေတာမို့ မကြာခင် ပြိုလဲပျက်စီးသွားမှာပါ။

'စိတ်ကောင်းထားရင် ပြီးတာပဲ၊ မဟုတ်တာမမှန်တာ မလုပ်ရင် ပြီးတာပဲ' ဆိုပြီး ကုသိုလ်အလုပ်၊ တရားဘာဝနာအလုပ်တွေကို မျက်နှာလွှဲထားမယ်ဆိုရင် ကိုယ့်ရဲ့ဘာသာရေးစံအိမ်ဟာ အုတ်မြစ်ခိုင်သလိုလိုနဲ့ (တကယ်တော့မခိုင်ပါဘူး) ကိုယ်ထည် စုတ်ပြတ်နေတာမို့ မကြာခင် ဟောင်းနွမ်းယိုယွင်းသွားမှာပါ။

ကံနဲ့ ကံရဲ့အကျိုးကို အလေးအနက် ယုံကြည်တဲ့စိတ်နဲ့ မကောင်းမှုမှန်သမျှ ရှောင်ကြဉ်မယ်၊ ကောင်းမှုမှန်သမျှ ပြုလုပ်မယ်ဆိုရင် ကိုယ့်ရဲ့ ဘာသာရေးစံအိမ်ဟာ အုတ်မြစ်ခိုင်မာနေပါပြီ။ သမထ၊ ဝိပဿနာ၊ ဘာဝနာအလုပ်တွေကို အားမှလုပ်မယ်လို့ ဆင်ခြေမပေးဘဲ လူမှုကိစ္စ၊ အိမ်မှုကိစ္စ လုပ်နေရင်းနဲ့လည်း သတိကြီးကြီး၊ ဉာဏ်ကြီးကြီး ထားပြီး လုပ်သွားမယ်၊ အဆင်ပြေသလို သီးသန့်အချိန်ပေးပြီးလည်း လုပ်သွားမယ်ဆိုရင် ကိုယ့်ရဲ့ ဘာသာရေးစံအိမ်ဟာ ကိုယ်ထည်လှပနေပါပြီ။

အုတ်မြစ်လည်း ခိုင်မာ၊ ကိုယ်ထည်လည်း လှပနေပြီဆိုရင် မကြာခင်မှာပဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဆိုတဲ့ အမိုးလှလှလေးတွေ အလိုအလျောက် တပ်ဆင်ပြီးသား ဖြစ်သွားမှာပါ။ အဲဒီအခါကျရင် ကိုယ့်ရဲ့ ဘာသာရေးစံအိမ်ဟာ တစ်လောကလုံးမှာ အခံ့ညား အထည်ဝါဆုံး စံအိမ်၊ အကြီးကျယ် အမြင့်မြတ်ဆုံး စံအိမ် ဖြစ်သွားပြီပေါ့။

ဦးဇင်းတို့အားလုံး အုတ်မြစ်ခိုင်မာပြီး ကိုယ်ထည်လှပတဲ့ ဘာသာရေးစံအိမ်လေးတွေ တည်ဆောက်သွားကြပါစို့နော်။

အရေးကြီးဆုံး စကားတစ်ခွန်းနဲ့ နောက်ဆုံး နှုတ်ဆက်လိုက်

http://www.dhammadownload.com

ပါရစေ။ 'အပ္ပမာဒေန သမ္ပာဒေထ' လို့။ မြန်မာလိုတော့ 'မမေ့ကြ ကြေး' ပေ့ါနော် ။

**ကိုသက်**

အတိုင်ပင်ခံအယ်ဒီတာ

အင်တာဗျူးဂျာနယ်

[အင်တာဗျူးဂျာနယ်၊ ဩဂုတ်လ၊စက်တင်ဘာလ၊ ၂၀၀၀ ပြည့်နှစ်]

[ မှတ်ချက်။ ။ ကိုသက်၏ မေးခွန်းများကို အရှင်ဆန္ဒာဓိက ကိုယ်တိုင် ရေးသားဖြေဆိုပေးထားပါသည်။ ]



http://www.dhammadownload.com

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

